# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် နယုန်လပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday 30 May 2018 ၄၃၀၂




## နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ


သတင်း စာမျက်နှာ » ၃


## အမုန်တရားအချို့ ပေါ်ပေါက်ချိန် မြန်မာအပေါ် နိုင်ငံတကာ ရှုမြင်ပုံပြောင်းလဲရန် မျှော်လင့်


စာမျက်နှာ » ၆


## ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ


စာမျက်နှာ » ၈




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် Ms. Virginia Gamba အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ကုလအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၉

**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာအထူးကိုယ်စားလှယ် Ms. Virginia Gamba ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့်ကုလသမဂ္ဂ ( Country Task Force on Monitoring and Reporting-CTFMR)တို့ အကြား ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် ကလေးစစ်သားစုဆောင်းမှုအား ကာကွယ်ရေးအတွက် ပူးတွဲလုပ်ငန်းစီမံချက် အမြန်ဆုံး အောင်မြင်စွာပြီးမြောက်စေလိုပါကြောင်း၊ ကလေးသူငယ်အခွင့်အရေးကာကွယ်ရေးအတွက် မြန်မာနိုင်ငံနှင့် ပိုမိုပူးပေါင်းဆောင်ရွက်သွားလိုပါကြောင်း၊ မြန်မာနိုင်ငံလွှတ်တော်မှ အတည်ပြုရန်ရှိသည့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေမူကြမ်းသည် ကောင်းမွန်သည့် ဥပဒေမူကြမ်းဖြစ်သည့်အတွက် အမြန်ဆုံးအတည်ပြုနိုင်ရေးအတွက် ကူညီပေးစေလိုပါကြောင်း ပြောကြားသည်။


စာမျက်နှာ ၉ ကော်လံ ၅ သို့ ☆


# အားကောင်းသောမုန်တိုင်းငယ် အမ်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိ

## ရခိုင်ပြည်နယ်အတွင်း ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်ထားရှိ

**မောင်တော မေ ၂၉**

ဘင်္ဂလားပင်လယ်အော်အတွင်းမှ လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာကာ အားကောင်းသောမုန်တိုင်းငယ်အဖြစ် ရောက်ရှိခဲ့ပြီး ရခိုင်ပြည်နယ် အမ်းမြို့အနီးမှ ယနေ့ည ၉ နာရီတွင် ကုန်းတွင်းပိုင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့သည်။ အဆိုပါ အားကောင်းသော မုန်တိုင်းငယ်သည် ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် ဆက်လက်တည်ရှိကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားပြီး အညိုရောင်အဆင့် သတ်မှတ်ထားသည်။ မုန်တိုင်းအန္တရာယ်ကာကွယ်ကူညီပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ ခု တွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိကြောင်း ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးမှ သိရသည်။

ယနေ့နံနက်ပိုင်းတွင် မောင်တောခရိုင် မောင်တောမြို့နယ်အတွင်း အများပြည်သူဘေးကင်းစေရန်အတွက် မြို့နယ်မီးသတ်ဦးစီးမှူးရုံးမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးဆောင်၍ တာဝန်ရှိသူများနှင့်ပူးပေါင်းကာ မောင်တောမြို့ပေါ်ရပ်ကွက်များ၌ မုန်တိုင်းသတိပေးချက်များ လှည့်လည်ကြေညာပေးနေသည်ကို တွေ့ရှိရသည်။


စာမျက်နှာ ၉ ကော်လံ ၅ သို့ ○



KBZ BANK
STRENGTH OF MYANMAR
'BANK OF THE YEAR IN MYANMAR 2017'
Awarded by Financial Times (The Banker)

# ကြေးမုံ

## နယ်စပ်တည်ငြိမ်အေးချမ်းရေးကို အလေးထားရေးရှုဆောင်ရွက်

ပြဿနာရှိလျှင် အဖြေရှိသည်ဟု အဆိုရှိသည်။ ပြဿနာကို တစ်ဖက်တည်း ဖြေရှင်း၍မရ၊ နှစ်ဖက် ဓမ္မဓိဋ္ဌာန်ကျကျဖြေရှင်းမှ အောင်မြင်နိုင်မည်။ ဖြစ်ပေါ်နေသော ရခိုင်ပြည်နယ်အရေး၊ တစ်ဖက်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအရေးကို ကိုင်တွယ်ဖြေရှင်းရာတွင် သတ်မှတ်ထားသော ဥပဒေစည်းမျဉ်းနှင့်အညီ နှစ်ဖက်ကိုင်တွယ်ဖြေရှင်းမှ အောင်မြင်နိုင်မည်။ နှစ်နိုင်ငံနယ်စပ်တွင် ဖြစ်ပေါ်နေသော ကိစ္စများနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရက အဆင်ပြေအောင် ပူးပေါင်းဆောင်ရွက်မှုများ မည်မျှပင်မြှင့်တင်ဆောင်ရွက်နေသော်လည်း အဆင်ပြေမှု ရှိခြင်း၊ မရှိခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းခြင်း၊ မကောင်းခြင်းအပေါ်တွင် မူတည်သည်။

မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး မြန်မာပိုင်နက်အတွင်း လူမနေရန် သတ်မှတ်ထားသောနေရာတွင် ဒုက္ခသည်များရောက်ရှိနေထိုင်မှုတိုးပွားနေရာ စတင်နေထိုင်စဉ်ကတည်းက မြန်မာနိုင်ငံမှ တာဝန်ရှိသူများက လူနေထိုင်ရန်နေရာမဟုတ်သဖြင့် ဖယ်ရှားပေးရန် နေ့စဉ်သတိပေးပြောကြားလျက်ရှိသည်။ ထိုသို့ တရားမဝင်ဝင်ရောက် နေထိုင်မှုနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ လှုပ်ရှားဆောင်ရွက်မှုများသည် သဘောရိုးမဟုတ်ဟု ထင်မြင်ယူဆပါသည်။

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းသည် မြန်မာနိုင်ငံ ပိုင်နက်နယ်မြေဖြစ်သည်။ ထိုနေရာတွင် နှစ်နိုင်ငံသဘောတူညီချက်အရ လူနေထိုင်ခွင့်မရှိချေ။ သို့သော် ဒုက္ခသည်ဆိုသူများ တစ်စတစ်စတိုးပွားနေထိုင်လာသည်။ တစ်ချိန်တည်းတွင် ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း၌ ခိုအောင်းရန်ကျင်းများ၊ ဘန်ကာများ၊ အဆောက်အအုံများနှင့် စီစီတီဗွီကင်မရာများ တပ်ဆင်ထားသည်။ လူမနေထိုင်ရသည့်နေရာတွင် လာရောက်နေထိုင်ကြသူများမှာ စားဝတ်နေရေးနှင့် စားနပ်ရိက္ခာဆေးဝါးများ လုံလုံလောက်လောက်မပါသော်လည်း ၎င်းတို့ရေရှည်ရပ်တည် နေထိုင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများက ကူညီထောက်ပံ့ပေးနေပြီး ထိုသို့ကူညီထောက်ပံ့ပေးမှုများကို ဘင်္ဂလားဒေ့ရှ်အစိုးရက ခွင့်ပြုပေးထားသည့်သဘောရှိသည်။

မြန်မာနိုင်ငံအစိုးရအနေဖြင့် လူမနေထိုင်ရသည့် နယ်နိမိတ်မျဉ်းတွင် ရောက်ရှိနေထိုင်နေသူများအား ဖယ်ရှားရှင်းလင်းနိုင်စွမ်းရှိသည်။ အကယ်၍ ဖယ်ရှားရှင်းလင်းမည်ဆိုပါက ၎င်းတို့တပ်ဆင်ထားသော စီစီတီဗွီများ၊ ဓာတ်ပုံမှတ်တမ်းများဖြင့် မြန်မာနိုင်ငံမှ လူ့အခွင့်အရေးချိုးဖောက်သယောင် ကမ္ဘာသို့အသိပေးနိုင်အောင် ထိုးနှက်မှုအသစ်များ စီစဉ်ဖန်တီးထားသည်ဟု သုံးသပ်မိပါသည်။ အဆိုပါကိစ္စသည် မြန်မာနိုင်ငံအပေါ် နိုင်ငံတကာဖိအားများ ပြန်လည်များပြားလာစေရန် ထောင်ချောက်ဆင်ထားသည်နှင့်တူသည်။ မြန်မာနိုင်ငံအနေဖြင့်မူ သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

နှစ်နိုင်ငံနယ်နိမိတ်မျဉ်းအနီး နေထိုင်ကြသူများတွင် အကြမ်းဖက်သမားများပါဝင်နေကြောင်း သိရှိရသည်။ ထိုနေရာတွင် နေထိုင်ကြသူများအား ခေါင်းဆောင်သူမှာ ARSA အကြမ်းဖက်အဖွဲ့ကို အခိုင်အမာထောက်ခံအားပေးနေသူဖြစ်ပြီး နေရပ်စွန့်ခွာသွားသူများနှင့် ရောနှောနေထိုင်ကာ ၎င်းတို့၏ရည်ရွယ်ချက်ကို အကောင်အထည်ဖော်နိုင်ရန် ကြံစည်အားထုတ်နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများကို နှစ်နိုင်ငံညှိနှိုင်းပြီး အမည်စာရင်း ပေးပို့ခြင်း၊ လိုအပ်သည့်ပုံစံများတွင် ဖြည့်စွက်၍ နှစ်နိုင်ငံသဘောတူညီထားသည့်အတိုင်း ပြန်လည်လက်ခံရေးစခန်းများတွင် စနစ်တကျပြန်လည်စစ်ဆေးလက်ခံခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ နှစ်နိုင်ငံသဘောတူညီချက်များနှင့်အညီ ပြန်လည်လက်ခံရေးအစီအစဉ်များကို မြန်မာနိုင်ငံက အလေးထားဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ ဥပဒေနှင့်မညီသော လုပ်ရပ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်းမှာ မသင့်လျော်ဘဲ နှစ်နိုင်ငံ နယ်စပ်တည်ငြိမ်အေးချမ်းရေးအတွက် အလေးထားရှေးရှုဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါသည်။ ။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei AL-Emadi အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဦးထင်လင်းအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် မေ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ သံအမတ်ကြီး ဦးထင်လင်းအား ဘရူနိုင်းဒါရုဆလမ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် မေ ၂၉**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၉၃၂၅၀၀ | - | ၉၃၂၅၀၀ |
| မန္တလေး(ရွှေဈေး) | ၉၃၂၅၀၀ | - | ၉၃၂၅၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၀၀/၉၁၅ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၉၀/၁၀၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၆၅/၈၈၀ ကျပ်၊ | ၉၅၀/၉၆၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၁၅/၉၃၀ ကျပ်၊ | ၉၆၅/၉၇၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၇၅/၈၈၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၀/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၂၅/၈၄၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၇၅. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၂. ၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂. ၂၅၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၀. ၄၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၄၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၄၁. ၉ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅. ၇၆ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၃. ၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၉. ၇ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်သူ့ဘဝလုံခြုံမှု စကားဝိုင်း ကော့ကရိတ်မြို့၌ ကျင်းပ

**ကော့ကရိတ် မေ ၂၉**

ကော့ကရိတ်မြို့၌ အရပ်ဘက်လူမှုအဖွဲ့အစည်းများကွန်ရက်မှ ဦးဆောင်ကျင်းပသည့် ပြည်သူ့ဘဝလုံခြုံမှု စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကော့ကရိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စကားဝိုင်းတွင် ဌာနဆိုင်ရာများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက အပြန်အလှန် ဆွေးနွေးတင်ပြခြင်းနှင့် ပြန်လည်ဖြေကြားရှင်းလင်းခြင်း၊ ပြည်သူ့ဘဝလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှေ့ဆက် ဆောင်ရွက်ရမည့်နည်းလမ်းများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါစကားဝိုင်းသို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်း ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**




ပညာရေးဝန်ကြီးဌာန
"၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
အသိပေးကြေညာချက်
❖ ၅ နှစ်အရွယ် ကလေးများကို သူငယ်တန်း (KG) သို့ အပ်နှံရန်။
❖ ၆ နှစ်အရွယ် ကလေးများကို ပထမတန်း (Grade 1) သို့ အပ်နှံရန်။
ပညာရေးဝန်ကြီးဌာန

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်ထုတ်ဝေသည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဦးစားပေး ရည်မှန်းချက်ပန်းတိုင်

ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ဦးစားပေးရည်မှန်းချက်ပန်းတိုင်တွေဖြစ်တဲ့ (၁) တရားဥပဒေစိုးမိုးရေးနဲ့ ပြည်သူများရဲ့ လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေး၊ (၂) အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေး၊ (၃) ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးတို့ကို ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

## စုပေါင်းအင်အား

ကျွန်မတို့နိုင်ငံအတွက် အလိုအပ်ဆုံးဖြစ်တဲ့ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေး တည်ဆောက်ရာမှာ **စုပေါင်းအင်အားဟာ** အဓိကပါ။ တိုင်းရင်းသားများအကြား နှစ်ရှည်လများစွာ ဖြစ်ပွားလာခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခများ ငြိမ်းအေးစေဖို့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန်လေးစားမှုက အခြေခံအုတ်မြစ်ပါ။ ဒီအုတ်မြစ်ကို **စုပေါင်းအင်အားနဲ့** ခိုင်မာအောင် ဆောက်တည်နိုင်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် မေ ၂၉**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာသံအမတ်ကြီး H.E.Mr.Hassan Bin Mohamed Rafei AL- Emadi အား ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ ကုန်သွယ်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် အပြန်အလှန်ကူညီပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ကုလသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာအကူအညီပေးအပ်ရေး ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် ကုလသမဂ္ဂမှ Ms. Svetana Galkina ဦးဆောင်သည့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးအပ်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၌ လစ်လပ်မဲဆန္ဒနယ် ၁၉ နေရာရှိခဲ့ပြီး အောင်မြင်စွာ ကျင်းပပေးခဲ့မှု၊ ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပမည့် လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ အသစ်ခန့်အပ်ထားသည့် ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ရှိ ဝန်ထမ်းများအား စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်ပို့ချမည့် အခြေအနေ၊ Voter Education နှင့် Civic Education လုပ်ငန်းစဉ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်တို့တွင် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားဖြင့် ပညာပေးဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်နိုင်မှု၊ UNDP အနေဖြင့် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ပနိုင်ငံများသို့ ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ချိန် လေးသန်း တင်ပို့ရန် လျာထား

**ရန်ကုန် မေ ၂၉**

ဆန်စပါးကဏ္ဍ အရှိန်အဟုန်မြှင့်တင်ရန်ရည်ရွယ်၍ ကမ္ဘာ့ဘဏ်အုပ်စုအဖွဲ့ဝင်ဖြစ်သည့် IFC (International Finance Corporation)နှင့် မြန်မာနိုင်ငံဆန်စပါးအသင်း(MRF) တို့သည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ UMFCCI ၌ သဘောတူလက်မှတ်ရေးထိုးကြသည်။

“ကျွန်တော်တို့အနေနဲ့ ဆန်နဲ့ ဆန်ကွဲ မက်ထရစ်တန်ချိန်လေးသန်းကို ၂၀၂၀-၂၀၂၁ ခုနှစ်မှာ တင်ပို့ဖို့ လျာထားပါတယ်” ဟု MRF အသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

IFC အနေဖြင့် ဆန်အဆင့်အတန်းသတ်မှတ်ခြင်းအတွက် နည်းပညာဆိုင်ရာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းရန် ကူညီမည်ဖြစ်ပြီး လုပ်ငန်းအဖွဲ့မှ အခြားနိုင်ငံများ၏ စက်ရုံထွက်ဆန်အဆင့်အတန်းသတ်မှတ်ခြင်းနှင့် မြန်မာ့ဆန်ဈေးကွက်များ၏ လိုအပ်ချက်များကို သုံးသပ်လေ့လာသွားမည်ဖြစ်သည်။

“မြန်မာနိုင်ငံ ဆန်စပါးအသင်းနဲ့ ဆန်အဆင့်အတန်း ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်တာအပြင် နိုင်ငံရဲ့ဆန်စပါးထုတ်လုပ်မှုနဲ့ အရည်အသွေး ထိန်းသိမ်းမှုမှာ အဓိကပါဝင်ပတ်သက်နေသူတွေကို အကူအညီပေးသွားမှာဖြစ်ပါတယ်၊ အခုလို ပြင်ဆင်တာဟာ ကမ္ဘာ့ဈေးကွက်အခွင့်အလမ်းတွေကို ပြန်လည်တုံ့ပြန်နိုင်ဖို့နဲ့ ထပ်တိုးဝန်ဆောင်မှုပေးတဲ့ကဏ္ဍတွေမှာ ပိုမိုကောင်းမွန်စွာ ပါဝင်နိုင်ဖို့ဖြစ်ပါတယ်” ဟု IFC ၏ မြန်မာနိုင်ငံတွင်း တာဝန်ခံမန်နေဂျာ ဗီကရမ်ကူးမားက ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အမေရိကန်ဒေါ်လာ တစ်ဘီလီယံတန်ဖိုးရှိသော ဆန်နှင့်ဆန်ကွဲ မက်ထရစ်တန်ချိန် ၃၀၀၀၀ ကျော်အား နိုင်ငံပေါင်း ၅၇ နိုင်ငံသို့ တင်ပို့နိုင်ခဲ့သည့်အတွက် နှစ်ပေါင်း ၇၀ အတွင်း ဆန်စပါးတင်ပို့မှု၏ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိကြောင်း သိရသည်။

**ဇာနည်မောင်**

# စီးပွားရေးတံခါးဖွင့်ဝါဒ ပိုမိုကျင့်သုံးနိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ ကျူးဘားပြင်ဆင်မည်

**ဟာဗားနား မေ ၂၉**

ကျူးဘားနိုင်ငံသည် စီးပွားရေးတွင် တံခါးဖွင့်ဝါဒ ပိုမိုကျင့်သုံးနိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်သော်လည်း ဆိုရှယ်လစ်စနစ်၏ သွင်ပြင်လက္ခဏာများကိုမူ ထိခိုက်စေမည် မဟုတ်ကြောင်း အာဏာပိုင်များက မေ ၂၉ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့်လက ရာထူးမှ ဆင်းပေးခဲ့သူ သမ္မတရာေလ်ကက်စထရိုသည် ၂၀၁၁ ခုနှစ်တွင် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကို စတင်ပြဋ္ဌာန်းခဲ့သည်။ ဗဟိုဦးစီး စီးပွားရေးစနစ်ကို လျှော့ချကာ ပုဂ္ဂလိကပိုင် အသေးစားစီးပွားရေး လုပ်ငန်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတို့ကို မြှင့်တင်အားပေးရန် ၎င်းက ရည်မှန်းသည်။

စီးပွားရေး ပြုပြင်ပြောင်းလဲရေးအစီအစဉ်သစ် အကောင်အထည်ဖော်မှု အစောပိုင်းနှစ်များမှစ၍ ပြည်သူများက စားသောက်ဆိုင်များ ဖွင့်လှစ်ခြင်း၊ အသေးစားဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ခြင်းတို့ကို ဖြစ်ပေါ်လာစေခဲ့သည်။ **(အောက်ပုံ)**

သို့ရာတွင် မျှော်လင့်ထားသည်အထိ စီးပွားရေး တိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လာခြင်း မရှိခဲ့ပေ။

ကျူးဘားလွှတ်တော်သည် မေ ၂၆ ရက်က အထူးအစည်းအဝေးခေါ်ယူခဲ့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုများ ပြုလုပ်နိုင်ရေးအတွက် အဆိုပြုတင်ပြနိုင်ရန် အထူးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြင်ဆင်ချက်များ ပြုလုပ်နိုင်ရေးအတွက် အမတ်များက ဆွေးနွေးသွားကြမည်ဖြစ်ပြီး လူထုဆန္ဒခံယူပွဲပြုလုပ်ကာ အတည်ပြုချမှတ်ရန် စီစဉ်ထားသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ချက် ပြုလုပ်ရေးနှင့်ပတ်သက်၍ အသေးစိတ်မသိရပေ။ သို့ရာတွင် သမ္မတ ရာအူးလ်ကက်စထရို အစပျိုးပေးခဲ့သော ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ကြမည်ဟု မျှော်လင့်ရသည်။ **အေအက်ဖ်ပီ**






# ထရန့်နှင့် ကင်ဂျုံအန်တို့၏ ထိပ်သီးဆွေးနွေးပွဲ အကြိုကာလတွင် မြောက်ကိုရီးယားပိုလ်ချုပ်ကြီးတစ်ဦး အမေရိကန်သို့ ခရီးနှင်

**ဆိုးလ် မေ ၂၉**

အမေရိကန်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံစလုံးက အလွန်အရေးပါသော ထိပ်သီးအစည်းအဝေးကျင်းပရေးအတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်နေစဉ် မြောက်ကိုရီးယား ထိပ်တန်းဗိုလ်ချုပ်ကြီးတစ်ဦးသည် အမေရိကန်ပြည်ထောင်စုသို့ သွားရောက်လျက်ရှိကြောင်း၊ ၎င်း၏ ခရီးစဉ်မှာ နှစ်ပေါင်းများစွာကာလအတွင်း မြောက်ကိုရီးယားမှ အဆင့်မြင့်ဆုံးတာဝန်ရှိသူတစ်ဦး၏ ခရီးစဉ်ဖြစ်ကြောင်း မေ ၂၉ ရက် သတင်းများ၌ ဖော်ပြသည်။

### သွားရောက်မည်

ဗိုလ်ချုပ်ကြီး ကင်ယောင်ချိုးလ်သည် မေ ၂၉ ရက်တွင် ပေကျင်းလေဆိပ်သို့ ရောက်ရှိလာကြောင်း၊ ၎င်းသည် တရုတ်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပြီးနောက်တစ်ရက်တွင် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ ဆက်လက် သွားရောက်မည်ဖြစ်ကြောင်း သံတမန်များသတင်းရပ်ကွက်ကို ကိုးကား၍ တောင်ကိုရီးယား ယွန်ဟပ်သတင်းဌာနက ဖော်ပြသည်။

### ဒရောသောပါး

ဇွန် ၁၂ ရက်တွင် စင်ကာပူနိုင်ငံ၌ အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့ တွေ့ဆုံရန် စီစဉ်ထားသည့် ထိပ်သီးဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် မဆုတ်သာ မတက်သာ ဖြစ်နေစဉ်အတွင်း မြောက်ကိုရီးယား ထိပ်တန်းဗိုလ်ချုပ်ကြီး၏ အမေရိကန်ခရီးစဉ်သည် သံခင်းတမန်ခင်းဆိုင်ရာ ဒရောသောပါး လုပ်ဆောင်သည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

### ပြန်လည်ရပ်တည်

မြောက်ကိုရီးယားနိုင်ငံ၏ သိသာထင်ရှားသည့် ရန်လိုမှုကြောင့်ဟုဆိုကာ လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း၌ အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ထိပ်သီးဆွေးနွေးပွဲကို ဖျက်သိမ်းကြောင်း ပြောကြားခဲ့သည်။ သို့သော်လည်း ယင်းနောက်ပိုင်းတွင် အမေရိကန်နှင့် မြောက်ကိုရီးယားနှစ်နိုင်ငံစလုံးက ခွန်းတုံ့ပြန်ပြောဆိုမှုများ မပြုလုပ်တော့ဘဲ မူလစီစဉ်ထားသည့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပရေး လမ်းကြောင်းအတိုင်း ပြန်လည်ရပ်တည်လာကြသည်။

### တွေ့ဆုံခဲ့

အမေရိကန် စေ့စပ်ညှိနှိုင်းသူများ၏ ခေါင်းဆောင်အဖြစ် ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဆောင်ကမ်သည် မြောက်ကိုရီးယား စေ့စပ်ညှိနှိုင်းရေးအဖွဲ့ ခေါင်းဆောင်နှင့် မေ ၂၇ ရက်တွင် တောင်နှင့်မြောက်ကိုရီးယားနှစ်နိုင်ငံကို ပိုင်းခြားထားသည့် အပစ်အခတ်ရပ်စဲရေး ကျေးရွာ ပန်မွန်ဂျုံ၌ တွေ့ဆုံခဲ့သည်။ **အေအက်ဖ်ပီ**

# အီးယူမှ ဗြိတိန်နုတ်ထွက်မှု၏ ရလဒ်တစ်ခုအဖြစ် လျှပ်စစ်ကား ထုတ်လုပ်မှုကို လျှော့ချလာနိုင်ဖွယ်ရှိ



**ဘရပ်ဆဲလ် မေ ၂၉**

ဥရောပသမဂ္ဂ(အီးယူ)မှ ဗြိတိန်နိုင်ငံ နုတ်ထွက်ခြင်း၏ အကျိုးရလဒ်တစ်ခုအဖြစ် ယင်းနိုင်ငံရှိ မော်တော်ယာဉ် ထုတ်လုပ်သူများသည် လျှပ်စစ်ကားထုတ်လုပ်မှုကို လျှော့ချလာနိုင်ဖွယ်ရှိကြောင်း၊ အကြောင်းမှာ လျှပ်စစ်ကားထုတ်လုပ်ရေးကို မြှင့်တင်အားပေးသော မက်လုံးပေးမှု မရှိတော့ခြင်းကြောင့် ဖြစ်ကြောင်း ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ အခြေစိုက် သယ်ယူပို့ဆောင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က ဟောကိန်းထုတ်လိုက်သည်။

အီးယူမှ ဗြိတိန် နုတ်ထွက်ပြီးနောက် အီးယူ၏ ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေး ရည်မှန်းချက်များအတိုင်း ယင်းနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများက လိုက်နာဆောင်ရွက်ရန် လိုအပ်တော့မည် မဟုတ်သဖြင့် ယင်းကုမ္ပဏီများက ပြည်ပသို့ ကားတင်ပို့ရောင်းချမှုဘက်သို့ ဦးလှည့်လာဖွယ်ရှိကြောင်း သယ်ယူပို့ဆောင်ရေးနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့က ခန့်မှန်းသည်။

### တတိယအကြီးဆုံး

ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂအတွင်း ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့ထုတ်လွှတ်မှုမရှိသော လျှပ်စစ်ကား ရောင်းချမှုအရ တတိယအကြီးဆုံး ဈေးကွက်တည်ရှိရာနိုင်ငံဖြစ်သည်။

ဗြိတိန်နိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများသည် စွမ်းအင်ကို ထိရောက်စွာ အသုံးပြုသော လျှပ်စစ်ကားများ ထုတ်လုပ်ကာ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်းထက် စွမ်းအင်ကို ထိရောက်စွာ အသုံးပြုမှု ပိုမိုနည်းပါးသော မော်တော်ယာဉ်များကိုသာ ပိုမိုထုတ်လုပ်ရောင်းချလာဖွယ်ရှိကြောင်း အဆိုပါအဖွဲ့မှ သုတေသီများက ခန့်မှန်းကြသည်။

လျှပ်စစ်ကားများနှင့် စွမ်းအင်စနစ်နှစ်မျိုးစလုံး အသုံးပြုသော ကားများ ထုတ်လုပ်မှုအတွက် မက်လုံးမရှိတော့လျှင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ စံချိန်စံညွှန်းများအတိုင်း ဗြိတိန်နိုင်ငံ၏ လိုက်နာမှုမှာလည်း ထိခိုက်ရဖွယ်ရှိသည်ဆို၏။

ဥရောပသမဂ္ဂမှ ဗြိတိန်နိုင်ငံ နုတ်ထွက်လျှင် ယင်းနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းကဏ္ဍတွင် အလုပ်အကိုင်နေရာ ၆၇၀၀ အထိ ဆုံးရှုံးရမှုကိုလည်း ဖြစ်စေနိုင်ကြောင်း သုတေသီများ၏ လေ့လာချက်တွင် ဖော်ပြသည်။ **အေအက်ဖ်ပီ**

# ကမ္ဘာ့လက်နက်ဖျက်သိမ်းရေးညီလာခံ သဘာပတိအဖြစ် ဆီးရီးယား တာဝန်ယူမှုကို အမေရိကန် ဦးဆောင်ကန့်ကွက်

**ဂျီနီဗာ မေ ၂၉**

ဆီးရီးယားအစိုးရက ဓာတုလက်နက်များ သုံးခဲ့သည်ဟူသော စွပ်စွဲချက်များ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွက်နေစဉ်တွင် ကုလသမဂ္ဂ၏ ကမ္ဘာ့လက်နက်ဖျက်သိမ်းရေးညီလာခံ၏ အလှည့်ကျသဘာပတိအဖြစ် ယင်းနိုင်ငံက ရယူခြင်းကို အမေရိကန်ပြည်ထောင်စုက ဦးဆောင်၍ ကန့်ကွက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက မေ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

### အမိုက်မှောင်ဆုံးနေ့

သက်တမ်း ရက်သတ္တလေးပတ်လျှင် တစ်ကြိမ် ကမ္ဘာ့လက်နက်ဖျက်သိမ်းရေးညီလာခံ၏ သဘာပတိအဖြစ် အလှည့်ကျတာဝန်ယူရပြီး ဆီးရီးယားနိုင်ငံသည် မေ ၂၉ ရက်မှ စတင်ထမ်းဆောင်ခဲ့ခြင်းကြောင့် ယင်းနေ့သည် ယင်းအဖွဲ့အစည်း၏ သမိုင်းတွင် အမိုက်မှောင်ဆုံးနေ့တစ်နေ့ဖြစ်ကြောင်း အမေရိကန်သံအမတ်ကြီး ရောဘတ်ဝုဒ်က ၎င်း၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။

ကမ္ဘာ့နိုင်ငံများ၏ အမည်များကို အက္ခရာအလိုက်စဉ်ထားပြီး ယင်းအစဉ်အရ ရက်သတ္တလေးပတ် သက်တမ်းရှိ ညီလာခံ သဘာပတိအဖြစ် တာဝန်ယူရန် မေ ၂၈ ရက်တွင် ဆီးရီးယားနိုင်ငံအလှည့် ကျရောက်ခဲ့သည်။ ဗြိတိန်နိုင်ငံကလည်း အမေရိကန်နည်းတူ ဆီးရီးယားနိုင်ငံက ညီလာခံ၏ အလှည့်ကျ သဘာပတိအဖြစ် ဆောင်ရွက်မှုကို ဆန့်ကျင် ကန့်ကွက်ခဲ့သည်။ **အေအက်ဖ်ပီ**

# မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြု

**နေပြည်တော် မေ ၂၉**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လွှတ်တော်က သဘောတူ အတည်ပြုလိုက်သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ အဆိုတစ်ခု တင်သွင်းခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်းနှင့် အစီရင်ခံစာတစ်ခု ဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

တောင်ဥက္ကလာပ မဲဆန္ဒနယ်မှ ဒေါက်တာဦးစောနိုင်၏ **တောင်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက် သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့် ယခင် ဗဟိုဈေးနေရာရှိ မြေကွက်လပ်၏ တစ်စိတ်တစ်ပိုင်းအား မြို့နယ်ခန်းမမြေနေရာအဖြစ် အသုံးပြုနိုင်ရန်အတွက် ခွင့်ပြုပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က အဆိုပါမြေနေရာသည် တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၈) မြေကွက်အမှတ်(၃/၈၈) သစ္စာလမ်းနှင့် ဝေဇယန္တာလမ်းထောင့်ရှိ ယခင်ဗဟိုဈေးမြေနေရာရှိ မြေဧရိယာ ၅ ဒသမ ၂၄၅ ဧကဖြစ်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၄ ရက်စွဲပါ မှတ်တမ်းအရ ကာကွယ်ရေးဝန်ကြီးဌာနပိုင် အမည်ပေါက်မြေဖြစ်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

**ဂေါက်ကွင်းဖောက်လုပ်ခဲ့**

သို့ဖြစ်ပါ၍ မေးခွန်းပါ မြေနေရာသည် ကာကွယ်ရေးဝန်ကြီးဌာနပိုင် အမည်ပေါက်မြေအဖြစ် မှတ်သားထားရှိပြီးဖြစ်ခြင်း၊ တပ်မတော်အတွက် အနာဂတ်စီမံချက်များ ဆောင်ရွက်ရန် လျာထားမြေနေရာဖြစ်ခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၏ **သံဖြူဇရပ်မြို့နယ်ရှိ ရွှေဖြူရတနာအမည်ရ တပ်ပိုင်ဂေါက်ကွင်းကို နိုင်ငံပိုင် အများပြည်သူ ဂေါက်သီးအားကစားကွင်းအဖြစ် စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်က ဂေါက်ကွင်းနေရာသည် အမှတ်(၃၁)ခြေလျင်တပ်ရင်း(တပ်ဟောင်း) မြေဧရိယာ အတွင်းပါဝင်ပြီး ၁၉၈၁ ခုနှစ်၌ သံဖြူဇရပ်မြို့နယ် ပြည်သူ့ကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဦးဝမ်းထိန်၊ အမှတ်(၃၁) ခြေလျင်တပ်ရင်း၊ တပ်ရင်းမှူးနှင့် ဒုတိယ တပ်ရင်းမှူးတို့မှ ဦးစီး၍ ကျင်း ၉ ကျင်းပါ ဂေါက်ကွင်း ဖောက်လုပ်ခဲ့ကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း။

**စိစစ်တွေ့ရှိ**

အဆိုပါ ဂေါက်ကွင်းအား ၂၀၀၅ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ရွှေဖြူရတနာဂေါက်ကွင်းအဖြစ် အမည်ပေးခဲ့ပြီး ရန်ပုံငွေပိုင်ဆိုင်မှုအနေဖြင့် ငွေကျပ် ၆၉၆၄၆၀၀ ရှိကြောင်း၊ တစ်လဝင်ငွေကျပ် ၃၅၅၀၀၀ ရရှိပြီး ထွက်ငွေအနေဖြင့် လစဉ် အလုပ်သမား (၅)ဦးအတွက် လစာငွေကျပ် ၂၈၀၀၀၀ ပေးခြင်း၊ ကျန်ငွေများအား အခြားလိုအပ်သည့် ဂေါက်ကွင်း ပြုပြင်ခြင်းလုပ်ငန်းအတွက် အသုံးပြုလျက်ရှိကြောင်းနှင့် လက်ရှိဂေါက်ကွင်းဥက္ကဋ္ဌတာဝန်အား ဦးလှရွှေ လက်ထောက်ညွှန်ကြားရေးမှူး မြို့နယ်စီမံကိန်းဦးစီးဌာန သံဖြူဇရပ်မြို့နယ်က တာဝန်ယူဆောင်ရွက်လျက်ရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။

အမှတ်(၃၁) ခြေလျင်တပ်ရင်း(တပ်ဟောင်း)၏ တပ်ပိုင်မြေဧရိယာ ၂၁၆ ဒသမ ၄၄ ဧကအနက်မှ မြေဧရိယာ သုည ဒသမ ၆၉၁၁ ဧကအား သာသနာ့ဝတ္တကမြေအဖြစ် ပြန်လည်စွန့်လွှတ်ပေးခဲ့သဖြင့် လက်ရှိတပ်ပိုင်မြေဧရိယာ ၂၁၅ ဒသမ ၇၄၈၉ ဧက ကျန်ရှိကြောင်းနှင့် မေးခွန်းပါ ဂေါက်ကွင်းမြေဧရိယာ ၉၅ ဒသမ ၂၅ ဧကဟု ဖော်ပြထားရှိသော်လည်း မြေပြင်ကွင်းဆင်းစိစစ်ချက်အရ လက်ရှိ ရွှေဖြူရတနာဂေါက်ကွင်းအဖြစ် အသုံးပြုနေသည့် မြေဧရိယာမှ ၇၉ ဒသမ ၉၄ ဧကသာရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း။




ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

**စွန့်လွှတ်ပေးနိုင်ခြင်းမရှိ**

မြေပြင်ကွင်းဆင်းစိစစ်ချက်များအရ ဂေါက်ကွင်း ရန်ပုံငွေ တိုးတက်ရရှိရေးအတွက် စီးပွားရေးလုပ်ငန်းများဖြစ်သော ဂေါက်ကွင်းလေ့ကျင့်ရေးကွင်းလုပ်ငန်း၊ ဂေါက်ပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်းနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လိုသဖြင့် တင်ပြတောင်းခံခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ အမှတ်(၃၁) ခြေလျင်တပ်ရင်း (တပ်ဟောင်း)၏ တပ်ပိုင်မြေဧရိယာ ၂၁၆ ဒသမ ၄၄ ဧကအနက်မှ သာသနာ့ဝတ္တကမြေ သုည ဒသမ ၆၉၁၁ ဧကအား ပြန်လည်စွန့်လွှတ်ထားပြီးဖြစ်ခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင်လည်း ဂေါက်ကွင်းအဖြစ် တည်ရှိခြင်းမရှိဘဲ တပ်ပိုင်မြေအဖြစ်သာ တည်ရှိခြင်း၊ တပ်ပိုင်အဆောက်အအုံများနှင့် နီးကပ်လျက်ရှိခြင်း၊ ဂေါက်ကွင်းအတွင်း စားသောက်ဆိုင်လုပ်ငန်းများနှင့် ဂေါက်ရိုက်သူများ တည်းခိုရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်လာပါက တပ်ပိုင်မြေနှင့် တစ်ဝန်းတည်းတွင် တည်ရှိသောကြောင့် လုံခြုံရေးအရ မလိုလားအပ်သည့် ပြဿနာများဖြစ်ပွားလာနိုင်ခြင်းနှင့် လုံခြုံရေးအရ အရေးကြီးသည့် မြေနေရာဖြစ်ခြင်းတို့ကြောင့် စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဖလမ်းမဲဆန္ဒနယ်မှ ဒေါက်တာဆလိုင်းရီယန်းဗဲလ်၏ **ဖလမ်းမြို့နယ် ဗားလုံးကျေးရွာ ကျန်းမာရေးဌာန(ခွဲ)အား ကျေးလက်ကျန်းမာရေးဌာန (Rural Health Centre) အဖြစ် တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဗားလုံးကျေးလက်ဌာနခွဲသည် မရှိပါကြောင်း၊ ဗားလုံးရွာသာ ရှိပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွင့်ပြုပေးရာတွင် ရွာတစ်ရွာကို တိုက်ရိုက်ခွင့်ပြု၍ မရပါကြောင်း၊ ရှေးဦးစွာ ကျေးလက်ဌာနခွဲရှိပြီးမှသာလျှင် တိုးပေး၍ ရပါကြောင်း၊ တိုးပေးမည်ဆိုလျှင်လည်း လိုအပ်ချက် (၆)ချက်တွင် (၂) ချက်သာ ရှိပါကြောင်း၊ တည်နေရာကို ကြည့်ရာတွင်လည်း ကလေးနှင့် တီးတိန်အစွန်ကို ရောက်နေပါကြောင်း၊ (၆)ချက်တွင် အဓိကသည် ပျမ်းမျှလူဦးရေ ၃၀၀၀ မှ ၅၀၀၀ ရှိရမည်ဖြစ်ပါကြောင်း၊ ဗားလုံးတွင် လူဦးရေသည် ၆၅၆ ဦးသာရှိပါကြောင်း၊ လူဦးရေသိပ်သည်းမှုသည်လည်း အလွန်နည်းပါကြောင်း၊ အိမ်ခြေသည် ၉၄ လုံးသာ ရှိပါကြောင်း၊ တိုးသင့်၊ မတိုးသင့်ကို ပြည်နယ်ဦးစီးမှူးသို့ တိုက်ရိုက်မေးသော်လည်း ယခုအချိန်တွင် တိုးပေးရန် မလိုသေးပါကြောင်း အကြောင်းပြန်ကြားသည့်အတွက် မတိုးပေးသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

**စိန်ခေါ်ဖြတ်ကျော်နိုင်**

ဆက်လက်၍ ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါ်ခင်နှင်းသစ်၊ ဒလမဲဆန္ဒနယ်မှ ဒေါက်တာ ဦးစိန်မြအေးနှင့် မိုင်းတုံမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ရှင်းလင်းဖြေကြားသည်။

ထို့နောက် မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်းက **မြန်မာ့သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်မှုပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ဒေသအလိုက် စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်နေကြသော နှစ်ရှည်သီးပင် ဥယျာဉ်ခြံလုပ်ငန်းများ၏ အဓိကလိုအပ်ချက် ပင်မအရင်းအမြစ်များအပေါ် ထောက်ပံ့ကူညီပေးနိုင်သည့် စီမံကိန်းမျိုးကို ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ခွဲဝေချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း**အဆိုကို တင်သွင်းရာတွင် နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးတက္ကသိုလ်နှင့် ကျောင်းခွဲများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ နှစ်ရှည်သီးပင် ဘာသာရပ်များအတွက် ဥယျာဉ်ခြံသီးနှံနှင့် စိုက်ပျိုးရေးဇီဝနည်းပညာဌာန၊ မော်လမြိုင်တွင် နှစ်ရှည်သီးနှံ အထူးပြုကျောင်းခွဲ၊ လှည်းကူးတွင် ဥယျာဉ်ခြံသီးနှံအထူးပြုနှင့် သီးနှံကာကွယ်ရေး အထူးပြုကျောင်းခွဲ စသည်ဖြင့် ဖွင့်လှစ်ပို့ချပေးနေပါကြောင်း၊ သို့မှသာ အနာဂတ်စိုက်ပျိုးနည်းပညာ၊ နည်းစနစ်နှင့် အရင်းအမြစ်ကွာဟမှုများကို မိမိတို့ စိန်ခေါ်ဖြတ်ကျော်နိုင်မည်ဖြစ်ပါကြောင်း။

**ထုတ်လုပ်ရောင်းချ**

မြန်မာ့သစ်သီးဝလံဈေးကွက်နှင့် စိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်းမြင့်မားလာစေရန် ဒေသခံအသင်းအဖွဲ့များ၊ အစုအဖွဲ့များနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဒေသအလိုက် ပူးပေါင်းဆောင်ရွက်နေသည်ကိုလည်း သိရှိရပါကြောင်း၊ စိုက်တောင်သူများ၏ အဓိကလိုအပ်ချက်ပင်မအရင်းအမြစ်မှာ မျိုးပင်၊ နည်းပညာနှင့် နည်းစနစ်များ ဖြစ်ပါကြောင်း၊ ရှေးအစဉ်အဆက်က စိုက်ပျိုးလုပ်ကိုင်လာသော ဒေသထွက် နှစ်ရှည်သီးနှံပင်များမှာ အရည်အသွေးကျဆင်းလာသဖြင့် ယနေ့ ခေတ်ပေါ်စပ်မျိုးများကို မယှဉ်နိုင်တော့ပါကြောင်း၊ အရည်အသွေးနှင့် အထွက်နှုန်းများစွာ ကွာခြားနေပါကြောင်း၊ ယနေ့ ပုဂ္ဂလိကကုမ္ပဏီများ၊ စိုက်ပျိုးလုပ်ကိုင်သူများက နိုင်ငံခြားမျိုးနှင့် မူရင်းဒေသမျိုး ပေါင်းစပ်ထားသော တန်ဖိုးမြင့် ပျိုးပင်များ ထုတ်လုပ်ရောင်းချနေပါကြောင်း။

နိုင်ငံတော်ကလည်း ဒေသနှင့်လိုက်ဖက်သော စီးပွားဖြစ် နှစ်ရှည်သီးပင်များကို စပ်မျိုးအဖြစ် ပြောင်းလဲ၍ ဒေသအလိုက် ဖြန့်ဖြူးပေးစေလိုပါကြောင်း၊ စပ်မျိုးနှင့် သက်ဆိုင်သော နည်းပညာရပ်များဖြစ်သည့် မျိုးစပ်နည်း၊ စိုက်ပျိုးနည်း၊ အပင်ထိန်းသိမ်းနည်း၊ အသီးအရည်အသွေးမြှင့်တင်နည်းများကို စိုက်တောင်သူများနှင့် ထိတွေ့၍ သင်တန်းပေးခြင်း၊ ခေတ်စနစ်နှင့်လျော်ညီသော စာအုပ်များနှင့် စီဒီခွေများ ထုတ်ဝေခြင်း၊ သတင်းအချက်အလက်များကို ဝက်ဘ်ဆိုက်၌ အခါမရွေး လွှင့်တင်ပေးခြင်းတို့ဖြင့် ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးရေးလုပ်ငန်းအပေါ် ကူညီထောက်ပံ့ပေးစေလိုပါကြောင်း၊ မြန်မာနိုင်ငံ သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်မှု အဆင့်အတန်း မြန်ဆန်စွာမြင့်မားတိုးတက်လာနိုင်မည်ဖြစ်ပြီး ပြည်တွင်း တစ်ပိုင်တစ်နိုင် ဈေးကွက်မှသည် ပြည်ပတင်ပို့ကုန်အဖြစ်သို့ ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

**အမည်စာရင်း တင်သွင်း**

ယင်းအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ထို့နောက် ယင်းအဆိုအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသည်။

အဆိုပါ ဥပဒေကြမ်းအစီရင်ခံစာကို ဥပဒေကြမ်းကော်မတီဝင် ဦးပါထန်းက ဖတ်ကြားရှင်းလင်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်က သဘောတူသဖြင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဒိန်းမတ်သံအမတ်ကြီးနှင့် ကာတာသံအမတ်ကြီးတို့အား သီးခြားစီ လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်သံအမတ်ကြီး H.E. Mr.Peter Lysholt Hansen အား ယနေ့နံနက် ၉ နာရီတွင် လည်းကောင်း၊ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကာတာနိုင်ငံ သံအမတ်ကြီး H.E. Mr. Hassan Bin Mohamed Rafei Al-Emadi အား ယနေ့နံနက် ၁၁ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

**သတင်းစဉ်**



အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကာတာသံအမတ်ကြီးအား လက်ခံတွေ့ဆုံစဉ်။

ကြေးမုံ

မေ ၃၀၊ ၂၀၁၈

# အမှန်တရားအချို့ပေါ်ပေါက်ချိန် မြန်မာအပေါ် နိုင်ငံတကာ ရှုမြင်ပုံပြောင်းလဲရန် မျှော်လင့်

ခင်ရတနာ

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အပြစ်မဲ့ပြည်သူများကို ARSAအကြမ်းဖက်သမားများက လူသားချင်းစာနာမှုမရှိ ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခဲ့သည်ဟူသော အချက်များပါဝင်သည့် အစီရင်ခံစာတစ်စောင်ကို နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (Amnesty International) က ယခုလ ၂၂ ရက်က ထုတ်ပြန်ခဲ့သည်။ ယင်းထုတ်ပြန်ချက်အတွင်းပါရှိသည့် တွေ့ရှိချက်အသစ်ဆိုသည်မှာမူ မြန်မာနိုင်ငံအတွက်တော့ နောက်ကျပြီးမှ အသိအမှတ်ပြုခံရသည့် အမှန်တရားတစ်ရပ်ဖြစ်သည်။

**တစ်ဖက်စောင်းနင်း ယူဆချက်များ**

ရခိုင်ပြည်နယ်မြောက်ပိုင်း၏ တစ်ကျော့ပြန် ပဋိပက္ခများ စတင်ခဲ့မှုသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင်ဖြစ်ပြီး မြန်မာလုံခြုံရေးကင်းစခန်း ၃၀ ကို ARSA အကြမ်းဖက်သမားများက တစ်ပြိုင်နက်တည်း အလစ်ဝင်ရောက်တိုက်ခိုက်မှုများမှ စတင်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၇ခုနှစ် စက်တင်ဘာလအတွင်း ရခိုင်ပြည်နယ် ခမောင်းဆိပ်ကျေးရွာအနီး ARSA အကြမ်းဖက်သမားတို့ ဖမ်းဆီးသတ်ဖြတ်ခဲ့သည့် ဟိန္ဒူဘာသာဝင် အမျိုးသား အမျိုးသမီး၊ ကလေးငယ်များ၏ ရုပ်အလောင်းများ တွေ့ရှိခဲ့ကြောင်း မြန်မာအစိုးရက သတင်းထုတ်ပြန်ခဲ့ချိန်တွင် ယင်းဖြစ်စဉ်ကို နိုင်ငံတကာက လျစ်လျူရှု၍ အေးစက်စွာ တုံ့ပြန်ခဲ့သည့်အပြင် နိုင်ငံတကာ သတင်းမီဒီယာကြီးများကလည်း သတင်းထုတ်ပြန်ဖော်ပြရန် ပျက်ကွက်ခဲ့သည်။

မြန်မာအစိုးရနှင့် မြန်မာမီဒီယာများသည် ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူဘာသာဝင်များကို ARSA အဖွဲ့က ရက်ရက်စက်စက် အစုလိုက်အပြုံလိုက် သတ်ခဲ့ကြောင်းကို ပုံသဏ္ဌာန်အမျိုးမျိုး၊ သက်သေပြချက်အမျိုးမျိုးဖြင့် ဖော်ပြခဲ့ကြသော်လည်း နိုင်ငံတကာမီဒီယာများနှင့် အဖွဲ့အစည်းများက တစ်ဖက်စောင်းနင်း ယူဆချက်များနှင့် ယုံကြည်မှုအားနည်းခဲ့သည့်အတွက် အချည်းနှီးသာဖြစ်ခဲ့သည်။ ARSA အကြမ်းဖက်အဖွဲ့၏ ရက်ရက်စက်စက် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကြုံတွေ့ခံစားခဲ့ကြရသည်မှာ ဟိန္ဒူဘာသာဝင်များသာမက ရခိုင်တိုင်းရင်းသားမျိုးနွယ်စုများဖြစ်ကြသည့် မြို၊ ဒိုင်းနက်၊ သက်နှင့် မရမာကြီးစသည့် လူမျိုးများလည်း ရင်ဆိုင်ခံစားခဲ့ကြရခြင်းဖြစ်သည်။ ဒေသတွင်း လူနည်းစုဘဝသို့ ကျရောက်နေသည့် တိုင်းရင်းသားမျိုးနွယ်စုများ ခံစားကြရသည့် ဒုက္ခဆင်းရဲအပေါင်းတို့မှာမူ အမှန်တရားအဖြစ် ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာခွင့်မရခဲ့။

**နိုင်ငံတကာက အာရုံစိုက်ရန်လိုအပ်**

ယခု နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာကမူ ရခိုင်ပြည်နယ်မြောက်ပိုင်း ပဋိပက္ခဖြစ်စဉ်များအတွင်း ARSA အကြမ်းဖက်အဖွဲ့က ဟိန္ဒူဘာသာဝင် ၉၉ ဦးကို သတ်ဖြတ်ခဲ့မှုအပေါ် မျက်မြင်သက်သေများ၊ အသက်မသေဘဲ လွတ်မြောက်လာကြသည့် ဟိန္ဒူဘာသာဝင်များ၊ အကြမ်းဖက်သမားများ လက်ချက်ဖြင့် သေဆုံးခဲ့ကြရသူများ၏ သေမှုသေခင်းဆိုင်ရာ စစ်ဆေးချက်များအပေါ် စနစ်တကျမေးမြန်းစုံစမ်းကာ ထုတ်ပြန်ခြင်းဖြစ်သည်ဟု ဆိုထားသည်။

ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကိုလည်း နိုင်ငံတကာက အာရုံစိုက်ရန်လိုအပ်ကြောင်း အစီရင်ခံစာက ထောက်ပြထားပြီး ရခိုင်ပြည်နယ် မြောက်ပိုင်းဖြစ်စဉ်များတွင် ယခုဟိန္ဒူဘာသာဝင်များ အကြမ်းဖက်ခံရသည့် ဖြစ်စဉ်များအပြင် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ဖြစ်စဉ်များလည်း ဖော်ထုတ်ပေးရန် လိုအပ်နေသေးကြောင်း ဖော်ပြထားသည်။

**နိုင်ငံတကာ မျက်နှာစာမှ စိန်ခေါ်မှုများ**

"ပဋိပက္ခဖြစ်စဉ်တွေ အဆုံးသတ်ဖို့ဆိုတာ အားလုံးဝိုင်းဝန်းအဖြေရှာမှသာ ရရှိနိုင်မှာဖြစ်ပါတယ်၊ ဘယ်လိုအနေအထားမျိုးမှာမဆို တစ်ဦးနဲ့တစ်ဦး လူသားချင်းစာနာမှုနဲ့ ဖြေရှင်းကြရမှာဖြစ်ပါတယ်၊ ရခိုင်ပြည်နယ်အတွင်းက အကြမ်းဖက်မှုဖြစ်စဉ်တွေအပေါ်ကို ခိုင်မာမှုတတဲ့ အမှန်တရားတွေ ပေါ်ထွက်လာပြီး ပဋိပက္ခတွေ ချုပ်ငြိမ်းကြဖို့လည်း မျှော်လင့်ပါတယ်၊ ဒါကလည်း မီဒီယာရော၊ အစိုးရရော၊ တိုင်းရင်းသားလူမျိုးတွေရော၊ နိုင်ငံတကာ အဖွဲ့အစည်းတွေရော၊ အခြားနိုင်ငံတွေ အားလုံးကရော ဝိုင်းဝန်းအဖြေရှာပေးဖို့၊ ကူညီပေးဖို့လည်း လိုအပ်တယ်"ဟု ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး မစ္စတာ အန်အေလီစတိုပါဒေါ့်က ပြောကြားသည်။


## AMNESTY INTERNATIONAL

## BRIEFING: ATTACKS BY THE ARAKAN ROHINGYA SALVATION ARMY (ARSA) ON HINDUS IN NORTHERN RAKHINE STATE

Early in the morning of 25 August 2017, the Arakan Rohingya Salvation Army (ARSA), a Rohingya armed group, attacked around 30 security force outposts in northern Rakhine State. The attacks, which were carefully planned and coordinated, came just hours after the release of the final report of the Advisory Commission on Rakhine State, led by former UN Secretary-General Kofi Annan, which had been tasked with identifying solutions for peace and development in one of Myanmar's most underdeveloped and volatile regions.[1] In the days that followed, ARSA fighters, along with some mobilized Rohingya villagers, engaged in scores of clashes with security forces.[2]

The Myanmar security forces, and in particular the military, responded to the attacks and subsequent clashes with an unlawful and grossly disproportionate campaign of violence marked by killings, rape and other sexual violence, torture,[3] village burning, forced starvation tactics, and other human rights violations and crimes under international law, all of which has been well documented by Amnesty International and others.[4] The military's attacks, which targeted the entire Rohingya population living in northern Rakhine State, have been both widespread and systematic, constituting crimes against humanity under international law. To date, some 693,000 Rohingya have been forced to flee to Bangladesh.[5]

ထို့အပြင် သံအမတ်ကြီးက မြန်မာအစိုးရက နေရပ်ပြန်လာလိုသူများကို လက်ခံဆောင်ရွက်ပေးနေသည့် အစီအစဉ်များကို ကိုင်တွယ်ဆောင်ရွက်ခြင်းများနှင့် မြန်မာအစိုးရ၏ ကြုံတွေ့နေရသည့် နိုင်ငံတကာ မျက်နှာစာမှ စိန်ခေါ်မှုများကိုလည်း နားလည်ကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအပေါ်တွင် မြန်မာအစိုးရ၏ ကြိုးပမ်းနေမှုများကိုလည်း အသိအမှတ်ပြုကြောင်း ဆက်လက်ပြောကြားသည်။

**အားအင်တစ်ရပ် ဖြစ်စေခဲ့**

စိန်ခေါ်မှုတွေ ကြီးကြီးမားမား ကြုံတွေ့နေရသည့်တိုင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုအောင်မြင်နိုင်ရေး ဆက်လက်အားပေးကူညီဖို့အတွက် ကမ္ဘာ့နိုင်ငံအများအပြား၏ ကတိကဝတ်များ ရှင်သန်နေဆဲဖြစ်ပြီး မြန်မာနိုင်ငံကလည်း ကမ္ဘာ့အသိုင်းအဝိုင်းအတွင်း တာဝန်သိ နိုင်ငံတစ်နိုင်ငံအနေဖြင့်ရပ်တည်ဖို့ လိုအပ်သည့်အတွက် နိုင်ငံတကာစံနှုန်းများနှင့် လျော်ညီအောင် ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ နိုင်ငံတကာ အသိုင်းအဝိုင်း၏ သဘောထားအမြင်များကို အလေးထား ဆောင်ရွက်ဖို့ရှိကြောင်း ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်ကလည်း အစိုးရ၏ ဒုတိယ တစ်နှစ်တာ ဖြတ်သန်းမှုများအကြောင်းကို ပြောကြားစဉ်က ဖြေကြားထားခဲ့သည်။

ရခိုင်ပြည်နယ် ပဋိပက္ခနှင့်ပတ်သက်၍ နိုင်ငံတကာအသိုက်အဝန်းက ဝေဖန်ပြစ်တင်ခြင်း၊ ရှုတ်ချခြင်း၊ အမုန်းတရားပွားစေမည့် ပြောဆိုခြင်းများထက် ပြဿနာများ ဖြေရှင်းရာတွင် ကူညီပံ့ပိုးပြီး အပြုသဘောဆောင်သည့် ချဉ်းကပ်မှုများနှင့် ဆောင်ရွက်ပေးကြရန် လိုအပ်ချိန်တွင် ယခုကဲ့သို့ AI အဖွဲ့အစည်း၏ အစီရင်ခံစာထွက်ပေါ်လာခြင်းနှင့် ပြည်တွင်းပြည်ပမီဒီယာများက ကမ္ဘာတစ်ဝန်းမှ စာဖတ်သူများထံ ဆောင်ကြဉ်းပေးကြခြင်းသည် မြန်မာနိုင်ငံအတွက် အားအင်တစ်ရပ် ဖြစ်စေခဲ့သည်။

မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာ မျက်နှာစာတွင် ရင်ဆိုင်နေရသည့် အကျပ်အတည်းကို ကျော်လွှားဖြေရှင်းနိုင်ရန် အတွက် မြေပြင်တွင် လက်တွေ့တိုးတက်မှုကို ပြသနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းသာမက နိုင်ငံ၏ စိန်ခေါ်မှုနှင့် အကန့်အသတ်များ၊ သိမ်မွေ့နက်နဲမှုများကို နားလည်မှုရှိသည့် နိုင်ငံတကာ မိတ်ဆွေနိုင်ငံများ၊ အဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှု၊ ပြည်တွင်း တိုင်းရင်းသားများအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် ကြိုးပမ်းနေချိန်လည်းဖြစ်သည်။

**အကောင်းဘက်သို့ ပြန်လည်ပြောင်းလဲ**

တစ်ဖက်တွင် လူသားချင်းစာနာထောက်ထားမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များအတွက်လည်း အားတက်သရော ဆောင်ရွက်မှုများရှိပြီး ရခိုင်ပြည်နယ်အပြင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် စသည့် ဒေသများတွင်လည်း လူ့အခွင့်အရေးချိုးဖောက်မှုများ၊ လူသားချင်း စာနာထောက်ထားမှု ကင်းမဲ့သည့် ဖြစ်စဉ်များတွင် ဖြစ်ရပ်မှန်များကို ဖော်ထုတ်မှုများ၊ ထိထိရောက်ရောက် အရေးယူမှုများကို မည်သည့်အဖွဲ့အစည်းကိုမဆို၊ မည်သည့် အကြမ်းဖက်လုပ်ငန်း လုပ်ဆောင်သူများကိုမဆို ဆောင်ရွက်လျက်ရှိရာ အမှန်တရားအချို့ နိုင်ငံတကာ မျက်နှာစာတွင် ပေါ်ထွက်လာခြင်းမှ အစပြု၍ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် မြန်မာနိုင်ငံအပေါ် ရှုမြင်ပုံ၊ ဝေဖန်ပုံနှင့် ဆက်ဆံဆောင်ရွက်ပုံများ အကောင်းဘက်သို့ ပြန်လည်ပြောင်းလဲ ရောက်ရှိလာမည်ဟု မျှော်လင့်မိပါကြောင်း။ ။




> ARSA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်များကိုလည်း နိုင်ငံတကာက အာရုံစိုက်ရန်လိုအပ်ကြောင်း အစီရင်ခံစာက ထောက်ပြထားပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း ဖြစ်စဉ်များတွင် ယခု ဟိန္ဒူဘာသာဝင်များ အကြမ်းဖက်ခံရသည့် ဖြစ်စဉ်များအပြင် အခြားလူ့အခွင့်အရေး ချိုးဖောက်မှုဆိုင်ရာ ဖြစ်စဉ်များလည်း ဖော်ထုတ်ပေးရန် လိုအပ်နေသေးကြောင်း ဖော်ပြထားသည်။

# မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲမည်


ဦးကျော်စိုးလင်း

**နေပြည်တော် မေ ၂၉**
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို လွှတ်တော်က ဆွေးနွေးအတည်ပြုနိုင်ရန် ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန် အစည်းအဝေး အဋ္ဌမနေ့တွင် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဦးကျော်စိုးလင်းက အဆိုတင်သွင်းရာ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ကြေညာလိုက်သည်။

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် အစိုးရမဟုတ်ဘဲ နိုင်ငံရေးကင်းရှင်းသည့် သီးခြားလွတ်လပ်သော လူမှုရေးအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခုထက် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရန်ရည်ရွယ်၍ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို အသစ်ပြန်လည်ရေးဆွဲရခြင်းဖြစ်ကြောင်း ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူးက လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အစိုးရနှင့်မပတ်သက်ဘဲ စေတနာ့ဝန်ထမ်းလုပ်ငန်းကို စိတ်ပါဝင်စားသူ၊ ပရဟိတလုပ်ငန်းများ လုပ်ကိုင်နေသူနှင့် အငြိမ်းစားဝန်ထမ်း၊ အထူးသဖြင့် ကျန်းမာရေး၊ လူမှုရေးနှင့် ပညာရေးလုပ်ငန်းများကို စိတ်ပါဝင်စား၍ ကူညီပံ့ပိုးနိုင်ရန် ယခုထက် ပိုမိုပီပြင်ထိရောက်စွာ လုပ်ကိုင်နိုင်ရန် ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်များကိုအခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ကြောင်း၊ ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာ ၉ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ်(၂၁/၉၀)ဖြင့် ပြဋ္ဌာန်းခဲ့သော မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ရုပ်သိမ်းပြီး ဥပဒေအသစ်ပြန်လည်ပြဋ္ဌာန်းနိုင်ရေးအတွက် ပြန်လည်ပြင်ဆင်ရေးဆွဲရခြင်းဖြစ်ပါကြောင်းလည်း ဆက်လက်ရှင်းလင်းတင်ပြခဲ့သည်။

**အေးအေးသန့်**

# G.A.P နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၉**
ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ G.A.P (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံး စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ထောက်ခံဆွေးနွေးခဲ့ကြသည်။

### တရားဝင်ပိုင်ဆိုင်ခွင့်

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုး၏ **၂၀၁၂ ခုနှစ်၊ လယ်ယာမြေ ဥပဒေပြဋ္ဌာန်းခြင်းမတိုင်မီအချိန်ကတည်ဆဲဥပဒေအရ လုပ်ငန်းဆောင်ရွက်ခဲ့ကြသည့် ငါး၊ပုစွန်၊ မွေးမြူရေးကန်များအား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ တရားဝင်လုပ်ပိုင်ခွင့် ရရှိရေး အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်ပေးပြီး ငါး၊ ပုစွန် မွေးမြူရေးကန်များကို အာမခံပစ္စည်းအဖြစ် သတ်မှတ်၍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေများရရှိရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က လယ်ယာမြေတွင် ငါး၊ ပုစွန် မွေးမြူရေးကန် လုပ်ကိုင်နိုင်ရန် လယ်မြေမျိုးဖြစ်ပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ - ၃၀၊ ပုဒ်မခွဲ(က)အရလည်းကောင်း၊ လယ်မြေမှတစ်ပါး လယ်ယာမြေဖြစ်ပါက ၂၀၁၂ခုနှစ်၊ လယ်ယာမြေဥပဒေပုဒ်မ ၃၀၊ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖြစ်ပါက ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ငါး၊ ပုစွန် မွေးမြူရေးကန်လုပ်ကိုင်သူများမှ မွေးမြူရေးလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားလာပါက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိရေး ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

### ချေးငွေများ ထုတ်ချေးပေး

ငါး၊ ပုစွန် မွေးမြူရေးကန်များကို အာမခံပစ္စည်းအဖြစ်သတ်မှတ်ပြီး လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေရရှိရေးနှင့် စပ်လျဉ်း၍ မြန်မာ့စီးပွားရေးဘဏ်၏ လက်ရှိချေးငွေမူဝါဒအရ မရွှေ့မပြောင်းနိုင်သည့် အပေါင်ခံ၊ အာမခံပစ္စည်းမြေနှင့် အဆောက်အအုံများကို ရယူပြီး အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ချေးပေးလျက်ရှိပါကြောင်း၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများကို စိုက်ပျိုးစရိတ်ချေးငွေ နိုင်ငံတော်၏ အစီအစဉ်ဖြင့် ထုတ်ပေးလျက်ရှိသကဲ့သို့ လယ်ယာသုံးစက်ကိရိယာများဝယ်ယူရန်အတွက်လည်း JICA Two Step loan ဖြင့် နှစ်တို၊ နှစ်ရှည်ချေးငွေများကို ထုတ်ပေးလျက်ရှိပါကြောင်း၊ မြန်မာ့စီးပွားရေးဘဏ်မှတစ်ဆင့် ရရှိသည့်ချေးငွေများကို စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံသည့် စီးပွားရေးလုပ်ငန်းများအတွက် လုပ်ကိုင်သူများကို နှစ်တို၊ နှစ်ရှည် ချေးငွေများ ထုတ်ချေးပေးရန်အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေပြဋ္ဌာန်းခြင်းမတိုင်မီ လုပ်ငန်းဆောင်ရွက်ခဲ့သည့် ငါး၊ ပုစွန် မွေးမြူရေးကန်များအား မွေးမြူလုပ်ကိုင်နေသူများအနေဖြင့် ငါး၊ ပုစွန် မွေးမြူရန် အခြားနည်းအသုံးပြုခွင့်ကို တရားဝင်


ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်

လျှောက်ထားရရှိရန် လိုအပ်ပါကြောင်း၊ ယခင်က ခွင့်ပြုမိန့်မရရှိဘဲ ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများကိုလည်း ထိုက်သင့်သည့် ဒဏ်ကြေးပေးဆောင်စေပြီး တရားဝင်ဖြစ်မြောက်နိုင်ရေးအတွက် ပြီးခဲ့သည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့မှ သက်ဆိုင်ရာတိုင်းဒေသကြီးများကို သတ်မှတ်ဒဏ်ကြေး နှုန်းထားများနှင့်အညီ အသိပေးအကြောင်းကြားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ငါး၊ ပုစွန် မွေးမြူရေးကန်များကို အာမခံပစ္စည်းအဖြစ်သတ်မှတ်၍ လိုအပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဘဏ်ချေးငွေများရရှိရေး ဆောင်ရွက်ရန် ကိစ္စအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဥပဒေ၊ ပြဋ္ဌာန်းချက်များ၊ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

### တိုက်တွန်းကြောင်း အဆို

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်တို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍လည်း ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ နိုင်ငံသူနိုင်ငံသားများ ဘေးကင်းလုံခြုံသော စားနပ်ရိက္ခာများဖူလုံစွာရရှိစေရေးအတွက် ကျေးလက်နေတောင်သူလယ်သမားများအား ပြည်ထောင်စုအစိုးရမှ အသိပညာ၊ နည်းပညာများ အထောက်အပံ့အကူအညီပေးပြီး G.A.P (Good Agriculture Practice) နည်းစနစ်ဖြင့် တစ်နိုင်ငံလုံးစိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်က အဆို၏ ရည်ရွယ်ချက်တွင် တောင်သူလယ်သမားများအတွက် ရေရှည်တည်တံ့သည့် စိုက်ပျိုးရေးကဏ္ဍကို အကောင်အထည်ဖော်ရန်၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ တိုးတက်ရန်၊ ပြည်သူတစ်ရပ်လုံး တစ်ကမ္ဘာလုံးက အသုံးပြုနေသည့် စားနပ်ရိက္ခာများကို ဘေးကင်းရန်၊ လုံခြုံရန်၊ လုံလောက်ရန်တို့ ပါဝင်ပါကြောင်း၊ ယင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် တောင်သူများကိုစွမ်းဆောင်ရည်မြှင့်တင်ရန်လည်း လိုအပ်ပါကြောင်း၊ တောင်သူများနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအကြားတွင် ကောင်းမွန်ပွင့်လင်းသည့်ဆက်ဆံရေးလုပ်ငန်းများ တိုးတက်ရန်အတွက်လည်း ရည်ရွယ်ပါကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုနည်းပညာနှင့် ဈေးကွက်လုပ်ငန်းများကိုလည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်၊ ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ၊ လုပ်ငန်းအစီအစဉ်များ တိုးတက်ရန်အတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အစိုးရနှင့် တောင်သူလယ်သမားများအကြားတွင် ပိုမိုကောင်းမွန်သည့် ပူးပေါင်းဆက်သွယ်မှုများကို ချမှတ်နိုင်မည်ဖြစ်သောကြောင့် ထောက်ခံလိုပါကြောင်း။

### စိုက်ပျိုးထုတ်လုပ်လာ

အစားအသောက်များ ဘေးကင်းလုံခြုံစိတ်ချရန်အတွက် စိုက်ပျိုးထုတ်လုပ်သည့် နည်းစနစ်များကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ G.A.P စနစ်ကို ကျင့်သုံးသည့်နေရာတွင် အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါကြောင်း၊ G.A.P စနစ်ကို တစ်နိုင်ငံလုံး အကောင်အထည်ဖော်သည့်အခါတွင် သက်ဆိုင်ရာဒေသအလိုက် စိုက်ပျိုးရေးဌာနနှင့် သက်ဆိုင်သူများ ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော်မည်၊ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်မည်ဆိုပါက အဆိုရှင်ဆန္ဒအတိုင်း မိမိတို့နိုင်ငံကို အသွင်ပြောင်းနိုင်မည်ဖြစ်သောကြောင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်းက G.A.P စနစ်ကို ကျင့်သုံးမည်ဆိုပါက စိုက်ပျိုးတောင်သူများနှင့် စားသုံးသူများအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ လိုအပ်နေပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာရန်အတွက် ပထမဆုံးအနေဖြင့် အရည်အသွေးကောင်းသည့် စိုက်ပျိုးသီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်လိုအပ်ပါကြောင်း၊ ထိုသို့ ထုတ်လုပ်နိုင်မှသာ တောင်သူများအနေဖြင့် ထွက်ရှိသည့်သီးနှံများသည် ဈေးကောင်းရလာမည်ဖြစ်ပါကြောင်း၊ ဈေးကွက်လည်း ခိုင်မာလာသည်နှင့်အမျှ တောင်သူများမှာလည်း အကျိုးရှိရှိ စိုက်ပျိုးထုတ်လုပ်လာနိုင်မည်ဖြစ်ပါကြောင်း။

### ဆက်လက်အားပေး

G.A.P စနစ်ကို မြန်မာနိုင်ငံတွင် လက်ရှိကျင့်သုံးနေပါကြောင်း၊ ပိုမိုကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးရန်လိုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သီးနှံအရည်အသွေးကောင်းမွန်သည့် စိုက်ပျိုးရေးအလေ့အကျင့်များကို ကမ္ဘာတစ်ဝန်းကျင့်သုံးလာနေပြီး အာဆီယံတွင်လည်း ၂၀၁၂ ခုနှစ်တွင် G.A.P စနစ်ကျင့်သုံးရန် ရေးဆွဲပြဋ္ဌာန်းပါကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံရာတွင် G.A.P လက်မှတ်ပါမှသာ ယုံကြည်စိတ်ချမှုနှင့် စားသုံးမှုပိုမိုလာပြီး ဝယ်လိုအား ကောင်းမွန်လာမည့်အနေအထားဖြစ်ပါကြောင်း၊ ထို့ကြောင့် G.A.P စနစ် အားကောင်းလာစေရန် ဆက်လက်အားပေးသွားရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာတင်တင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးခင်ဝင်းတို့ကလည်း ဆွေးနွေးခဲ့ကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို မေ ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

**ဘားအံ မေ ၂၉**
ဒုတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ကရင်ပြည်နယ်လွှတ်တော်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၁ ဦး ရာခိုင်နှုန်းအားဖြင့် ၉၁. ၃၀ ရာခိုင်နှုန်း တက်ရောက်ကြောင်း သိရသည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြထားသည့် မေးခွန်း(၁၀)ခုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ငါးဦးက မေးမြန်းခဲ့ရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ဖြေကြားခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ)အတွက် ကရင်ပြည်နယ် ရသုံးမှန်းခြေငွေစာရင်းကို ဗမာတိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးတေဇထွန်းလှိုင်ထွေးနှင့် မွန်တိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးမင်းတင်ဝင်းတို့ကလည်းကောင်း၊ ၂၀၁၃ ခုနှစ် ကရင်ပြည်နယ် ယစ်မျိုးခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လှိုင်းဘွဲ့မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာတင်ဝင်းကျော်နှင့် ပအိုဝ်းတိုင်းရင်းသားလူမျိုး လွှတ်တော်မဲဆန္ဒနယ်ကိုယ်စားလှယ် ဦးခွန်မျိုးတင့်တို့ကလည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





## ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသားနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၉**

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်ဆိုင်ရာ အထူးကိုယ်စားလှယ် ဂျော်ဒန်နိုင်ငံမင်းသား Prince Mired Ra'ad Al-Hussein ဦးဆောင်သည့် အထူးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အထူးကိုယ်စားလှယ်က မြေမြှုပ်မိုင်းကြောင့် အပြစ်မဲ့ပြည်သူများအပေါ် ထိခိုက်မှုအန္တရာယ်ဖြစ်ပေါ်စေပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေကြောင်း၊ ယခုအချိန်အထိ မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေးစာချုပ်သို့ နိုင်ငံပေါင်း ၁၆၄ နိုင်ငံမှ အတည်ပြုပါဝင်ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အဆိုပါစာချုပ်သို့ အတည်ပြုပါဝင်ရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် မြေမြှုပ်မိုင်းတားဆီးပိတ်ပင်ရေး စာချုပ်ပါ ပြဋ္ဌာန်းချက်များအား မူအားဖြင့် လက်ခံသဘောတူပါကြောင်း၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးက တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်ကို ပါဝင်လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စွာအကောင်အထည်ပေါ်သည့်အခါတွင် မြန်မာနိုင်ငံအနေဖြင့် စာချုပ်သို့ ပါဝင်နိုင်ရေးကို စဉ်းစားသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း မြေမြှုပ်မိုင်းအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးမှုများ၊ မိုင်းဒဏ်သင့်သူများအား အကူအညီပေးရေးတို့နှင့် ပတ်သက်၍ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ပြန်လည်ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ

**နေပြည်တော် မေ ၂၉**

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၈ ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ ညွှန်ကြားချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်**
**(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)**

**ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်ကိစ္စ**

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဌ) ပုဒ်မခွဲငယ် (၁)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည် နိုင်ငံတော်သမ္မတအား တာဝန်ခံရမည်" ဟုလည်းကောင်း၊ ပုဒ်မခွဲငယ် (၂)တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်အား လည်းကောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်မှတစ်ဆင့် နိုင်ငံတော်သမ္မတအား လည်းကောင်း တာဝန်ခံရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၂။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၀ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီရန်တာဝန်ရှိသည်" ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၉ တွင် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက အခါအားလျော်စွာ ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ ထို့ကြောင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးများသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်နှင့် နိုင်ငံတော်သမ္မတအား အဆင့်ဆင့်တာဝန်ခံကြရသဖြင့် မိမိ၏လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတာဝန်ခံရသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ထံ အသိပေးတင်ပြပြီး သဘောတူညီချက်၊ အတည်ပြုချက်ရယူ၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသော မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ သို့ပါ၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် အထက်ပါဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည်။

**အမိန့်အရ**
**ခင်လတ်**
**အမြဲတမ်းအတွင်းဝန်**
**နိုင်ငံတော်သမ္မတရုံး**

## ဒုတိယဝန်ကြီးဦးအောင်လှထွန်းအား FINANCIAL TIMES မှ သတင်းထောက်နှင့် Mizzima TV အဖွဲ့တို့ သီးခြားစီလာရောက်တွေ့ဆုံ

**နေပြည်တော် မေ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်လှထွန်းက လန်ဒန်အခြေစိုက် FINANCIAL TIMES သတင်းစာမှ အရှေ့တောင်အာရှဒေသဆိုင်ရာ သတင်းထောက်နှင့် ဘန်ကောက်ဗျူရိုအကြီးအကဲ John Reed အား ယနေ့နံနက် ၁၀ နာရီတွင် လက်ခံတွေ့ဆုံခဲ့ပြီး ရန်ကုန်အခြေစိုက် Mizzima TV အဖွဲ့နှင့် နံနက် ၁၁ နာရီတွင် သီးသန့်တွေ့ဆုံမေးမြန်းခန်းကို ပြန်ကြားရေးဝန်ကြီးဌာန၌ ရိုက်ကူးခဲ့သည်။

FINANCIAL TIMES မှ သတင်းထောက် John Reed နှင့် တွေ့ဆုံစဉ် **(ယာပုံ)** မြန်မာနိုင်ငံနှင့်ပတ်သက်၍ စီးပွားရေးသတင်းများရေးသားရန် အခွင့်အလမ်းကောင်းများကို ရှင်းလင်းပြောကြားပြီး စီးပွားရေးအထူးပြုသတင်းများ ရယူရန်၊ ပြည်ဝင်ဗီဇာရရှိရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်နိုင်သည့် နည်းလမ်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

Mizzima TV အဖွဲ့နှင့် သီးသန့်တွေ့ဆုံမေးမြန်းခန်းတွင် မြန်မာ့မီဒီယာလောကဖွံ့ဖြိုးတိုးတက်ရေး၊ သတင်းအချက်အလက်ရရှိပိုင်ခွင့် တိုးတက်လာစေရေးနှင့် သတင်းစာလွတ်လပ်ခွင့် ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမှု အခြေအနေများနှင့်ပတ်သက်ပြီး သိရှိလိုသည်များကို ရှင်းလင်းဖြေကြားခဲ့သည်။

**သတင်းစဉ်**



## ရခိုင်ပြည်နယ်အတွင်း ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ခေတ္တရပ်နား

**စစ်တွေ မေ ၂၉**

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် ပြည်တွင်းရေကြောင်းခရီးသွားသင်္ဘောများ ယမန်နေ့မှစ၍ ခေတ္တရပ်နားထားကြောင်း သိရသည်။

"ကျွန်တော်တို့ဌာနက စစ်တွေမြို့ကို အခြေပြုပြီး ကမ်းရိုးတန်းပြေးဆွဲနေတဲ့ ခရီးသည်တင်သင်္ဘောတွေနဲ့ ပင်လယ်ပြင်သွားလာနေတဲ့ သင်္ဘောတွေကို မေ ၂၈ ရက် ညနေကစပြီးတော့ ရောက်နေတဲ့နေရာတွေမှာ ဘေးကင်းလုံခြုံစွာရပ်တန့်ထားဖို့ သက်ဆိုင်ရာရေယာဉ်အသင်းတွေကို ဖုန်းဆက်ပြီးတော့ အကြောင်းကြားထားပါတယ်၊ ဒီနေ့မနက်ပိုင်းမှာတော့ ရေယာဉ်အသင်းတွေကို စာထွက်ပြီး မုန်တိုင်းဖြတ်ကျော်မယ့် အခြေအနေကြောင့် ရောက်ရှိနေတဲ့နေရာတွေမှာ ဘေးကင်းလုံခြုံစွာခိုလှုံရပ်တန့်ထားဖို့ ညွှန်ကြားထားပါတယ်"ဟု ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးမှ ဦးစီးအရာရှိ ဦးခင်မောင်ထွန်းက ပြောသည်။



"ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက ကျွန်တော်တို့ဆီကို မုန်တိုင်းအန္တရာယ်ရှိကြောင်း အကြောင်းကြားထားပါတယ်၊ ကျွန်တော်တို့ကလည်း သတင်းအချက်အလက်တွေကို နားထောင်စောင့်ကြည့်နေပါတယ်၊ စစ်တွေကထွက်သွားတဲ့ ခရီးသည်တင် မလိခအမြန်ရေယာဉ်တွေကတော့ အခုကျောက်ဖြူနဲ့ မင်းပြားမှာ ရပ်နားပြီးတော့ ရှိနေပါတယ်"ဟု စစ်တွေမြို့ကို အခြေပြုပြီး ပြေးဆွဲနေသည့် မလိခအမြန်ရေယာဉ်မှ လက်ထောက်မန်နေဂျာ ကိုစိုးမိုးလင်းက ပြောသည်။

မြေပုံမြို့မှ ဦးမောင်တင်လှက "မုန်တိုင်းရှိတယ်လို့ သတင်းကြားရပါတယ်၊ မိုးတွေလည်း ရွာနေပါတယ်၊ မြစ်ကမ်းနားသွားကြည့်တော့ လှိုင်းကတော်တော်ထန်နေတယ်၊ ကျွန်တော်တို့က ရေလုပ်ငန်းကိုအဓိကလုပ်ကိုင်နေတဲ့သူတွေဆိုတော့ ငါးမဖမ်းရရင် စားဝတ်နေရေးအခက်အခဲဖြစ်တာပေ့ါ၊ ဒါကြောင့် မုန်တိုင်း အမြန်ပျက်ပြယ်သွားဖို့ပဲ ဆုတောင်းနေရတယ်"ဟု ပြောသည်။

မုန်တိုင်း၏အရှိန်ကြောင့် စစ်တွေမြို့ကို အခြေပြုပြီး ပြေးဆွဲနေသော ခရီးသည်တင်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ ခေတ္တရပ်နားထားရပြီး ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင်လည်း မုန်တိုင်းအန္တရာယ်ကျရောက်လာပါက ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် လိုက်လံသတိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်ခံရသည့် ရွှေပြည်သာမြို့နယ်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ဆေး

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ယနေ့နံနက် ၃ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် အမှတ် (၈) ရပ်ကွက်၊ အမှတ် (၉) ရပ်ကွက်၊ အမှတ် (၁၁) ရပ်ကွက်၊ အမှတ်(၁၉)ရပ်ကွက်၊ အမှတ်(၂၀)ရပ်ကွက်တို့ရှိ နေအိမ်တချို့ အမိုးလန်ခြင်းနှင့် ပြိုလဲခြင်းများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။



အဆိုပါနေရာသို့ ယနေ့နံနက် ၉ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သွားရောက်ကြည့်ရှုပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား ပြိုလဲသွားသည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးကြိုးများ ပြန်လည်တပ်ဆင်ခြင်း စသည်တို့ကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် လမ်းညွှန်မှာကြားခဲ့သည်။

"လေပြင်းတိုက်ခတ်မှုကြောင့် အိမ်အလုံးနှစ်ရာလောက် ထိခိုက်ပျက်စီးသွားပါတယ်၊ တချို့ ဓာတ်တိုင်တွေလည်း လဲသွားတာဖြစ်တဲ့အတွက် ဒီအခြေအနေကို ဒီနေ့ညနေမှာ ရပ်ကွက်နေပြည်သူတွေ အဆင်ပြေ ချောမွေ့စေဖို့အတွက် ကျွန်တော်တို့ အမြန်ဆုံးကြိုးကြပ်ကွပ်ကဲမှုတွေ ဆောင်ရွက်နေပါတယ်၊ ဒီလိုမလုပ်ရင် ဒီညမှာ မီးမရတဲ့သူတွေ၊ ရေမရတဲ့သူတွေ၊ နေရေးထိုင်ရေး အခက်အခဲဖြစ်တဲ့သူတွေ ဖြစ်လာနိုင်စရာအကြောင်းရှိပါတယ်"ဟု ဝန်ကြီးချုပ်က ပြောသည်။

အဆိုပါ လေဘေးသင့်နေရာသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ဌာနအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရေး အနီးကပ် လမ်းညွှန်မှာကြားလျက်ရှိကြောင်း သိရသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်တချို့တွင် လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**ဇာနည်မောင်**

# ရွှေပြည်သာမြို့နယ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် ၅၀၀ ခန့် ပျက်စီးမှုဖြစ်ပွား သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးလျက်ရှိ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်တွင် ယနေ့နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့် ဆိုင်ခန်းငါးရာခန့် ပျက်စီးမှုဖြစ်ပွားခဲ့သဖြင့် သက်ဆိုင်ရာက အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

"မနက် ၃ နာရီကျော်လောက်မှာ လေယာဉ်ပျံတဲ့ အသံမျိုးကြားပြီး လေတွေ တိုက်တော့တာပါပဲ။ လေတိုက်တဲ့အချိန် သုံးမိနစ်လောက်ပဲကြာတယ်။ သစ်ပင်တွေ ပြိုလဲပြီး နေအိမ်တွေ တော်တော်များများ ပျက်စီးသွားတယ်။ အဲဒီအချိန်မှာ မီးတွေလည်းပြတ်နေတော့ ဘေးကင်းတဲ့ နေရာကနေ စောင့်ကြည့်နေရတယ်။ လေငြိမ်ပြီး မိုးတိတ်သွားတော့မှ ပတ်ဝန်းကျင်မှာ တော်တော်ပျက်စီးသွားတာကို တွေ့ရတယ်။ လူထိခိုက်ဒဏ်ရာရရှိမှုတော့ မကြားမိပါဘူး"ဟု အမှတ်(၂၀)ရပ်ကွက်နေ ဦးကျော်ဒင်က ပြောသည်။

ရွှေပြည်သာမြို့နယ်တွင် ယနေ့နံနက် ၃ နာရီ ၁၀ မိနစ်ခန့်က မိုးများအဆက်မပြတ်ရွာသွန်းခဲ့ပြီး မိုးရွာသွန်းမှုနှင့်အတူ အဆိုပါမြို့နယ်ရှိ အမှတ် (၈)၊ (၉)၊ (၁၁)၊ (၁၃)၊ (၁၉)၊ (၂၀)၊ (၂၃) ရပ်ကွက်တို့၌ လေပြင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သဖြင့် နေအိမ်နှင့် ဆိုင်ခန်း ၅၀၀ ကျော်ခန့် အမိုးလန်ခြင်း၊ ပြိုလဲခြင်းတို့ဖြစ်ပေါ်ခဲ့သည့်အပြင် သစ်ပင်များနှင့် ဓာတ်တိုင်များ ပြိုလဲမှုဖြစ်ပွားခဲ့သည်။

ဖြစ်ပွားရာသို့ သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများက အမှိုက်များ ရှင်းလင်းခြင်း၊ နေအိမ်အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်မှုများ ပြုလုပ်ပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက "ပျက်စီးဆုံးရှုံးမှုအနေနဲ့ အိမ်တွေ အမိုးလန်တာတွေရှိသလို တချို့အိမ်တွေကတော့ အလုံးလိုက်ပျက်စီးသွားတာမျိုးရှိပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီး ထောက်ပံ့မှုတွေကိုတော့ လူကယ်ပြန်ဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနကနေ လုပ်ဆောင်နေပါတယ်။ ငွေကြေးအနေနဲ့ကတော့ ပျက်စီးဆုံးရှုံးမှုအပေါ်မှာမူတည်ပြီး သတ်မှတ်နှုန်းထားတွေအတိုင်း ထောက်ပံ့ပေးတာမျိုးလုပ်သွားမှာပါ။ စတင်ဖြစ်ပွားတဲ့အချိန်က စပြီးတော့ သက်ဆိုင်ရာအနေနဲ့ ပြည်သူလူထုနဲ့ ပူးပေါင်းပြီး အပျက်အစီးတွေကို ရှင်းလင်းမှုတွေ လုပ်ခဲ့ပါတယ်"ဟု ပြောကြားသည်။

နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူတို့သည် လေပြင်းတိုက်ခတ်ခဲ့သည့် ရပ်ကွက်များသို့ သွားရောက်ကြည့်ရှုပြီး အချက်အလက်မှန်ကန်မှုရှိအောင် ဆောင်ရွက်ရေး၊ အပျက်အစီးများကို အမြန်ဆုံးရှင်းလင်းရေးနှင့် လျှပ်စစ်မီး အမြန်ရှိရေးတို့အတွက် သက်ဆိုင်ရာတာဝန်ရှိသူတို့အား ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယနေ့ဖြစ်ပွားခဲ့သည့် လေပြင်းတိုက်ခတ်မှုဖြစ်စဉ်ကြောင့် ရွှေပြည်သာမြို့နယ်တွင် နေအိမ်နှင့် ဆိုင်ခန်းငါးရာခန့် ပျက်စီးခဲ့ပြီး အိမ်ထောင်စုငါးရာကျော် လေဘေးဒဏ်ကို ခံစားခဲ့ရသဖြင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနအနေဖြင့် အိမ်ထောင်စုအလိုက် ထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့သည်။

ထို့အပြင် လေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အနေဖြင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မေခဆောင်ဖောင်ဒေးရှင်းက ငွေကျပ် ၁၅ သိန်းကိုလည်းကောင်း ရွှေပြည်သာမြို့နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး တိုင်းဒေသကြီး ညွှန်ကြားရေးမှူး ဦးဝင်းရွှေက "ဒီနေ့မနက်ဖြစ်ပွားခဲ့တဲ့လေဘေးဟာ ရပ်ကွက်ခုနစ်ခုလောက် ခံစားခဲ့ရတဲ့အတွက် ဧရိယာကျယ်ပြန့်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေနဲ့အတူ ညှိနှိုင်းအစည်းအဝေးလုပ်ပြီး စာရင်းကောက်ယူမှုတွေ လုပ်ခဲ့ပါတယ်။ ရရှိလာတဲ့ စာရင်းအရ အိမ်အပျက်အစီးတွေအပေါ်မှာ မူတည်ပြီး နိုင်ငံတော်က ထောက်ပံ့ပေးနေတဲ့ ငွေကြေးနှုန်းထားတွေအတိုင်း ထောက်ပံ့ပေးသွားမှာ ဖြစ်သလို ကယ်ဆယ်ရေးပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။ လက်ရှိမှာလည်း အဝတ်အထည်နဲ့ မိသားစုသုံးပစ္စည်းတွေကို အိမ်ထောင်စုအလိုက် ထောက်ပံ့ပေးခဲ့ပါတယ်။ စုစုပေါင်း အိမ်ထောင်စု ငါးရာကျော်ရှိပါတယ်"ဟု ပြောသည်။

ရွှေပြည်သာမြို့နယ် အုပ်ချုပ်ရေးမှူး (သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ) ဦးရဲထွန်းအောင်က "သတင်းကြားကြားချင်း သက်ဆိုင်ရာအဖွဲ့တွေနဲ့ ချိတ်ဆက်ပြီး ဆောင်ရွက်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ လမ်းတွေပေါ်က အပျက်အစီးတွေကို ပူးပေါင်းအဖွဲ့တွေနဲ့ ရှင်းလင်းပါတယ်။ ဒုတိယအဆင့်အနေနဲ့ ထိခိုက်ပျက်စီးမှုစာရင်းတွေကို ရပ်ကွက်၊ လမ်းတွေအလိုက် စနစ်တကျ ကောက်ယူပါတယ်။ တတိယအဆင့်အနေနဲ့ ပြန်လည်ထူထောင်ရေး အရေးနဲ့အတူ ကောက်ယူရရှိတဲ့ စာရင်းတွေအရ ဘေးအန္တရာယ်ဆိုင်ရာဦးစီးဌာနကနေ ထောက်ပံ့မှုတွေ ပြုလုပ်ပေးသွားမှာ ဖြစ်ပါတယ်။ လတ်တလောမှာလည်း လေဘေးဒဏ်သင့်ပြည်သူတွေအတွက် နံနက်စာနဲ့ ညနေစာကို ထမင်းထုပ်တွေ လိုက်လံဝေငှပေးနေပါတယ်"ဟု ပြောသည်။



အဆိုပါဖြစ်ပွားမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရပြီး အမှတ်(၂၀) ရပ်ကွက်မှာ လေဘေးဒဏ်ကို အများဆုံးခံစားခဲ့ရပြီး ပျက်စီးဆုံးရှုံးမှု အများဆုံးဖြစ်သည့်အတွက် အဆိုပါရပ်ကွက်အတွင်းရှိမြတ်စေတနာမဗ္ဗာရုံ၌ လေဘေးဒဏ်သင့် ပြည်သူများအတွက် ယာယီကယ်ဆယ်ရေးစခန်းကို သက်ဆိုင်ရာက ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

အလားတူယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မှော်ဘီ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ သဃ်န်းကျွန်း၊ လှိုင်သာယာ၊ အလုံ၊ စမ်းချောင်း၊ တိုက်ကြီး၊ သာကေတ၊ ဆိပ်ကြီးခနောင်တို စသည့် မြို့နယ်တို့အပါအဝင် မြို့နယ်အချို့တွင်လည်း မိုးရွာသွန်းမှုနှင့်အတူ လေပြင်းတိုက်ခတ်မှုများကြောင့် သစ်ကိုင်းများ ကျိုးကျခြင်းနှင့် သစ်ပင်များပြိုလဲခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# မွန်ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ်၊ ၂၈/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နယုန်လဆန်း ၁၅ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၂၉ ရက်)

**မွန်ပြည်နယ်ဝန်ကြီး ရာထူးမှနုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးမင်းထင်အောင်ဟန် ကို ယင်း၏သဘောဆန္ဒအလျောက် ပြည်နယ်ဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်။

**(ပုံ) ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

### ☆ ရွှေဖုံးမှ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကလေးသူငယ်အခွင့်အရေးကို ကာကွယ်ရန် အရေးကြီးကြောင်း၊ ယင်းသို့ ကာကွယ်နိုင်ရေးအတွက် ပညာရေး ကဏ္ဍမြှင့်တင်ရန်သည် လိုအပ်ကြောင်း၊ အကြမ်းဖက်မှုနှင့် မတရားနှိပ်စက်မှုများသည် အားနည်းသူများအပေါ် ဖြစ်ပေါ်စေကြောင်း၊ အမျိုးသမီးများနှင့် ကလေးသူငယ်များသည် အကြမ်းဖက်မှုခံရသူအများစုဖြစ်ကြောင်း၊ ယင်းသို့ အားနည်းသူများအပေါ် မတရားနှိပ်စက်အကြမ်းဖက်မှုမဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ရန်လိုကြောင်း အလေးထားပြောကြားခဲ့သည်။

**သတင်းစဉ်**

### ○ အားကောင်းသောမုန်တိုင်းမှ

အလားတူ မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ လက်ထောက်မီးသတ်ဦးစီးမှူး အောင်သန်းဝင်း ဦးဆောင်သောတပ်ဖွဲ့ဝင်များသည် ဘူးသီးတောင်မြို့ပေါ်တွင် မုန်တိုင်းသတိပေးချက်များ လှည့်လည်ကြေညာခဲ့ကြောင်း သိရသည်။

မုန်တိုင်းဖြစ်ပေါ်လာပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ မောင်တောခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန့်ဇင်က "မုန်တိုင်းအရေးပေါ်သတ်မှတ်ချက်ကြောင့် ဒီမနက်ပိုင်းမှာ မောင်တောမြို့နယ်နဲ့ ဘူးသီးတောင်မြို့နယ်အတွင်းမှာ ပြည်သူတွေကို ကြိုတင်ပြီးတော့ မိုးလေဝသ သတိပေးချက်တွေကို အသံချဲ့စက်နဲ့ အသိပေးနှိုးဆော်တာတွေ လုပ်နေပါတယ်။ ခရိုင်အတွင်းမှာရှိတဲ့ မီးသတ်စခန်းတွေမှာလည်း ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀၅ ဦးကို အသင့်အနေအထားနဲ့ စုဖွဲ့ထားပါတယ်။ မိုးလေဝသအခြေအနေပေါ် မူတည်ပြီးတော့ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ရဲ့လုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်မှာဖြစ်ပါတယ်"ဟု ပြောကြားသည်။

အလားတူ စစ်တွေမြို့နှင့် မာန်အောင်မြို့နယ် ကြက်ခြေနီအသင်းခွဲများမှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စုပေါင်း၍ ဖြစ်ပေါ်လာနိုင်မည့် မုန်တိုင်းအန္တရာယ်အတွက် အသိပညာပေးဆိုင်းဘုတ်များနှင့် မုန်တိုင်းသတိပေးအလံထောင်ခြင်းများကို ရပ်ရွာလူထုအန္တရာယ်ကင်းရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမုန်တိုင်းအရေးပေါ်အခြေအနေကြောင့် မောင်တောမြို့မှ စစ်တွေမြို့သို့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများလည်း ခေတ္တရပ်ဆိုင်းထားရကြောင်း သိရသည်။ အဆိုပါအခြေအနေနှင့်ပတ်သက်၍ မောင်တော-စစ်တွေ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသည့် ကိုအောင်ကိုက "အရေးပေါ်မုန်တိုင်းသတိပေးချက်ကြောင့် တာဝန်ရှိသူတွေအနေနဲ့ ဒီနေ့ကစပြီးတော့ သုံးရက်တိတိ မောင်တောကနေ အငူမော်သွားတဲ့ ခရီးစဉ်တွေနဲ့ အငူမော်-စစ်တွေ ရေကြောင်းခရီးစဉ်တွေကို ဆိုင်ငံ့ထားပါတယ်။ အဲလိုမျိုး ဆိုင်းငံ့ထားပေမယ့် ရာသီဥတုစိတ်ချရတဲ့ အနေအထားဖြစ်တယ်ဆိုရင်တော့ ခရီးစဉ်တွေကို ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားသည်။

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်၏ အရှိန်ကြောင့် မေ ၂၉ ရက်မှ ၃၁ ရက်အတွင်း လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက် ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြရန်နှင့် ပြည်တွင်း လေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။

**သတင်း-ဇင်ဦး၊ နိုင်လင်းကြည်**

*** ပြည်သူ့အတွက်မှ**

သတင်းစာရှင်းလင်းပွဲတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် စီးပွားရေးတိုးတက်မှုနှုန်း ခုနစ်ရာခိုင်နှုန်းကို ငွေဖောင်းပွမှုနှုန်း ၅ ဒသမ ၅ ရာခိုင်နှုန်းအတွင်း ထားရှိဆောင်ရွက်နိုင်ရန် သီးသန့်ငွေတိုးတက်မှုနှုန်းကို ၁၆ ရာခိုင်နှုန်းနှင့် စုစုပေါင်း ငွေကြေးပမာဏတိုးတက်မှုနှုန်း ၂၃ ရာခိုင်နှုန်းရှိစေရန် ဆောင်ရွက်ခဲ့ပါကြောင်း။

**ထိန်းသိမ်းနိုင်ခဲ့**

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလဖြစ်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အပ်ငွေလေလံ ၂၄ ကြိမ်ခေါ်ယူကာ တစ်ကြိမ်လျှင် ပျမ်းမျှ ကျပ် ၃၀၇ ဘီလီယံဖြင့် ဈေးကွက်အတွင်းမှ ပိုလျှံငွေကြေးများကို နုတ်သိမ်းနိုင်ခဲ့ပါကြောင်း၊ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ငွေကြေးပမာဏတိုးတက်မှုနှုန်းကို ရည်မှန်းချက်ထားရှိခဲ့သည့် ၂၃ ရာခိုင်နှုန်းအောက်ရှိစေရန် ထိန်းသိမ်းနိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် CBN- NET (RGTS) System ကို International Standard နှင့်အညီဖြစ်စေရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် JICA တို့အကြား ဆွေးနွေးမှုမှတ်တမ်းကို လက်မှတ်ရေးထိုးခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်းနယ်ပယ်များကို သတ်မှတ်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီမှ စတင်၍ အခွန်ထမ်းများအနေဖြင့် မည်သည့်ဘဏ်မှမဆို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ ပြည်တွင်းအခွန်များဦးစီးဌာနစာရင်းသို့ CBN- NET System Customer Credit Transfer Function ကို အသုံးပြု၍ အွန်လိုင်းမှ အခွန်ပေးဆောင်ခြင်း ဆောင်ရွက်နိုင်မည့် အစီအစဉ်ကို စတင်ဆောင်ရွက်လျက်ရှိပါကြောင်း။

**မူဝါဒချမှတ်နိုင်ရေး**

လျင်မြန်ထိရောက်ပြီး လုံခြုံမှုရှိသော Retail Payment System ဖြစ်စေရေးအတွက် MPU Switch ကို Upgrade ပြုလုပ်ကာ EMV Card Migration ဆောင်ရွက်နိုင်ရေးနှင့် International Standard QR Code အသုံးပြုမှုစနစ် အကောင်အထည်ဖော်ရေးအတွက် မူဝါဒချမှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

Messaging Standard ကို ISO 20022 နှင့်အညီ မြှင့်တင်ဆောင်ရွက်ပြီး Cross Border Payment များကို ASEAN Framework နှင့်အညီ ဆောင်ရွက်နိုင်ရေး အသင့်အနေအထား ရောက်ရှိအောင် ဆောင်ရွက်လျက်ရှိပါကြောင်း။

ထိရောက်တည်ငြိမ်လုံခြုံမှုရှိသော ငွေပေးချေမှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် World Bank Loan Project 2017-2021 အောက်တွင် Payment System Oversight အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် Payment Expert များ၏ နည်းပညာအကူအညီ ရယူဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း။

ပြည်ပ ငွေပေးငွေယူစာရင်းပြုစုရေးဆွဲမှု တိုးတက်ကောင်းမွန်စေရေးအတွက် ပြည်ပငွေပေး၊ ငွေယူစာရင်းများ မှန်ကန်တိကျစေရန်နှင့် အရည်အသွေးပြည့်ဝစေရန်၊ အပြည်ပြည်ဆိုင်ရာ နည်းစနစ်များနှင့်ကိုက်ညီစေရန် IMF မှ ပြည်ပ ငွေကြေးစာရင်းအင်းများနှင့် ပတ်သက်သော နည်းပညာအကူအညီ ရယူဆောင်ရွက်လျက်ရှိပြီး အဆိုပါ အစီအစဉ်မှပင် ပြည်ပငွေပေး၊ ငွေယူစာရင်းများကို Balance of Payments and International Investment Position Manual Fifth Edition- BPM5 အရ တွက်ချက်ခဲ့ခြင်းမှ ယခုအခါ BPM6 သို့ ပြောင်းလဲတွက်ချက်နိုင်ခဲ့ပါကြောင်း။

**ပြန်လည်သုံးသပ်ခြင်း**

ထို့ပြင် BPM6 နှင့် လိုက်လျောညီထွေဖြစ်စေရန် ဘဏ်များမှ ကောက်ယူသောစာရင်းစနစ် International Transactions Reporting System- ITRS ကို အဆင့်မြှင့်တင်ခဲ့ပြီး ကိန်းဂဏန်းအချက်အလက်များအပေါ် ခန့်မှန်းသုံးသပ်ခြင်း၊ ကျင့်သုံးရမည့် နည်းလမ်းများနှင့် ရရှိနိုင်သော အရင်းအမြစ်များကို ပြန်လည်သုံးသပ်ခြင်းစသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံ၏ AML/ CFT ဆိုင်ရာလုပ်ငန်းများကို မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် အန္တရာယ်အကဲဖြတ်မှုအစီရင်ခံစာ ရေးဆွဲခြင်း၊ အမျိုးသားအဆင့် မဟာဗျူဟာရေးဆွဲခြင်း၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေ ပြင်ဆင်ရေးဆွဲခြင်း



မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်း



ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုး



နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးစိုင်းသော်တာဝင်း

စသည့် ကိစ္စရပ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ဘဏ်များအတွက် AML/CFT ဆိုင်ရာ ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးရေးအစီအစဉ်များ ဆောင်ရွက်ခြင်း၊ ဘဏ်များ၏ Institutional Profile များကို ပြုစုခြင်း၊ AML/ CFT Risk Management Questionnaire နှင့် အပ်ငွေများ၊ ငွေအပ်နှံသူများအပေါ် ဆုံးရှုံးနိုင်ခြေအတန်းအစားခွဲခြားခြင်း၊ ဘဏ်များကို Risk- Based Approach ဖြင့် ကြီးကြပ်စစ်ဆေးခြင်း စသည့် ဘဏ်များ၏ AML/CFT ဆိုင်ရာ တိုးတက်လိုက်နာစေရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ပြည်သူများအတွက် ငွေကြေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ရရှိစေရန် ပုဂ္ဂလိကဘဏ်များကို ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခွင့်ပြုခဲ့ရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ဘဏ်ခွဲပေါင်း ၁၂၄၇ ခုရှိခဲ့ရာမှ ယခုအချိန်တွင် ဘဏ်ခွဲပေါင်း ၁၆၅၃ ခု တိုးချဲ့ဖွင့်လှစ်ခွင့်ပြုနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် ချေးငွေလိုအပ်နေသော လုပ်ငန်းရှင်များနှင့် ပြည်သူသို့ တစ်ဖက်တစ်လမ်းမှ ချေးငွေပံ့ပိုးပေးနိုင်ရန် ရည်ရွယ်၍ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများကို တည်ထောင်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ၁၃ ခု ရှိခဲ့ရာမှ ယခုအခါ ၂၅ ခုအထိ တိုးတက်တည်ထောင်ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း။

**တိုးတက်ခွင့်ပြု**

ဘဏ်ခွဲဖွင့်လှစ်နိုင်ခြင်းမရှိသည့် နေရာများမှ ပြည်သူများအတွက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုရရှိစေရန် ဘဏ်၏အေးဂျင့်မှတစ်ဆင့် Mobile Application ကို အသုံးပြု၍ ဝန်ဆောင်မှုပေးနိုင်ရန် ဘဏ်များကို မိုဘိုင်းဘဏ်လုပ်ငန်း ဆောင်ရွက်ခွင့်ပြုထားရာ ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ပုဂ္ဂလိကဘဏ် ခုနစ်ခုကို မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှု ဆောင်ရွက်ခွင့်ပြုခဲ့ရာမှ ယခုအခါ ပုဂ္ဂလိကဘဏ် ကိုးခုမှ မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုများ တိုးတက်ခွင့်ပြု ဆောင်ရွက်လျက်ရှိပါကြောင်း။

ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအပြင် မိုဘိုင်းကွန်ရက် အော်ပရေတာများကပါ ဝန်ဆောင်မှုပေးနိုင်ရန် ရည်ရွယ်၍ မိုဘိုင်းကွန်ရက် အော်ပရေတာ နှစ်ခုနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုတို့ကို မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

၎င်းနောက် ကာကွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဗိုလ်မှူးချုပ်အောင်ကျော်ဟိုးက နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဖြစ်ပွားခဲ့သည့် မီးလောင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြစ်ရေကြီးခြင်းနှင့် ငလျင်လှုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကျရောက်လာသည့် အချိန်တိုင်းတွင် တပ်မတော်သည် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့ပါကြောင်း။

**ဆောင်ရွက်ခဲ့**

၂၀၁၇ ခုနှစ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ခုနစ်ခုတို့တွင် စေတီပုထိုးများနှင့် လူနေအိမ်များစွာ ပျက်စီးဆုံးရှုံးခဲ့ပြီး ပြုပြင်ပေးခြင်းများအနေဖြင့် ဘုရားစေတီ ခြောက်ဆူ၊ ဘုန်းကြီးကျောင်း ၃၆ ကျောင်း၊ အိမ်ခြေ ၇၁၄ လုံး၊ စာသင်ကျောင်း ၃၆ ကျောင်း၊ ဆေးရုံ သုံးရုံ၊ ကယ်ဆယ်ရေးနှင့်ထောက်ပံ့ရေး စုစုပေါင်း တန်ဖိုးငွေကျပ် ၃၅ သန်းကျော် ဆောင်ရွက်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ်အတွင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေကြီးမှု ဖြစ်ပွားခဲ့ရာ တပ်မတော်က အိမ်ထောင်စု ၄၀၇၄ စုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၈ သန်းကျော် ပေးအပ်နိုင်ခဲ့ပါကြောင်း။

**ပေးအပ်လှူဒါန်းနိုင်**

၂၀၁၆ ခုနှစ်မှ ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခု တို့တွင် ရေဘေးသင့် အိမ်ထောင်စု ၁၁၈၅၁ စုကို တပ်မတော်ပိုင်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ကုန်တန်ချိန် ၁၂၇ တန်နှင့် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်း တန်ဖိုးငွေကျပ် ၁၃၇ သန်းကျော် ပေးအပ်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ်လအတွင်း၌ ဖြစ်ပွားခဲ့သည့် ပုဂံငလျင်တွင် ပျက်စီးသွားသော စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများနှင့် လူနေအိမ်များ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များက ၂၀၁၇ ခုနှစ် ဧပြီလတွင် ဒုတိယအကြိမ် အလှူငွေကျပ် ၈၉၂ သန်းကျော် ပေးအပ်လှူဒါန်းနိုင်ခဲ့ပါကြောင်း။

မြန်မာ့တပ်မတော်(ရေ)မှ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် စစ်ရေယာဉ် ခြောက်စင်းဖြင့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့ရသူ ၄၂ ဦးကို ကယ်ဆယ်မှုပြုလုပ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုရာ) ဒဏ်ခံခဲ့ရသော ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် စစ်ရေယာဉ် နှစ်စင်းဖြင့် ကုန်ပစ္စည်းတန်ချိန် ၁၆၅ ဒသမ ၆၄၆ တန်နှင့် စုစုပေါင်း တန်ဖိုးငွေကျပ် ၃၀၉ သန်းကျော် ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ဒုတိယတစ်နှစ်တာကာလအတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးရေးကိစ္စရပ်များကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် UNCTFMR တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း။

**လွှဲပြောင်းပေးအပ်ခဲ့**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၆ ခုနှစ် မေ ၁၁ ရက်စွဲဖြင့် ခွင့်ပြုချက်အရ အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို အဖွဲ့ဝင် ၁၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း။

တပ်မတော်သို့ ဝင်ရောက်စဉ် အသက် (၁၈)နှစ်ပြည့်မြောက်ခြင်း မရှိသေးကြောင်း စိစစ်တွေ့ရှိရသည့် စစ်သည် ၆၇ ဦးကို အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ၂၀၁၇ခုနှစ် ဇွန် ၂၃ ရက်တွင် တပ်မတော်က လုပ်ထုံးလုပ်နည်းနှင့်အညီ နုတ်ထွက်ခွင့်ပြု၍ မိဘ/အုပ်ထိန်းသူများထံသို့ အခမ်းအနားဖြင့် လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်၊ ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်တို့တွင် ဆေးဝန်ထမ်းတပ်ဖွဲ့သည် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြင့် ပါဝင်ထမ်းဆောင်လျက်ရှိပါကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့အနေဖြင့် ဝေးလံခေါင်းဖျား၍ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်လျက်ရှိသော ကျေးလက်ဒေသများသို့ အထူးဆေးကုသရေးအဖွဲ့များ စေလွှတ်၍ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမခွဲခြားဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့များသည် ရွှေ့လျားခွဲစိတ်ယာဉ်၊ ခတ်ခွဲယာဉ်နှင့် ခတ်မှန်ရိုက်ယာဉ်များ အပါအဝင်ဖြင့် လည်းကောင်း၊ တပ်မတော် ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)၊ မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုစွန်)နှင့် မြစ်ရေယာဉ်(စကု) တို့ဖြင့်လည်းကောင်း ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးခြင်းနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်သူလူထုအတွင်း အဖြစ်များသော တီဘီရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ ကင်ဆာရောဂါများ၊ နာတာရှည်အဆစ်ရောင်ရောဂါ၊ ထိခိုက်အရိုးကျိုးဒဏ်ရာများနှင့် ရင်သားကင်ဆာရောဂါများ ရှာဖွေဖော်ထုတ်ကုသပေးနိုင်ခြင်း၊ သွေးဖောက်စစ်ဆေးပေးခြင်း၊ မျက်စိရောဂါခွဲစိတ်ကုသမှုများ၊ အသေးစား၊ အကြီးစားနှင့် အရေးပေါ်ခွဲစိတ်ကုသမှုများ ပြုလုပ်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၆ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်အတွင်း ကျန်းမာရေးစောင့်ရှောက်မှု နှစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး အထွေထွေရောဂါ၊ ခွဲစိတ်မှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါဖြစ်ပွားသူ စုစုပေါင်း ၁၇၂၁၀ တို့ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့ပါကြောင်း။

**မွေးဖွားပေးနိုင်ခဲ့**

တပ်မတော်မှ အထူးကုပါရဂူကြီးများ၊ ဆေးမှူးများ၊ သူနာပြု(အရာရှိ)များ လိုက်ပါပြီး ၂၀၁၇ ခုနှစ် မတ် ၂၉ ရက်မှ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက်အတွင်း သွားလာရေး ခက်ခဲသည့် ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်ရှိ ပြည်သူများထံသို့ လည်းကောင်း၊ ရန်ကုန်မှ ကိုကိုးကျွန်းနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များရှိ ပြည်သူများထံသို့ လည်းကောင်း သွားရောက်ကာ အထွေထွေရောဂါ၊ ခွဲစိတ်ကုသမှုရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါနှင့် ကလေးရောဂါ စုစုပေါင်း ၁၆၃၁၂ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ် သားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင်တစ်ဦးကိုလည်း အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှ ဒီဇင်ဘာ ၁၇ ရက်အထိ မြစ်ဝကျွန်းပေါ်ဒေသရှိ လပွတ္တာမြို့နယ်နှင့် မအူပင်မြို့နယ်များသို့ သွားရောက်ကာ ပြည်သူလူထု စုစုပေါင်း ၁၈၆၇၆ ဦးကို ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခဲ့ပါကြောင်း။

**ပြန်လည်ဖွင့်လှစ်ခဲ့**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများကို နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်နှင့် နိုင်ငံတော်တွင် အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက လေ့ကျင့်သားပြည့်ဝသည့် အရန်အင်အားစုတစ်ခု တည်ဆောက်ထားရှိပြီးဖြစ်ရန်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်များတွင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှစ၍ လေ့ကျင့်ရေးသင်တန်းများ ပြန်လည်ဖွင့်လှစ်ခဲ့ပါကြောင်း။

၂၀၁၇- ၂၀၁၈ ပညာသင်နှစ်တွင် လေ့ကျင့်သင်ကြားပေးနိုင်မှုအနေဖြင့် အမှတ်(၁) တက္ကသိုလ်လေ့ကျင့်ရေးတပ်က ၁၈၉၅ ဦး၊ အမှတ်(၂)တက္ကသိုလ်လေ့ကျင့်ရေးတပ်က ၁၀၂၈ ဦး၊ အမှတ်(၃)တက္ကသိုလ်လေ့ကျင့်ရေးတပ်က ၃၉၄ ဦး၊ အမှတ် (၄)တက္ကသိုလ်လေ့ကျင့်ရေးတပ်က ၆၀၈ ဦး၊ အမှတ် (၆)တက္ကသိုလ်လေ့ကျင့်ရေးတပ်က ၃၄၅ ဦး စုစုပေါင်း ၄၂၇၀ တို့ကို လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ပါကြောင်း။

တက္ကသိုလ်လေ့ကျင့်ရေးတပ်များ ဖွင့်လှစ်ရခြင်းမှာ တက္ကသိုလ်ပညာရပ်များ သင်ကြားပြီးနောက် တပ်မတော်အရာရှိများအဖြစ် ထမ်းဆောင်နိုင်ရန်၊ ပြည်သူ့စစ် မဟာဗျူဟာအတွက် အခြေခံအင်အားစုတစ်ရပ်အနေဖြင့် တည်ဆောက်ထားရန်၊ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် အရည်အသွေးပြည့်ဝပြီး ကိုယ်ကျင့်တရား၊ စည်းကမ်း၊ စိတ်ဓာတ်ကောင်းမွန်စေရန်၊ ပြည်သူ့စစ် အခြေခံသဘောတရားများ ပြည့်ဝလာစေရန်နှင့် ကာကွယ်ရေးဆိုင်ရာ အသိအမြင်များ ရရှိစေရန်တို့ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

စာမျက်နှာ ၁၁ သို့ ☆

☆ စာမျက်နှာ ၁၀ မှ

ထို့နောက် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးစိုင်းသော်တာဝင်းက နေပြည်တော်ကောင်စီအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပထမ(၁)နှစ်တာကာလနှင့် ဒုတိယ(၁) နှစ်တာကာလတို့တွင် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊ တံတား၊ ဆည်မြောင်း၊ ရေတွင်းရေကန်၊ လျှပ်စစ်မီးလင်းရေးနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍများကို ပြည်ထောင်စုရန်ပုံငွေ၊ ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ၊ နေပြည်တော်ကောင်စီရန်ပုံငွေနှင့် ဒေသအစီအစဉ်ဖြင့် အလှူရှင်များ၏ ဆောင်ရွက်မှုများဖြင့် လုပ်ငန်းပေါင်း ၂၈၂၃ ခုကို ငွေကျပ် ၈၄၀၉၆ ဒသမ ၈၀၂ သန်း သုံးစွဲ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**၁၃၉၂ ခု ဆောင်ရွက်နိုင်**

နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလ အတွင်း ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လမ်း၊ တံတားကဏ္ဍ၊ ဆည်ကန်ကဏ္ဍ၊ မီးလင်းရေးကဏ္ဍ၊ ရေရရှိရေးကဏ္ဍနှင့် အခြားဒေသဖွံ့ဖြိုးရေးကဏ္ဍ စသည့်ကဏ္ဍ ခုနစ်ခုအတွက် ငွေကျပ်သန်း ၄၂၄၆၄ ဒသမ ၅၅၅ တန်ဖိုးရှိ လုပ်ငန်းစုစုပေါင်း ၁၃၉၂ ခုကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ဆရာ ဆရာမအင်အား**

ပညာရေးကဏ္ဍအနေဖြင့် မြို့နယ် ရှစ်မြို့နယ်တွင် လုပ်ငန်းပေါင်း ၁၃၅ ခုကို ငွေကျပ် ၆၀၂၉ ဒသမ ၆၂၀ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ဒုတိယ(၁)နှစ်တာကာလအတွင်း မူလတန်းကျောင်းခွဲမှ အထက်တန်းကျောင်းအထိ ကျောင်းပေါင်း ၉၆ ကျောင်းကို အဆင့်တိုးမြှင့် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ခွင့်ပြုသည့် ဆရာ ဆရာမအင်အား ၈၁၁၃ ဦးအနက်မှ ၇၄၁၄ ဦးကို ပညာသင်နှစ်အလိုက် ခန့်အပ်နိုင်ခဲ့ပါကြောင်း၊ ဆရာ ဆရာမနှင့် ကျောင်းသားအင်အားအချိုးသည် အထက်တန်းအဆင့်တွင် ၁ အချိုး ၂၇၊ အလယ်တန်းအဆင့်တွင် ၁ အချိုး ၂၇ နှင့် မူလတန်းအဆင့်တွင် ၁ အချိုး ၃၂ ဖြစ်ပါကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၆၁ ခုကို ငွေကျပ် ၂၇၃၀ ဒသမ ၇၄၉ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်သူ့ဆေးရုံ ၁၁ ရုံတွင် ဆရာဝန် ၄၆၉ ဦး၊ သူနာပြု ၁၀၆၂ ဦး ခန့်အပ်ထားရှိပြီး ဆရာဝန်နှင့် လူဦးရေအချိုးသည် ၁ အချိုး ၂၃၄၀၊ သူနာပြုနှင့် လူဦးရေအချိုးသည် ၁ အချိုး ၁၀၃၃ ဖြစ်ပါကြောင်း။

**ထပ်မံရေပေးဝေနိုင်**

လမ်း၊ တံတားကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၃၆၁ ခုကို ငွေကျပ် ၁၂၁၁၄ ဒသမ ၀၇၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ဆည်မြောင်းကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၄၁၃ ခုကို ငွေကျပ် ၁၁၃၆၇ ဒသမ ၁၁၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ပြင် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဆင်သေလက်ဝဲမြောင်း ဆည်ရေသောက်စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ငွေကျပ် ၃၃၉၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာ ၆၉၇၃ ဧကကို စိုက်ပျိုးရေဖူလုံစွာ ပေးဝေနိုင်မည့်အပြင် လယ်မြေ ၅၂၃ ဧကကိုလည်း ထပ်မံရေပေးဝေနိုင်မည်ဖြစ်ပါကြောင်း။

**လုပ်ငန်းပေါင်း ၈၆ ခု**

လျှပ်စစ်မီးလင်းရေးကဏ္ဍအနေဖြင့် လုပ်ငန်းပေါင်း ၈၆ ခုကို ငွေကျပ် ၄၂၇၇ ဒသမ ၂၂၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ရေရရှိရေးကဏ္ဍတွင်လည်း လုပ်ငန်းပေါင်း ၁၇၅ ခုကို ငွေကျပ်သန်းပေါင်း ၁၄၅၇ ဒသမ ၇၅၂ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထို့ပြင် အခြားဖွံ့ဖြိုးရေးကဏ္ဍအနေဖြင့် လုပ်ငန်းအရေအတွက် ၁၆၁ ခုကို ငွေကျပ် ၄၄၈၈ ဒသမ ၀၂၀ သန်း ဖြင့် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြေယာကိစ္စရပ်များ စီမံခန့်ခွဲဆောင်ရွက်နိုင်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ပထမ(၁)နှစ်တာကာလတွင် တောင်သူ ၂၃ ဦးအတွက် ၅၈ ဒသမ ၅၅ ဧကကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလတွင် တောင်သူ ငါးဦးအတွက် ၁၀ ဒသမ ၈၆ ဧကကို လည်းကောင်း လယ်ယာမြေကို အခြားနည်း အသုံးပြုနိုင်ရေး ခွင့်ပြုပေးနိုင်ခဲ့ပါကြောင်း၊ စွန့်လွှတ်မြေများနှင့်ပတ်သက်၍ သိမ်းဆည်းမြေ ၃၅၀၇၅ ဒသမ ၅၈၀ ဧကတွင် ၃၇၈ ဒသမ ၉၂၀ ဧကကို ပြန်လည်စွန့်လွှတ်ခဲ့ပါကြောင်း။

**ရည်မှန်းဆောင်ရွက်**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကဏ္ဍအလိုက် နှစ်စဉ်စီမံကိန်း လျာထားချက်များကို ပြည့်မီအောင် ဆောင်ရွက်နိုင်ခဲ့သည့်အပြင် ၆ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ခဲ့ပါကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လူတစ်ဦးချင်း ပျမ်းမျှထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးသည် ယာယီစာရင်းအရ ၁၅၂၉၁၀၂ ကျပ်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၁၆၉၃၆၅၂ ကျပ် ရရှိရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ထောက်ပံ့ပေးနိုင်ခဲ့**

အခွန်အရပ်ရပ်ကောက်ခံရရှိမှုအနေဖြင့် လျာထားချက် ကျော်လွန်ပြီး ၁၀၃ ဒသမ ၆၁ ရာခိုင်နှုန်း ကောက်ခံရရှိခဲ့ပါကြောင်း၊ နေပြည်တော် ရှစ်မြို့နယ်တွင် ဖွင့်လှစ်ထားသော ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop) များမှ နိုင်ငံတော်အစိုးရ၏ ပထမ (၁)နှစ်တာကာလအတွင်း လုပ်ငန်း ၃၂၇၂၀ ခု ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ဒုတိယ (၁) နှစ်တာကာလအတွင်း ၃၁၁၆၀ ခု ဝန်ဆောင်မှုပေးနိုင်ပါကြောင်း၊ သဘာဝဘေး ၄၉ ကြိမ် ဖြစ်ပွားခဲ့ပြီး ကျပ် ၄၀ ဒသမ ၂၅၂ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ ဌာနများ၏ ရှင်းလင်းချက်များအပေါ် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် သိရှိလိုသည်များကို မေးမြန်းကြသည်။

**ငွေစက္ကူ ထုတ်ဝေရန်**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပတ်သက်၍ ဖွင့်လှစ်ခွင့်ပြုထားသည့် ပုဂ္ဂလိကဘဏ်အရေအတွက်နှင့် ထပ်မံဖွင့်လှစ်ခွင့်ပြုမည့် ဘဏ်များ၏အခြေအနေ၊ နိုင်ငံခြားဘဏ်များ ဖွင့်လှစ်ခွင့်ပြုထားမှုနှင့် လုပ်ပိုင်ခွင့်ပေးထားမှု အခြေအနေ၊ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူထုတ်ဝေရန် ဆောင်ရွက်နေမှုနှင့် ထုတ်ဝေမည့်အခြေအနေ၊ မြန်မာကျပ်ငွေကို နိုင်ငံတကာတွင် လဲလှယ်နိုင်ရေးကိစ္စ၊ ငွေတိုက်စာချုပ်များ ရောင်းချနေမှုနှင့် ငွေပေးချေမှုစနစ် ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေ၊ ငွေစက္ကူအသစ်များ ရိုက်နှိပ်ထုတ်ဝေပါက ငွေကြေးရိုက်ခတ်မှုဖြစ်ပေါ်လာနိုင်မှု ရှိ၊ မရှိ၊ credit card များ အသုံးပြုနေမှုနှင့် ခွင့်ပြုပေးသည့် မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် အခြေအနေတို့ကို မေးမြန်းကြရာ ဒုတိယဥက္ကဋ္ဌ ဦးစိုးသိန်းက ပြန်လည်ဖြေကြားသည်။

**အရေးယူဆောင်ရွက်ခဲ့မှု**

ကာကွယ်ရေးဝန်ကြီးဌာနနှင့်ပတ်သက်၍ စစ်ဘေးရှောင်စခန်းများ ဆောက်လုပ်ခွင့်ပြုပေးမှုအခြေအနေ၊ ကချင်ပြည်နယ်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများနှင့် ဖြစ်ပွားရသည့်အကြောင်းအရင်း၊ ကာကွယ်ရေးဝန်ကြီးဌာန၏ မြေသိမ်းဆည်းထားမှုနှင့် ပြန်လည်စွန့်လွှတ်နေမှုအခြေအနေ၊ အမေရိကန်နှင့် မြန်မာ နှစ်နိုင်ငံတပ်မတော် အချင်းချင်း ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအပေါ် တပ်မတော်၏ သဘောထားအမြင်၊ စစ်ဘက်တရားရုံးများ၏ တရားစီရင်မှုအခြေအနေနှင့် ပွင့်လင်းမြင်သာမှု ရရှိရေး ဆောင်ရွက်နေမှုအခြေအနေ၊ တစ်နှစ်တာကာလအတွင်း တပ်မတော်သား အခြားအဆင့်နှင့် အရာရှိများအား အရေးယူဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို မေးမြန်းကြရာ တာဝန်ရှိသူများက ဖြေကြားကြသည်။

**ဟန်မွေ့၊ လင်းနိုင်(သတင်းစဉ်)**




## ပြည်သူများ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်

**နေပြည်တော် မေ ၂၉**

အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များနေ့ အထိမ်းအမှတ်ပြခန်းများ ခင်းကျင်းပြသခြင်းကို ဇွန် ၁ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်သဖြင့် အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန(နေပြည်တော်) ရာဇသင်္ဂဟလမ်း ကုမုဒြာကြာပန်းအဝိုင်းအနီး ဥတ္တရသီရိမြို့နယ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန(ရန်ကုန်၊ ရုံးခွဲ) အမှတ်(၁၁၄) ပြည်ထောင်စုရိပ်သာလမ်း ဒဂုံမြို့နယ်တို့တွင် လာရောက်လေ့လာကြည့်ရှုနိုင်ပါကြောင်း အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကြေးမုံ**

❖ ကျောဖုံးမှ

လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပေးထားခြင်းဖြစ်၍ မိမိတို့ကလည်း မြန်မာပြည်၌ နေထိုင်ရာတွင် နိုင်ငံအပေါ် သစ္စာရှိရန်လိုကြောင်း၊ စည်းကမ်းဥပဒေများကိုလိုက်နာရန် လိုအပ်ကြောင်း၊ မြန်မာစာ မြန်မာစကားကို တတ်မြောက်အောင် သင်ကြားခြင်းဖြင့် အချင်းချင်း ဆက်ဆံရာတွင် ပိုမိုကောင်းမွန်ပြီး သဘောပေါက်နားလည်၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ယခု ပြန်လည်ဝင်ရောက်လာသူ အားလုံးသည် နိုင်ငံသားစိစစ်မှုလုပ်ငန်းစဉ်၏ အစဖြစ်သော NV ကတ်ကိုင်ဆောင်ခြင်းကို မိမိတို့သဘောအလျောက် ဆောင်ရွက်ခဲ့ကြ၍ နိုင်ငံသားစိစစ်မှုခံယူရန် လျှောက်လွှာများကိုလည်း အားလုံးဖြည့်ပြီး လျှောက်ထားကြသည်ကို သိရကြောင်း၊ အထောက်အထားတင်ပြချက်များအရ နိုင်ငံသားစိစစ်မှုများကို လျင်မြန်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ NV ကတ် ကိုင်ဆောင်ခြင်းဖြင့် ရရှိမည့် အကျိုးကျေးဇူးများ၊ မိမိတို့ လိုက်နာရမည့် တာဝန်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းထားပြီးဖြစ်သည်ကို သိရှိရကြောင်း၊ လတ်တလော အဆင်ပြေရုံသာမက ရေရှည်တွင် သဟဇာတဖြစ်အောင် ပူးပေါင်းကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းတို့ကို လက်လှမ်းမီအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက အလုပ်အကိုင်နှင့် နေရာချထားမှုများအတွက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့၏ ဆန္ဒသဘောထားများကို ပွင့်ပွင့်လင်းလင်းပြောကြားစေလိုကြောင်း၊ ယခုကြားစခန်းတွင် လုံလုံခြုံခြုံ နေထိုင်နိုင်မည်ဖြစ်ကြောင်း၊ စခန်းတာဝန်ရှိသူများအား အကြောင်းကြားအသိပေးခြင်းမရှိဘဲ မည်သည့်ကိစ္စတစ်စုံတစ်ရာမျှ မလုပ်စေလိုကြောင်း၊ တစ်ဖက်နိုင်ငံတွင် ကျန်ရှိခဲ့သည့် မိသားစုနှင့် ဆက်သွယ်နိုင်ရန်အတွက်လည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များကို စစ်ဆေးခြင်း၊ မိသားစုအလိုက် အခက်အခဲများအား ဖြေရှင်းဆောင်ရွက်ပေးခြင်း၊ လိုအပ်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကို ပူးပေါင်းဖြေရှင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန
## "၂၀၁၈-၂၀၁၉ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်းကြောင့် လည်းကောင်း၊ ကျောင်းအပ်နှုန်းမြင့်မားလာခြင်းကြောင့် လည်းကောင်း၊ ထပ်ကျော့ကျောင်းအပ်နှံခြင်းကြောင့် လည်းကောင်း၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို လုံလောက်စွာ ဖြန့်ဝေပေးလိုပါသဖြင့် မြို့နယ်အလိုက် သတ်မှတ်နယ်မြေများတွင်သာ ကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေး သို့မဟုတ် လက်ဆောင်ပစ္စည်း**များကို ကျောင်းအုပ်၊ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ အသက် (၅) နှစ်ပြည့်သူတိုင်းအား သူငယ်တန်း(KG)တွင်လည်းကောင်း၊ အသက် (၆) နှစ်ပြည့်သူတိုင်းအား ပထမတန်း (Grade 1) တွင်လည်းကောင်း၊ ကျောင်းနေအရွယ်အားလုံး ကျောင်းအပ်နိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် မိမိသားသမီးအား ပူးပေါင်းဆောင်ရွက်တတ်၍ တာဝန်ယူ တာဝန်ခံ ဆောင်ရွက်တတ်သော တီထွင်ကြံဆနိုင်စွမ်းရှိသည့် လူသားကောင်းများ ဖြစ်လာစေရန်အတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေးဆောင်ရွက်ပါရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ကျောင်းတက်မှန်ရေးနှင့် အိမ်စာမှန်မှန်လုပ်ဆောင်ရေးအတွက် မိဘများက ကြီးကြပ်၍ ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ သက်ဆိုင်ရာအတန်းများအလိုက် အခန်းဆုံးစစ်ဆေးခြင်းများကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင်တစ်ကြိမ်နှင့် ဒီဇင်ဘာလတွင် တစ်ကြိမ်၊ နှစ်လယ်စစ်ဆေးခြင်းကို အောက်တိုဘာလတွင် တစ်ကြိမ်၊ နှစ်ဆုံးစစ်ဆေးခြင်းကို ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလတွင် တစ်ကြိမ် စုစုပေါင်း (၄) ကြိမ်သာ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူများ သင်ယူတတ်မြောက်မှု ကောင်းမွန်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပေးပါရန်။
- ❖ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်တတ်စေရေး မိမိသားသမီးများကို တိုက်တွန်းအားပေးပါရန်။
- ❖ မိဘဆရာအသင်းနှင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မူလတန်းအဆင့်တွင် ပထမတန်း၊ ဒုတိယတန်း၊ တတိယတန်း ကျောင်းသား၊ ကျောင်းသူများအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်၊ အခြေခံသင်္ချာတွက်ချက်တတ်ရန်အတွက် အလေးအနက်ထား ဆောင်ရွက်ပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် မိဘများက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်နှင့် မျှဝေခြင်းဆိုင်ရာ အစီအစဉ်တွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပါရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် (သို့မဟုတ်) dpsoffice@moe-mm.com သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

**ပညာရေးဝန်ကြီးဌာန**

# မုန်တိုင်းငယ်ဖြတ်မည်ဖြစ်၍ မြစ်ဝကျွန်းပေါ်သွားခရီးသည်တင်ရေယာဉ်များ ထွက်ခွင့်မပြု

**ရန်ကုန် မေ ၂၉**

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်သော လေဖိအားနည်းရပ်ဝန်းသည် မုန်တိုင်းငယ်အဖြစ် ပြောင်းလဲ၍ မေ ၂၉ ရက် ညနေတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့အနီးမှ တစ်နာရီ မိုင် ၄၀ ခန့်ဖြင့် ဖြတ်သန်းမည်ဟု မေ ၂၉ ရက်ထုတ် မိုးလေဝသသတင်းများတွင် အသိပေးဖော်ပြထားသည်။

ယင်းဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းသည် ၁၈ နာရီအတွင်း မုန်တိုင်းငယ်အဖြစ်ပြောင်းလဲကာ မေ ၂၈ ရက် ညပိုင်းတွင် ရခိုင်ကမ်းရိုးတန်းဒေသများတွင် တစ်နာရီလျှင် ၂၅ မိုင်နှင့်အထက် လေတိုက်ခတ်မှုရှိပြီး မိုးသက်လေပြင်းကျစဉ် တစ်နာရီလျှင် မိုင် ၄၀ နှင့်အထက် ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်အသိပေးထားသည်။

သို့ဖြစ်ရာ ရန်ကုန်မြို့တွင် မေ ၂၈ရက်၊ ၂၉ ရက် နှစ်ရက်စလုံး မိုးရွာသွန်းပြီး မေ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၌ လေတိုက်ခတ်မှု စတင်ကြုံတွေ့ရသည်။ အထပ်မြင့်တိုက်ခန်း ပြတင်းပေါက်မှန်အချို့ လေတိုက်မှုကြောင့် ကွဲ၍ အောက်သို့ ပြုတ်ကျခြင်း၊ အထပ်မြင့်တိုက်အချို့ ခေါင်မိုးသွပ်များ လန်နေသည့်အသံများ ကြားနေရရာ လမ်းသွားလမ်းလာများ သတိထား သွားလာနေရသည်ဟု ရန်ကုန်မြို့လယ်နေသူ တစ်ဦးက ဆိုသည်။

ရန်ကုန်မြို့တွင်း နေရာကွက်၍ မိုးကြီးခြင်း၊ သစ်ပင်အချို့ ပြိုလဲခြင်းများ မေ ၂၈ ရက်တွင် တွေ့ကြုံရသည်။ မေ ၂၈ ရက်က ရွာသွန်းသော မိုးရေချိန်မှာ ရန်ကုန်မြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ပုသိမ်မြို့တွင် ၁ ဒသမ ၈၁ လက်မ၊ ဟသ်ာတမြို့တွင် ၂ ဒသမ ၂ လက်မ၊ ဖျာပုံမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ မအူပင်မြို့တွင် ၃ ဒသမ ၄၃ လက်မ၊ ရေးမြို့တွင် ၅ ဒသမ ၉၁ လက်မ အသီးသီးရှိခဲ့သည်ဟု သိရသည်။

မြစ်ဝကျွန်းပေါ်ဒေသ ဘိုကလေးမြို့နယ် အေရာကျေးရွာမှ ငါးဖမ်းစက်လှေတစ်စင်းသည် ယင်းကျေးရွာမှ ပင်လယ်ဝရှိ စည်းတန်းရေတိမ်ပိုင်းများအကြား ရေကြောင်းမှ ပင်လယ်ပြင်သို့အထွက် ဖျာပုံမြို့နယ် နောင်မီးကျေးရွာအုပ်စု မင်္ဂလာသောင်တန်းကျေးရွာ ဇရက်ကြီးကျွန်းမှ တစ်မိုင်အကွာတွင် မေ ၂၈ ရက် နံနက် ၆ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်စဉ် နစ်မြုပ်သွားရာ စက်လှေလုပ်သား ခြောက်ဦး ပျောက်ဆုံးနေပြီး စက်လှေလုပ်သား ၁၄ ဦးကို အသက်ရှင်လျက်ရှာဖွေတွေ့ရှိရကြောင်း အေရာကျေးရွာသား ကိုသက်နိုင်နှင့် ကိုကျော်နိုင်တို့၏ ပြောပြချက်အရ သိရသည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းတွင် ရုတ်တရက် လေပြင်းတိုက်သဖြင့် ပုသိမ်မြို့မှ ထွက်ခွာလာသော ခရီးသည် ၇၀ လိုက်ပါလာသည့် ဟိုင်းကြီးကျွန်းမြို့ ခမောက်မော်သွား ခရီးသည်တင်ရေယာဉ်သည် ယင်းအချိန် ရေယာဉ်ရောက်ရှိနေသော ဟိုင်းကြီးကျွန်းမြို့ ကျောက်ငူကျေးရွာဆိပ်ကမ်းသို့ အရေးပေါ်ဆိုက်ကပ်စဉ် ရေအောက်ရှိ ကျောက်တန်းပေါ်သို့ တင်သွားရာ ထိခိုက်ဒဏ်ရာရခြင်းမရှိဟု သတင်းဖော်ပြထားသည်။ ပုသိမ်မြို့တွင်လည်း မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် မိုးရွာပြီး မေ ၂၈ ရက် ည ၉ နာရီဝန်းကျင် လေပြင်းတိုက်ရာ နေရာအချို့တွင် သစ်ပင်များ ပြိုလဲခြင်း၊ ဓာတ်တိုင်အချို့ ကျိုးကျပြိုလဲခြင်းရှိ၍ လျှပ်စစ်မီးမှာ မေ ၂၉ ရက် ညနေအထိ မရသေးဟု ကမ်းနားလမ်း သစ်ညိုကုန်းနေ ကုန်ကားပိုင်ရှင် ကိုဖိုးချိုက ဆိုသည်။

မေ ၂၉ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ စဉ့်အိုးတန်း၊ လမ်းမတော်၊ ရွှေတောင်တန်းဆိပ်ကမ်းများမှ မော်ကျွန်းနှင့် ဖျာပုံသွားနှစ်ထပ်ရေယာဉ်များ ထွက်ခွာရန် ကုန်ပစ္စည်းလက်ခံနေခြင်း၊ ခရီးသည်များ တင်ဆောင်ထားခြင်းများကို ညနေပိုင်းတွင် မြင်တွေ့ရသည်။ သို့သော် ရေယာဉ်စစ်ဆေးရေးအဖွဲ့များ ဆိပ်ကမ်းသို့ ရောက်ရှိချိန်တွင် မုန်တိုင်းကြောင့် ထွက်ခွင့်မပြုဟု ပြောဆိုလာသဖြင့် ယနေ့ညနေ ထွက်ခွာပြေးဆွဲမည့် ရုပ်ပြေးနှစ်ထပ်ရေယာဉ်ကြီးနှစ်စင်း အပါအဝင် ကြားနှစ်ထပ်ရေယာဉ်များပါ ဆိပ်ကမ်းများတွင် ရပ်နားထားရကြောင်း သိရသည်။

ယင်းနှစ်ရက်တာကာလအတွင်း အသွားအလာနည်းပါးသဖြင့် ဈေးသည်များ အရောင်းအဝယ်ကျဆင်းပြီး ဘုရင့်နောင်ပွဲရုံဝင်းအတွင်းတွင်လည်း ပုံမှန်ရက် အရောင်းအဝယ်နည်းနေရခြင်းထက် ယခုရက်တွင် အရောင်းအဝယ် ပိုမိုနည်းပါး၍ အချိန်စော၍ ပွဲရုံလုပ်ငန်းသိမ်းသည်ဟု ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ စိန်ပန်းလမ်းမှ ဦးလှဟန်က ဆိုသည်။ ဘုရင့်နောင်လမ်းမ အုတ်ကျင်းမှတ်တိုင်(မြို့တွင်းသွား)အနီး သစ်ပင်အချို့ ကားလမ်းပေါ် ပြိုလဲမှုရှိရာ မီးသတ်တပ်ဖွဲ့ဝင်များ မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီဝန်းကျင်တွင် လာရောက်ရှင်းလင်းဖယ်ရှားခဲ့သည်။

မိုးရွာလေတိုက်ချိန် လျှပ်စစ်မီးပြတ်တောက်မှုများတတ်ရာ ကျောက်ဖြူမြို့ဝန်းကျင်မှ ယခုညပိုင်း ဖြတ်သန်းမည်ဟု ခန့်မှန်းထားသော မုန်တိုင်းငယ်၏အရှိန်ကို ကြိုတင်ကာကွယ်သောအားဖြင့် ရန်ကုန်မြို့နေသူများ ရေကြိုတင်ဖြည့်ထားခြင်း၊ လျှပ်စစ်မီးပြတ်တောက်ချိန် ထွန်းညှိရန် အသုံးအဆောင်များ အရန်သင့်ထားရှိကာ နိုးနိုးကြားကြားရှိနေပြီး မုန်တိုင်းဖြတ်ကျော်ပြီးချိန်ကာလတွင် အလုပ်အကိုင် အသွားအလာပုံမှန်ဖြစ်လာရန် စောင့်မျှော်နေသည်ကို မြင်တွေ့ရသည်။

မုန်တိုင်းမိုးကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် စပါးစိုက်ပျိုးရေးလုပ်ငန်းခွင်ဝင်ရန် အစပြုလာနိုင်ပြီဟု ဘိုကလေးမြို့နေ ကုန်ခြောက်ရောင်းချသူ ကိုဌေးနိုင်က ဆိုသည်။ **မောင်စေအောင်**

## မြန်မာ့ရုပ်မြင်သံကြား

**၃၀-၅-၂၀၁၈ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၇း၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၈း၃၅ | "မူပိုင်ခွင့်အကြောင်းသိကောင်းစရာ" (စက်မှုဒီဇိုင်း မူပိုင်ခွင့်အကြောင်း သိကောင်းစရာများ) |
| ၉း၁၀ | စိုက်ပျိုးရေးရာ အဖြေရှာ "ဓာတုကင်းလွတ် သခွားမွေး စိုက်ပျိုးရေး" |
| ၉း၃၅ | ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (ဒါရိုက်တာ-ညွှန့်မြန်မာညီညီအောင်) |
| ၁၀း၃၀ | Catch Asia News |
| ၁၁း၁၅ | သုံးသပ်ရှုမြင် မြန်မာ့ရုပ်ရှင် "ငါ့ကိုနမ်းတဲ့မုန်တိုင်း" (လွှမ်းပိုင်၊ ရဲရင့်အောင်၊ ဖွေးဖွေး၊ နေအောင်၊ ရဲအောင်၊ မြတ်ကေသီအောင်) |
| ၁၁း၃၅ | ရှုဖွယ်စုံလင်အာဆီယံအစီအစဉ် |
| ၁၂း၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၂) |
| ၁၃း၁၀ | ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (level-II) (ပွဲစဉ်-၃) (နေပြည်တော်) (ပထမပိုင်း) |
| ၁၄း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်"(အပိုင်း-၃၉) |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၃၀) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၃၅ | "ဇီဝကတို့ကုထုံးအဖုံဖုံ ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံ" (နေပြည်တော်) |
| ၁၇း၀၅ | အနုပညာခန်းရိပ်သာ "ဦးရွှေနန်းတင်နှင့်တွေ့ဆုံခြင်း" |
| ၁၇း၃၅ | MRTV Travelogue |
| ၁၈း၂၀ | Football Magazine |
| ၁၈း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "အပင်ပျိုးရန်ပန်းပွင့်စေ" (စိုးထက်၊ ဓာတ်လင်း၊ သန်းသန်းဆင့်၊ ဇေဖြိုး၊ မင်းသန့်ကို၊ လွင်မောင်) [ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း-၂၆) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | သူတို့ဒေသ သူတို့ဘဝ "မြစ်သားမြို့သို့ အလည်တစ်ခေါက်" -နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးရာဇဝင်" (အပိုင်း-၄၀) (ဇာတ်သိမ်းပိုင်း) -ဂီတသမား၊ ဂီတစကား "မင်းဆဒ္ဒန်ရဲ့ထူးတဲ့အချစ်" (ဂီတစာဆို-ဦးမောင်မောင်လတ်၊ ဦးဝင့်အောင်) -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့ မှတ်တမ်း"(အပိုင်း-၁၇) -အစီအစဉ်ပြီး၏။ |



# ပင်လည်ဘူးမြို့၌ နွား ၁၆ ကောင် မိုးကြိုးစက်ကွင်းမိသေဆုံး

**ပင်လည်ဘူး မေ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပင်လည်ဘူးမြို့နယ် ပြစ်ဆိုင်ကျေးရွာအုပ်စု အထက်ပြစ်ဆိုင်ကျေးရွာ၌ မေ ၂၈ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မိုးထစ်ချုန်းနေစဉ် အထက်ပြစ်ဆိုင်ကျေးရွာ အနောက်ဘက် နှစ်မိုင်ခန့်အကွာ လယ်တောအစပ်ရှိ နွားလှန်ခုံစားကျက်တွင် ကျက်စားနေသော အထက်ပြစ်ဆိုင်ကျေးရွာနေ ဦးသိန်းအောင်၏ ခုနစ်မိုးခန့်ရှိ နွားမ ငါးကောင်၊ နှစ်မိုးခန့်ရှိ နွားထီး လေးကောင်၊ ဦးစင်းမောင်၏ ခုနစ်မိုးခန့်ရှိ နွားမ နှစ်ကောင်၊ တစ်မိုးခန့်ရှိ နွားထီး နှစ်ကောင်၊ ဦးသောင်းလွင်၏ ငါးမိုးခန့်ရှိ နွားထီး တစ်ကောင်နှင့် ဦးသိန်းလွင်၏ တစ်မိုးခန့်ရှိ နွားထီး နှစ်ကောင် စုစုပေါင်း နွား ၁၆ ကောင်တို့ မိုးကြိုးစက်ကွင်းမိ၍ သေဆုံးခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**

# လူမှောင်ခိုကူးသည့် အမျိုးသမီးနှစ်ဦး တရုတ်နိုင်ငံတွင် ဖမ်းဆီးရမိ

**လွယ်ဂျယ် မေ ၂၉**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် အဝင်/အထွက် ဂိတ်(၂)တွင် မေ ၂၈ ရက် ညနေ ၃ နာရီခွဲက အသက်(၂၃) နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးအား တရုတ်နိုင်ငံသို့ လူမှောင်ခိုပို့သည့် အမျိုးသမီးနှစ်ဦးကို ဖမ်းဆီးရမိ၍ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်



လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလက ဗန်းမော်ခရိုင် မန်စီမြို့ ပြင်ဦးလွင်ရပ်ကွက်နေ မန္တယ်သဇင်ထွန်း(ခ) ဘောက်နူး(၂၃)နှစ်သည် တရုတ်နိုင်ငံ ကျန်းဖုန်းမြို့ ခလန်းကျေးရွာတွင် ကြံခုတ်လုပ်ငန်းလုပ်ကိုင်နေစဉ် မန်စီမြို့နယ် ဒွမ်ဘုတ်ကျေးရွာနေ မမာကော့(ခ) ကော့ဂျာ(ခ) ဖော်ဂျုံကော့(ခ)ကွတ်ကီး(၃၂) နှစ်နှင့် ခင်မင်ရင်းနှီးကာ ရွှေလီမြို့ရှိ ခေါက်ဆွဲဆိုင်တွင် အလုပ်လုပ်မည်ဆိုပါက တစ်လလျှင် တရုတ်ယွမ်ငွေ ၈၀၀၀ ရမည်ဟု စည်းရုံးပြောဆိုသဖြင့် ရွှေလီမြို့သို့ လိုက်ပါခဲ့ကြောင်း၊ ရွှေလီမြို့တွင် ၁၀ ရက်ခန့် တည်းခိုနေထိုင်ပြီးနောက်ထပ်အမျိုးသမီးနှစ်ဦးဖြစ်သူ မန်စီမြို့နေ ဒေါ်ရွှယ်လိန်(ခ)အူပျောက်(ခ) မာရွှယ်(၄၂)နှစ်နှင့် တရုတ်နိုင်ငံသူ ဒေါ်ယွေ့ရှန်တုန်းတို့က တရုတ်နိုင်ငံ ပေကျင်းမြို့ ထန်းမင်ကုန်ကျေးရွာနေ တရုတ်အမျိုးသား ရှုံးရှင့်လိန်ဆိုသူထံသို့ တရုတ်ယွမ်ငွေ ၆၀၀၀၀ ဖြင့် ရောင်းစားထားခဲ့၍ ၎င်းတရုတ်အမျိုးသားနှင့် တစ်နှစ်ကျော် ပေါင်းသင်းနေထိုင်ခဲ့ရကာ သားတစ်ဦး မွေးဖွားခဲ့ရကြောင်း သိရသည်။

အဆိုပါ လူမှောင်ခိုကူးမှုကျူးလွန်သည့် အမျိုးသမီးနှစ်ဦးကို တရုတ်နိုင်ငံတွင် ဖမ်းဆီးရမိခဲ့၍ တရုတ်နိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်း(BLO)ရုံးမှ မစ္စတာ ရန်စိန်လုံက မြန်မာ-တရုတ် နယ်စပ်ဖြတ်ကျော် အဝင်/အထွက်ဂိတ်(၂) တွင် လာရောက်လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူများက လက်ခံခဲ့သည်။

အဆိုပါ လူမှောင်ခိုကူးမှုကျူးလွန်သည့် မမာကော့နှင့် ဒေါ်ရွှယ်လိန်တို့နှစ်ဦးအား လွယ်ဂျယ်နယ်မြေရဲစခန်းတွင် လူမှောင်ခိုကူးမှုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# မရမ်းချောင်စခန်းစစ်ဆေးရေးအဖွဲ့က အေးခဲ ငါး၊ ပုစွန်၊ ကြက်သားများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၉**

မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် မေ ၂၈ ရက်က NISSAN ယာဉ်တစ်စီးကို စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ရေထွက်ပစ္စည်းသယ်ယူခွင့် မျှောစာအရ ပါရှိလာသည့် အေးခဲ ငါး၊ ပုစွန်၊ ဖော့ပုံးများ အောက်၌ ပလတ်စတစ်ရောင်စုံပုံးကြီး ၁၇ ပုံးအတွင်း ထည့်သွင်းထားရှိသည့် ကန့်သတ်ကုန်ပစ္စည်းဖြစ်သော ထိုင်းနိုင်ငံထုတ် အေးခဲကြက်သား၊ ကြက်ကလီစာ ကီလိုဂရမ် ၂၆၀၀ နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်တစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၂၀ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည်။

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် မေ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၁၂၄၈ စီး၊ သွင်းကုန် ၉၅၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၆ စီး၊ သွင်းကုန် ၁၉၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၈ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၆၀ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၂၀ သန်းခန့်) စုစုပေါင်းတားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁ ဒသမ ၈၀ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့တွင် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံး တွေ့ရှိ

**ရန်ကုန် မေ ၂၉**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် ရွှေပျောက်ကျေးရွာအုပ်စု ကြာကန်ထိပ်ရွာနှင့် (ဆင်ကန်လမ်း ဓာတ်ဆီဆိုင်ရှေ့လမ်းနှင့် တစ်ဆက်တည်း) စံချိန်မီရပ်ကွက်ကို ဆက်သွယ်ရန် အလှူရှင် ဒေါ်ခင်မြင့်အေးက ဘက်ဟိုးဖြင့် မြေသားလမ်းဖောက်ခြင်းနှင့် ခြံရှင်းလင်းခြင်း ပြုလုပ်စဉ် မေ ၂၈ ရက် နံနက်က ခြံမြေအတွင်းမှ အလျား ၁၄ လက်မ၊ အချင်း ၄ ဒသမ ၅ လက်မ၊ လုံးပတ် ၁၆ လက်မ ထိပ်ဖူးချွန် စစ်ကျန်ဗုံးသီးဟောင်းတစ်လုံးကို တွေ့ရှိခဲ့သည်။

ထို့ကြောင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားခဲ့ပြီး ကျောက်တန်းမြို့မရဲစခန်း နယ်မြေခံတပ်ဖွဲ့၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများရောက်ရှိလာပြီး စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းသို့ အကြောင်းကြားခဲ့ရာ ယင်းတပ်မှ တာဝန်ရှိသူနှင့်အဖွဲ့က လာရောက်လွှဲပြောင်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် လှိုင်သာယာမြို့နယ်ရှိ အောင်မြေသာယာဆုတောင်းပြည့်စေတီ ထီးတော်မြေခ

**ရန်ကုန်  မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ မေ ၂၉ ရက် နံနက် ၁၁ နာရီခန့်တွင် ဖြစ်ပေါ်ခဲ့ရာ လှိုင်သာယာမြို့နယ်(၁၆)ရပ်ကွက်ရှိ အောင်မြေသာယာဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ ထီးတော်နှင့် စိန်ဖူးတော်မြေခခဲ့ကြောင်း သိရသည်။



လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေသာယာဆုတောင်းပြည့် စေတီတော်မြတ်ကြီး၏ အရှည် ကိုးပေ၊ အချင်း သုံးပေ ခြောက်လက်မရှိ ထီးတော်မှာ အထက်ပစ္စယာနှင့် ရင်ပြင်တော်ပေါ်သို့ ပြုတ်ကျမြေခခဲ့ရာ ထီးတော်၏ ထိပ်ပိုင်းရှိ အချင်းလေးလက်မခန့် စိန်ဖူးတော်မှာလည်း မြေခပျက်စီးခဲ့သည်။

စေတီတော်ရှိ စိန်ဖူးတော်မြေခပျက်စီးသည့်နေရာသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်ခိုင်ကို၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်မြတ်ဦးနှင့်တပ်ဖွဲ့ဝင်များ ရောက်ရှိကာ စစ်ဆေးဆောင်ရွက်ပြီး စိန်ဖူးတော်အတွင်းရှိ ရတနာပစ္စည်းများကို စနစ်တကျ စိစစ်သိမ်းဆည်းထားကြောင်း သိရသည်။ **အေးမင်းသူ**

# ဟိုင်းကြီးကျွန်းတွင် လေပြင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများရှိ

**ဟိုင်းကြီးကျွန်း  မေ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသောမုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းများတိုက်ခတ်လျက်ရှိရာ မေ ၂၉ ရက်နံနက်ပိုင်းက ရုတ်တရက်မိုးသက်လေပြင်း တိုက်ခတ်ခဲ့မှုကြောင့် စေတီပုထိုး၊ လူနေအိမ်၊ စာသင်ကျောင်းနှင့်လျှပ်စစ်မီးတိုင်များ ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

မြတ်မော်တင်စွန်းစေတီတော် ရင်ပြင်တော်ရှိ သောကြာထောင့် အရံစေတီတော်၏ စိန်ဖူးတော်မြေခသွားခဲ့ရာ ယင်းစိန်ဖူးတော်ကို ဂေါပကရုံးသို့ပင့်ဆောင်၍ ထိန်းသိမ်းထားရှိကြောင်း၊ ဒုတိယရင်ပြင်တော်ရှိ RC ကွန်ကရစ်ကနုတ်ပန်းများဖြင့် တည်ဆောက်ထားသော ခေါင်းလောင်းပြသာဒ်ထိပ်၏အမိုးစွန်း နှစ်ပေခန့် ကျိုးပဲ့ကာပြိုကျသွားခဲ့ကြောင်းနှင့် ရှင်ဥပဂုတ္တကျောင်းဆောင်၏ အရှေ့ကဲလားအမိုးများ ပျက်စီးသွားခဲ့ကြောင်းသိရသည်။ မေ ၂၈ ရက် ညနေပိုင်းကလည်း အဂ္ဂိထောင့်ရှိ အရံစေတီတော်၏ စိန်ဖူးတော်မြေခမှုဖြစ်ထားပြီး နောက်တစ်ရက်တွင် ထပ်မံထိခိုက်မှု ဖြစ်ပေါ်ခဲ့ခြင်းလည်းဖြစ်သည်။

ဟိုင်းကြီးကျွန်းမြို့ ဒီးဒူးကုန်းကျေးရွာအုပ်စု ကျောက္ကလပ်ကျေးရွာ၌ လူနေအိမ်နှစ်လုံး၊ ဒီးဒူးကုန်းကျေးရွာအုပ်စု ပြည်သာယာကျေးရွာ၌ လူနေအိမ်နှစ်လုံး၊ သက္ကယ်သောင်ကျေးရွာအုပ်စု ဖိုးညိုကုန်းကျေးရွာ၌ လူနေအိမ်တစ်လုံးနှင့် အောင်ခိုင်ကျေးရွာ၌ လူနေအိမ်တစ်လုံး စုစုပေါင်းလူနေအိမ် ခြောက်လုံးမှာ ယနေ့နံနက်ပိုင်းက လေပြင်းများတိုက်ခတ်စဉ် ပြိုကျပျက်စီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ လေဘေးသင့်အိမ်ထောင်စုများကို နီးစပ်ရာဆွေမျိုးသားချင်းများ၏ နေအိမ်များသို့ ယာယီပြောင်းရွှေ့နေထိုင်နိုင်ရေးအတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က စီစဉ်ဆောင်ရွက်ပေးသည်။

ဟိုင်းကြီးကျွန်းမြို့ သက္ကယ်သောင်ကျေးရွာအုပ်စု အုန်းချောင်းကျေးရွာရှိ အထကကျောင်းဆောင်အရှေ့ခြမ်းနှင့် ဖိုးညိုကုန်းကျေးရွာ အလက(ခွဲ)ကျောင်းဆောင် အရှေ့ခြမ်းရှိ အမိုးသွပ်များလေပြင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

ငါးပြေမခတ်အားခွဲရုံမှ ဟိုင်းကြီးကျွန်းမြို့သို့ သွယ်တန်းထားသော မရမ်းကွင်းကျေးရွာနှင့်တောင်ကလေးကျေးရွာအကြား (၈၆/၅) မိုင်အတွင်း လျှပ်စစ်မီးတိုင်နှစ်ချောင်းမှာ မိုးရွာသွန်း၍ မြေပျော့နေသည့်အချိန်တွင် လေပြင်းတိုက်ခတ်မှုကြောင့် လဲကျသွားခဲ့ကြောင်း သိရသည်။ လျှပ်စစ်မီးတိုင်နှစ်ချောင်း လဲကျသွားခြင်းကြောင့် ဟိုင်းကြီးကျွန်းမြို့သို့ ယာယီလျှပ်စစ်မီးဖြတ်တောက်ထားပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ဝန်ထမ်းများက ကရိန်းကားများဖြင့် လဲကျနေသော မီးတိုင်နှစ်ချောင်းကို ပြန်လည်စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ လျှပ်စစ်မီးပြန်လည်ပို့လွှတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိုင်းကြီးကျွန်းမြို့တွင် မေ ၂၇ ရက် ညပိုင်းမှစတင်၍ ယနေ့အချိန်အထိ လေပြင်းများ တိုက်ခတ်လျက်ရှိပြီး လေတိုက်နှုန်းတဖြည်းဖြည်း မြင့်လာခဲ့ရာ မေ ၂၈ ရက် ညပိုင်းနှင့် ၂၉ ရက် နံနက်ပိုင်းတွင် တိုက်ခတ်ခဲ့သောလေမှာ အပြင်းထန်ဆုံးဖြစ်သည်။ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်၊ သစ်ကိုင်းများ ကျိုးပဲ့ပြိုလဲမှုများ၊ လူနေအိမ် ပြိုကျမှုများ၊ စာသင်ကျောင်းများ အမိုးလန်ပျက်စီးမှုများ၊ စေတီပုထိုးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း ယနေ့အချိန်အထိ လူ၊ တိရစ္ဆာန်ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် သဘာဝဘေးနှင့်ပတ်သက်၍ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ဟိုင်းကြီးကျွန်း)**

# လေပြင်းတိုက်ခတ် လမ်းမပေါ်သို့ သစ်ပင်များလဲကျ

**ဒေါပုံ  မေ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်တွင် ယနေ့နံနက် ၁၁ နာရီခန့်မှစ၍ လေပြင်းတိုက်ခတ်မှုကြောင့် သဘော်ကျင်းရပ်ကွက်ရှိ (၈)လမ်းနှင့် မြို့မလမ်းထိပ်ရှိ သစ်ပင်များလဲကျခြင်း၊ သစ်ကိုင်းများ ကျိုးကျခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လမ်းမပေါ်သို့ လဲကျနေသောသစ်ပင်များ၊ သစ်ကိုင်းကျိုးများကို မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများက ချက်ချင်းဝိုင်းဝန်းရှင်းလင်းပေးခဲ့ကြသဖြင့် လမ်းသွားလမ်းလာများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ကြောင်း သိရသည်။ **ဒေါပုံ(မြန်/ဆက်)**

# လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်များ လဲကျ၊ ထိခိုက်မှုမရှိ

**ရန်ကုန်  မေ ၂၉**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် လင်းလွန်းတောင်ရပ်ကွက် ကြည့်မြင်တိုင်ဘူတာဝင်းအတွင်းနှင့် မြေနီကုန်း(မြောက်)ရပ်ကွက် ရှမ်းကုန်းလမ်းနှင့်သုခလမ်းထောင့်တွင် မေ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်လဲကျမှုဖြစ်ပွားခဲ့သဖြင့် စမ်းချောင်းမြို့နယ်မီးသတ်တပ်ဖွဲ့စခန်းက ရှင်းလင်းဆောင်ရွက်ပေးလျက်ရှိပြီး ဖြစ်စဉ်တွင်လူနှင့် ပစ္စည်းတစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။

**စမ်းချောင်း(မြန်/ဆက်)**

# နမ့်စန်တွင် နေအိမ်ပေါ်သို့ သစ်ပင်လဲကျ၊ ထိခိုက်ဒဏ်ရာရမှုမရှိ

**နမ့်စန်  မေ ၂၉**

ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင် နမ့်စန်မြို့နယ်တွင် မေ ၂၉ ရက် နံနက် ၉ နာရီခွဲခန့်က အမှတ်(၅)ရပ်ကွက် ထင်းရှူးလမ်း လဝကရုံးဟောင်းအနောက်ဘက်ရှိ ဒေါ်ဥမ္မာနှင်း၏ နေအိမ်ပေါ်သို့ အိမ်အနောက်ဘက်ရှိ လက်ပံပင်ခြောက်သည် အမြစ်မှလန်၍ လဲကျသဖြင့် နေအိမ်ပျက်စီးခဲ့ကြောင်း သိရသည်။

သစ်ပင်လဲကျမှုကြောင့် အိမ်အနောက်ဘက်ရှိ မီးဖိုချောင်ပျက်စီးခဲ့ပြီး နေအိမ်အမိုးသွပ်များ ပေါက်ပြဲကာ လူနှင့်တိရစ္ဆာန်များ ထိခိုက်မှုတစ်စုံတစ်ရာမရှိကြောင်း သိရသည်။

နမ့်စန်မြို့နယ် မီးသတ်တပ်ဖွဲ့မှ ဦးစီးအရာရှိ ဦးမြင့်ဝင်းကြိုင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တောင်တန်းလူငယ်နှင့် ကရုဏာရှင်လူမှုကူညီရေးအဖွဲ့ဝင်များက အဆိုပါအိမ်ပေါ်တွင် လဲကျနေသောအပင်အား ဖြတ်တောက်ဖယ်ရှားခြင်း၊ အပျက်အစီးများ ရှင်းလင်းခြင်းတို့ကို ရပ်ကွက်နေပြည်သူများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(မြန်/ဆက်)**

# မာန်အောင်မြို့နယ်တွင် လေပြင်းတိုက်ခတ်၍ တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရ

**မာန်အောင်  မေ ၂၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် မျှော်တော်ဦးကျေးရွာတွင် မေ ၂၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်ခန့်က လေပြင်းတိုက်ခတ်နေစဉ် ဦးပြည့်ထွန်းနှင့်ဇနီးဖြစ်သူ ဒေါ်စောမြဦးတို့၏ နေအိမ်ပေါ်သို့ အုန်းပင်ကျိုးကျသဖြင့် ပိမိကာ နှစ်ဦးလုံးဒဏ်ရာရရှိခဲ့ပြီး ဦးပြည့်ထွန်း (အသက် ၇၈ နှစ်)မှာ နံနက် ၈ နာရီ မိနစ် ၅၀ တွင် သေဆုံးခဲ့ကြောင်း သိရသည်။

ထိခိုက်ဒဏ်ရာရရှိသူ ဒေါ်စောမြဦးအား သစ်ပုံဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူခဲ့ရာ မစိုးရိမ်ရကြောင်း၊ ထို့ပြင် နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် သစ်ဝအုပ်စု တန်လှောင်ကုန်းကျေးရွာနေ ဒေါ်သောင်းကြည်၏ နေအိမ်ကို အုန်းပင်ပိမိရာ လူထိခိုက်မှုမရှိဘဲ နေအိမ်တစ်လုံး ပျက်စီးခဲ့သည်။ ယင်းနေ့ နံနက် ၈ နာရီ ၄၅ မိနစ်ခန့်က သိမ္ဘလကျေးရွာနေ ဒေါ်ခင်သန်းရင်သည် နေအိမ်အပြင်ဘက်၌ ရှိနေစဉ် မန်ကျည်းပင်ကျိုးကျပိမိ၍ ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသမှုခံယူလျက်ရှိရာ မစိုးရိမ်ရကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် အခင်းဖြစ်နေရာသို့ ကွင်းဆင်းစိစစ်ကြည့်ရှုပြီး လမ်းမပေါ်ကျိုးကျနေသော သစ်ပင်၊သစ်ကိုင်းများကို ရဲတပ်ဖွဲ့နှင့်မီးသတ်တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းဆောင်ရွက်လျက်ရှိသည်။ **မြို့နယ်(မြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း မုန်တိုင်းဝင်ရောက်ပါက ချက်ချင်းကယ်ဆယ်ဆောင်ရွက်ပေးနိုင်ရန် ကယ်ဆယ်ရေးအဖွဲ့ ပြင်ဆင်ထား

**မန္တလေး  မေ ၂၉**

မြန်မာနိုင်ငံတွင် လတ်တလော မုန်တိုင်းဝင်ရောက်နိုင်သည်ဟု သတိပေးနှိုးဆော်ချက်များ ထုတ်ပြန်ထားရာ မန္တလေးတိုင်းဒေသကြီးအတွင်း မုန်တိုင်းဝင်ရောက်ပါက ချက်ချင်းကယ်ဆယ် ဆောင်ရွက်ပေးနိုင်ရေးနှင့် ချက်ချင်းအသင့်စုဖွဲ့ ဖွဲ့စည်း၍ တုံ့ပြန်ကယ်ဆယ်နိုင်ရေးအတွက် မေ ၂၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ပြင်ဆင်လေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

"မုန်တိုင်းအတွက် ကြိုတင် အစုအဖွဲ့ထားရှိတာ ဖြစ်လာခဲ့ရင် ချက်ချင်းတုံ့ပြန်ကူညီကယ်ဆယ်ပေးနိုင်ဖို့အတွက်ပါ၊ တိုင်းဒေသကြီးအတွင်းနဲ့ ထိစပ်တိုင်းဒေသကြီးအတွင်းဖြစ်လာခဲ့ရင် ကူညီပေးနိုင်ဖို့ပါ၊ ကယ်ဆယ်ရေးပစ္စည်းတွေရော၊ လူတွေရော မြို့နယ်အလိုက်၊ ခရိုင်အလိုက် ပြင်ဆင်ထားပါတယ်၊ ဒီနေ့က အရင်ကတည်းက ဖွဲ့စည်းထားတဲ့အဖွဲ့ကို ပြင်ဆင်ရင်း၊ လေ့ကျင့်ရင်း စစ်ဆေးတာပါ၊ အသင့်စုဖွဲ့နိုင်ဖို့ အချိန်ကို အဓိကလေ့ကျင့်တာရယ် ချက်ချင်းတုံ့ပြန်ဆောင်ရွက်နိုင်ဖို့ အသင့်ရှိနေပါတယ်"ဟု မန္တလေးမြို့ မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူးဦးထက်အောင်က ပြောသည်။

ဟိုက်ဒရောလစ်သုံး ပစ္စည်းများ၊ ဖျက်စက်များ၊ မြေအောက် ၁၅ ပေ အနက်ထိ အသံလှိုင်းဖမ်းယူနိုင်သော စက် Leader Hasty စက်တစ်စုံ၊ အဆောက်အအုံ ပြိုကျနိုင်မှု ရှိ၊ မရှိ စစ်ဆေးပေးသော စက်များ၊ ကယ်ဆယ်ရေးလှေများ စသည့် ခေတ်မီကယ်ဆယ်ရေးပစ္စည်းများဖြင့် ဇာတ်တိုက်လေ့ကျင့်လျက်ရှိသည်။

မန္တလေးတိုင်း ဒေသကြီးအတွင်း သဘာဝဘေးကြောင့် ဘေးအန္တရာယ်များ ဖြစ်ပေါ်၍ ထူးခြားမှုရှိပါက ဗဟိုမီးသတ်စခန်း ဖုန်း-၁၉၁၊ ၀၂-၄၀၆၀၇၃၉၊ ၀၂-၄၉၆ ၀၇၃၈၊ ၀၂-၄၀၆၀၇၄၀ နှင့် ဗဟိုအော်ပရေတာ ဖုန်း-၀၉-၃၃၃၆၆၇၀၁ တို့သို့ ၂၄ နာရီ ဆက်သွယ်အကူအညီ တောင်းခံနိုင်သည်။

ပြည်သူများအနေဖြင့် မုန်တိုင်းသတင်းများအား မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၏ ထုတ်ပြန်ချက်များ၊ လူမှုကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန၏ ထုတ်ပြန်ချက်များကို နားစွင့်၍ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး မီးသတ်ဦးစီးဌာန အနေဖြင့်လည်း အဆိုပါထုတ်ပြန်ချက်များအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် လိုက်လံနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။




**သီဟကိုကို (မန္တလေး)**

# စိတ်ဝင်စားဖွယ် အနောက်မြောက် ခရီးစဉ်များ

ဖိုးညို(မင်းကင်း)



မြန်မာနိုင်ငံသည် လှပတင့်တယ်သော ခရီးစဉ်ဒေသများစွာတည်ရှိနေပြီး နိုင်ငံတကာတွင် တွေ့မြင်ရခဲလှသော သဘာဝရသစုံလင်စွာဖြင့် ဖွဲ့စည်းထားသည့် တိုင်းပြည်တစ်ပြည်ဖြစ်သည်။ ထို့အတူ အနောက်မြောက် ဒေသဖြစ်သည့် သလ္လာဝတီမြို့တော်တည်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးသည်လည်း မပျက်စီးသေးသော သဘာဝအခြေခံ ရေမြေတောတောင်များနှင့် သာယာလှပသော(သလ္လာ) ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် မြို့နယ်တိုင်းနီးပါးတွင် အထင်ကရ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် ဘာသာရေး အဆောက်အအုံများ တည်ရှိနေခြင်း၊ ဓလေ့ထုံးတမ်းများနှင့်အညီ ရိုးရာမပျက်ပွဲတော်ကြီးများ စည်ကားစွာ ဆောင်ရွက်ကြခြင်း၊ ဒေသခံလူမျိုးစုံလင်စွာနေထိုင်ကြသော်လည်း ငြိမ်းချမ်းသောနယ်မြေဖြစ်သည့်အပြင် ဖော်ရွေပျူငှာသော ဓလေ့စရိုက်များကြောင့် ခရီးသွားပြည်သူများစွာ စိတ်ဝင်စားစရာ တိုင်းဒေသကြီးဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ဦးဆောင်သော တိုင်းဒေသကြီးအစိုးရအဖွဲ့ လက်ထက်တွင် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန်၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်စေရန် ရည်ရွယ်၍ ခရီးသွားဇုန်ခြောက်ဇုန်ကို သတ်မှတ်ဖော်ဆောင်ပြီး ခရီးသွားလုပ်ငန်းကို အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ ခရီးသွားဇုန် ခြောက်ဇုန်ရှိ ခရီးစဉ်ဒေသများကို အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။

**စစ်ကိုင်းဇုန်**

စစ်ကိုင်းမြို့သို့ ရောက်ရှိပါက ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုနိုင်ရန် ဟိုတယ် ခုနစ်လုံးနှင့် ပြည်တွင်း ခရီးသွားများတည်းခိုနိုင်ရန် စည်ပင်လိုင်စင်ရ တည်းခိုခန်း ၃၈ လုံးရှိသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများအတွက် အဆင့်မီသော စားသောက်ဆိုင်များနှင့် မြန်မာထမင်းဆိုင်များလည်း တည်ရှိကာ ပြည်တွင်းပြည်ပ ခရီးသွားများအတွက် စစ်ကိုင်းမြို့ရှိ ပန်းပေါင်းစုံသုပ်သည် ကျော်ကြားလှသော ဒေသအစားအစာ တစ်ခုဖြစ်သည်။

စစ်ကိုင်းတောင်သည် စစ်ကိုင်းမြို့မှ နှစ်မိုင်ခန့်သာကွာဝေးပြီး ကတ္တရာလမ်းအတိုင်း ဆိုင်ကယ်ကယ်ရီ၊ သုံးဘီး၊ မြင်းလှည်းများဖြင့် သွားရောက်နိုင်သည်။ စစ်ကိုင်းတောင်ခြေတွင် သီတဂူဗုဒ္ဓတက္ကသိုလ်ကိုလည်း သွားရောက်လေ့လာနိုင်ပြီး စစ်ကိုင်းမြို့မှ ၂၂ မိုင်ခန့်ကွာဝေးသော မင်းကွန်းဒေသရှိ ဘိုးတော်ဘုရား တည်ထားခဲ့သော မင်းကွန်းပုထိုးတော်ကြီး၊ မြသိန်းတန်စေတီနှင့် အလေးချိန် ၅၅၅၅၅ ပိဿာ (မင်းဖြူမှန်မှန်ပြော) ရှိသော မင်းကွန်းခေါင်းလောင်းကြီးနှင့် ခြင်္သေ့ကြီးနှစ်ကောင်အား တစ်ပါတည်း လေ့လာလည်ပတ်နိုင်သည်။

မင်းကွန်းဒေသသို့ ပြည်ပခရီးသွားဧည့်သည်များ နှစ်စဉ် တစ်သိန်းဝန်းကျင်ခန့် ရောက်ရှိလျက်ရှိပြီး မင်းကွန်းဒေသတွင် ခရီးသွားပြည်သူများအတွက် အဆင့်မြင့် သန့်စင်ခန်းများကိုလည်း တည်ဆောက်လျက်ရှိကာ မန္တလေးမှ သင်္ဘောဖြင့် လာရောက်သော ခရီးသွားများ အတက်အဆင်း လွယ်ကူ အဆင်ပြေစေရန်အတွက် ဆိပ်ခံဗောတံတားတစ်စင်းအား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဇန်နဝါရီလအတွင်း ရေချဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

ကနောင်မင်းသားကြီး၏ သံရည်ကျိုစက်ရုံ (သံချက်ဖို) သည် စစ်ကိုင်းမြို့တွင်း ဧရာဝတီ မြစ်ကမ်း နံဘေးတွင် တည်ရှိပြီး ကတ္တရာလမ်းအတိုင်း သွားရောက် လေ့လာလည်ပတ်နိုင်သည်။ အလားတူ ကုန်းဘောင်ခေတ် အစေခံခံတပ်ကိုလည်း ဧရာဝတီမြစ်ကမ်းနံဘေးတွင် သွားရောက်လည်ပတ်နိုင်သည်။ ထိုင်းလက်မှုပညာ ဖြင့် တည်ဆောက်ထားခဲ့သော မဟာသိမ်တော်ကြီးသည် ငါးထပ်ကြီးဘုရားအနီး စစ်ကိုင်းမြို့တွင်း၌ပင် တည်ရှိပြီး အတွင်းပိုင်းရှိ ရှေးဟောင်းရေဆေးပန်းချီလက်ရာများကို လေ့လာနိုင်သည်။

သာလွန်မင်းတရားကြီးတည်ထားခဲ့သော ကောင်းမှုတော်စေတီမှာမူ စစ်ကိုင်း-မုံရွာကားလမ်းဘေးတွင် တည်ရှိပြီး စစ်ကိုင်းမြို့မှ ခြောက်မိုင်ကွာဝေးသည်။ ကောင်းမှုတော်စေတီသို့ သွားရောက်စဉ် ရွာထောင်ရှိ ငွေထည်၊ ကြေးထည်လုပ်ငန်းနှင့် အိုးလုပ်ငန်းများကို ဝင်ရောက်လေ့လာနိုင်သည်။ စစ်ကိုင်းမြို့၏ မြောက်ဘက် ကိုးမိုင်အကွာတွင်တည်ရှိသော စိမ်းပြာရေညှိထုတ်လုပ်ရာ ရေခါးအင်းမှာ ဘူမိဗေဒဆိုင်ရာများဖြင့် ထူးခြားသောနယ်မြေဖြစ်သည်။

**မုံရွာဇုန်**

သလ္လာဝတီမြို့တော်ဟု တင်စားခေါ်ဝေါ်ကြသည့် မုံရွာမြို့သည် စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်ဖြစ်နေပါပြီ။ ရှေးယခင်က ရွာကြီးအဖြစ်ရှိနေပြီး အလုံမြို့သာ ထင်ရှားခဲ့ရာ ဗြိတိသျှအစိုးရ လက်ထက်တွင် အထက်ချင်းတွင်းခရိုင်အဖြစ် မော်လိုက်မြို့နှင့် အောက်ချင်းတွင်းခရိုင်အဖြစ် မုံရွာမြို့တွင် ရုံးစိုက်ခဲ့ကြသည်။ မုံရွာမှာ စစ်ကိုင်းမြို့၏ အနောက်မြောက်ဘက် ၇၅ မိုင်အကွာတွင်တည်ရှိနေပြီး ချင်းတွင်းမြစ်သည် မုံရွာမြို့၏ အောက်ဘက် မိုင် ၅၀ အကွာတွင် ဧရာဝတီမြစ်နှင့် ပေါင်းဆုံစီးဆင်းသွားသည်။

မုံရွာမြို့သို့ လာရောက်မည်ဆိုပါက လေကြောင်း၊ ရေကြောင်း၊ မော်တော်ကား၊ မီးရထား နှစ်သက်ရာ လမ်းကြောင်းမှ လာရောက်နိုင်သည်။ အဆင့်မီ စားသောက်ဆိုင်များနှင့် မြန်မာထမင်းဆိုင်များရှိသည့်အပြင် ပဲမျိုးစုံနှင့်အစားအစာများ ပေါ်ကြွယ်ဝလှသည်။ တည်းခိုစရာများ အနေဖြင့်လည်း ပြည်တွင်း၊ ပြည်ပ ခရီးသွားများ တည်းခိုနိုင်သော ဟိုတယ် ၁၅ လုံးနှင့် စည်ပင်လိုင်စင်ရ တည်းခိုခန်း ၃၁ လုံး ရှိသည်။

မုံရွာမြို့အနီးတွင်ကား ပြည်တွင်း၊ ပြည်ပခရီးသွားများ လေ့လာလည်ပတ်စရာ နေရာများစွာ တည်ရှိနေပြီး ကမ္ဘာ့အမြင့်ဆုံး ရပ်တော်မူဘုရားကြီး တည်ထားရာ ဗောဓိတစ်ထောင်သို့ သွားရောက်ဖူးမြော်မည်ဆိုလျှင် မန္တလေး-မုံရွာကားလမ်းမဘေးရှိ မုံရွေးကျေးရွာလမ်းခွဲမှ ဝင်ရောက်ဖူးမြော်နိုင်ပါသည်။ မုံရွာမြို့မှ သွားရောက်မည်ဆိုပါက ၁၇ မိုင်ကွာဝေးကာ ထိုမှတစ်ဆင့် စေတီကြီးငယ်ပေါင်းသောင်းချီကာ တည်ထားခဲ့သော မိုးညှင်းသမ္ဗုဒ္ဓေဘုရားသို့ တစ်ပါတည်း သွားရောက်ဖူးမြော်လေ့လာနိုင်မည်ဖြစ်ပါသည်။ မြို့တွင်း၌မူ လယ်တီဆရာတော်တည်ထားခဲ့သည့် လယ်တီကျောက်စာတိုက်နှင့် ဆုတောင်းပြည့် ရွှေစည်းခုံဘုရားများကို ဖူးမြော်နိုင်ပြီး ညနေ နေဝင်အချိန်တွင်မူ အနောက်ဘက်ကမ်း ချင်းတွင်းတံတားထိပ်ရှိ ရွှေတောင်ဦးစေတီမှ နေဝင်ဆည်းဆာအလှနှင့်အတူ ဘေးမဲ့တိရစ္ဆာန်များကိုပါ ကြည့်ရှုခံစားနိုင်ပါသည်။

ယွန်းထည်လက်မှုလုပ်ငန်း ရှားပါးလာသော်လည်း အနုစိတ်လက်ရာမြောက်လှသည့် ယွန်းထည် လုပ်ငန်းကို မုံရွာမြို့နှင့် ၁၀ မိုင်ကွာခန့် ကွာဝေးသော ကျောက္ကာရွာတွင် သွားရောက်လေ့လာနိုင်ပြီး တန်ခိုးကြီး ရွှေဂူနီဘုရားကို တစ်ပါတည်း ဖူးမြော်ကြည်ညိုနိုင်သည်။ ငြင်းဆန်မရသည့် သမိုင်းအမှန် ကြေးခေတ်သချိုင်းကို မုံရွာမြို့မှ ၂၀ မိုင်ကွာဝေးသော ဘုတလင်မြို့အနီး လေးမိုင်ကွာဝေးသော ညောင်ကန်ရွာအနီးတွင် သွားရောက်လေ့လာနိုင်ပါသေးသည်။ မုံရွာမြို့ အနောက်ဘက်ကမ်း ၁၇ မိုင်ခန့် အကွာရှိ ကနီမြို့နယ်တွင် တည်ရှိသော ဘူမိထူးခြားမှုများဖြစ်သည့် မီးတောင်ဟောင်း (လည်ရှည်တွင်း၊ တွင်းမတွင်း၊ တောင်ပျောက်တွင်း) များကို သွားရောက်ကာ အညာထန်းတောမြင်ကွင်းနှင့် ကမ်းခြေမြင်ကွင်း အရသာနှစ်မျိုးကို ခံစားနိုင်သည်။

သဘာဝအခြေခံ ခရီးသွားလုပ်ငန်းတစ်ခုဖြစ်သည့် အလောင်းတော်ကဿပအမျိုးသားဥယျာဉ်သို့ မုံရွာမှ ယာကြီး ကတ္တရာလမ်းအတိုင်း ၁၀ မိုင်ခန့် ၎င်းမှ ကပိုင်ရွာသို့ ဆယ့်နှစ်ရာသီသွား မြေသားလမ်း ၁၃ မိုင်၊ ကပိုင်မှ ရာသီသွားလမ်း မိုင် ၄၀ အတိုင်း သွားရောက်ကာ လေ့လာဖူးမြော်နိုင်သည်။ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်သို့ နှစ်စဉ် ဘုရားဖူးဧည့်သည်များစွာ ဝင်ရောက်လျက်ရှိပြီး ကေဘယ်ကား တပ်ဆင်နိုင်ရန် စတင် အကောင်ထည်ဖော်နေပြီဖြစ်သည်။

ထို့အတူ ရှေးဟောင်းရေဆေးပန်းချီလက်ရာများ တာဝတိံသာ နတ်ပြည်နှင့် ၃၁ ဘုံကို ကျောက်တောင်တွင် ထုဆစ် ပုံဖော်ထားရှိသော သမိုင်းဝင်ဖိုဝင်တောင်နှင့်အတူ တိုင်မထူ ဒေါက်မကူသော ရွှေဘတောင်ရှိ ကျောက်ဂူများကိုပါ မုံရွာနှင့် ၂၈ မိုင်ခန့်ကွာဝေးသော ယင်းမာပင်နယ်တွင် လေ့လာနိုင်ပါသေးသည်။ သဘာဝထူးခြားမှုများမှာ ဖိုဝင်တောင်နှင့် ရွှေဘတောင်ကြားရှိ ရပတ်ယာဉ် ကွင်းနေရာမှ ကြည့်ရှုလျှင် ဖိုဝင်တောင်ခြမ်းသည် ဗုဒ္ဓဘုရားလျောင်းတော်မူနေသည့် ပုံစံအားတွေ့မြင်ကြရမည်ဖြစ်သည်။

ဒုတိယ ပုဂံဟု တင်စားနေကြသည့် ကျန်စစ်သား ပုန်းခိုခဲ့သောနေရာ၊ ရေသောက်ဆင်းသော နေရာနှင့် ကျန်စစ်သား တည်ထားခဲ့သော ဘုရားပုထိုးစေတီများသည် မုံရွာမြို့နှင့် ၁၃ မိုင်သာ ကွာဝေးသော အမြင့်မြို့ဟောင်းတွင် တည်ရှိနေပြီး ချောင်းဦးမြို့မှလည်း သွားရောက်နိုင်ပါသေးသည်။ ပြည်ပခရီးသွားများမှာ မုံရွာ-ချောင်းဦး၊ အမြင့်မြို့ဟောင်းမှတစ်ဆင့် ကျေးရွာလမ်းအတိုင်း ဆင်ဖြူရှင်တံတားဘက်မှ တစ်ဆင့် ပုဂံသို့ စက်ဘီးများဖြင့် အုပ်စုဖွဲ့ကာ သွားရောက်လေ့ရှိသည်။

**ရွှေဘိုဇုန်**

အလောင်းမင်းတရား တည်ထောင်ခဲ့သော ရန်ကြီးအောင်၊ ကုန်းဘောင်၊ ရတနာသိယ်၊ မုဆိုးဖို၊ ရွှေဘိုဟူသည့် 'ငါးမည်ရ ပြည်ရွှေဘို' မြို့သည် တတိယ မြန်မာနိုင်ငံတော်၏ မြို့တော်ဖြစ်ခဲ့ပြီး မန္တလေးမြို့မှ မြောက်ဘက် ၇၀ မိုင် အကွာတွင်တည်ရှိကာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း လူထုအခြေပြု ခရီးသွားလုပ်ငန်းကို စတင်ဖော်ဆောင်ရာ ဇုန်တစ်ခုဖြစ်သည်။

ရွှေဘိုမြို့သို့ မော်တော်ကား၊မီးရထားလမ်းကြောင်းများဖြင့် သွားလာနိုင်ပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများ တည်းခိုနေထိုင်ရန် ဟိုတယ်နှစ်လုံးနှင့် စည်ပင်လိုင်စင်ရ တည်းခိုရိပ်သာ ၁၇ လုံးရှိသည်။ ရွှေဘိုမြို့သည် အလောင်းစည်သူမင်းလက်ထက် မူးမြစ်မှရေကို သွယ်ယူကာ မဟာနန္ဒာကန်ကို တည်ဆောက်၍ ရေသွင်းစိုက်ပျိုးရေးလုပ်ငန်းကို စတင်ခဲ့သော မြို့ဖြစ်ခဲ့သည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများ စားသုံးနိုင်ရန် ထီလာဘူဖေး၊ ရွှေတောင်၊ ဧဒင်စသဖြင့် အဆင့်မီစားသောက်ဆိုင်များရှိပြီး ရွှေဘိုပေါ်ဆန်းမွှေးမှာ နာမည်ကျော်ကြားသည်။

ဆက်လက်ဖော်ပြပါမည်။

> ဒုတိယ ပုဂံဟု တင်စားနေကြသည့် ကျန်စစ်သား ပုန်းခိုခဲ့သော နေရာ၊ ရေသောက်ဆင်းသော နေရာနှင့် ကျန်စစ်သား တည်ထားခဲ့သော ဘုရားပုထိုး . . .



# သင်ယူသူဗဟိုပြုချဉ်းကပ်သင်ယူနည်း အသုံးပြုမည်



**ချမ်းအေးသာစံ မေ ၂၉**
မန္တလေးတိုင်းဒေသကြီး ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၈ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ် (၁၄)အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ကျောင်းနေအရွယ်ကလေးများအားလုံး အခမဲ့ပညာသင်ယူခွင့်ရရှိစေရေးနှင့် လူတိုင်းအကျုံးဝင်ပညာရေးအားကောင်းလာစေရန် ပံ့ပိုးပေးခြင်းများဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက သင်ရိုးသစ်တွင် ကျောင်းသားများ၏ဘက်စုံဖွံ့ဖြိုးမှုကိုဦးတည်ပြီး သင်ကြားသင်ယူမှုစနစ်မှာလည်း သင်ယူသူဗဟိုပြုချဉ်းကပ်သင်ယူနည်းကို အသုံးပြုမည်ဖြစ်ကြောင်း၊ ကျောင်းသား ကျောင်းသူများကိုယ်တိုင် စူးစမ်းရှာဖွေစဉ်းစား လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် သင်ယူမှုအခွင့်အလမ်းများပေးမည့် သင်ရိုးညွှန်း တမ်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့သည် ပြဋ္ဌာန်းစာအုပ်၊ ကျောင်းဝတ်စုံတို့ကို ကျောင်းသား ကျောင်းသူများအား ပေးအပ်ပြီး အတန်းအလိုက် ကျောင်းအပ်နှံနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ **သီဟကိုကို(မန္တလေး)**

# မကွေးတိုင်းဒေသကြီး အတွင်းရှိဆည်တမံများအား ကြည့်ရှုစစ်ဆေး

**မကွေး မေ ၂၉**
မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးသည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၃) ညွှန်ကြားရေးမှူး ဦးညွန့်ဌေး၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသောင်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက်တွင် စလင်းမြို့ရှိ ဝက်သည်းကန်၊ စလင်းမြို့နယ် ခိုင်မြောင်း၊ လင်းဇင်းရေလွှဲဆည်၊ မင်းလျှင်ရေသွင်းမြောင်းနှင့် စလင်းရေလှောင်တမံတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စေတုတ္တရာမြို့နယ်ရှိ မုန်းချောင်းရေလှောင်တမံသို့ ရောက်ရှိပြီး သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များက လိုအပ်သည်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တင်ပြချက်များအပေါ် ဝန်ကြီးနှင့်အဖွဲ့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး မုန်းချောင်းတမံ ပင်မရေပိုလွှဲ ရေကျအမှတ်(၁)၊ ရေကျအမှတ်(၂)ပြုပြင်ခြင်းလုပ်ငန်းနှင့်အကူ ရေပိုလွှဲ တည်ဆောက်ခြင်းလုပ်ငန်းတို့ကို တာဝန်ရှိသူတို့က လိုက်လံပြသ ရှင်းလင်းတင်ပြခဲ့သည်။ **(အောက်ပုံ)**

ထို့မှတစ်ဆင့် ပွင့်ဖြူမြို့နယ်ရှိ ကြီးအုံကြီးဝရေလှောင်တမံသို့ ဆက်လက်ထွက်ခွာလာရာ ကြီးအုံကြီးဝ ရေလှောင်တမံ ပင်မရေပိုလွှဲပြုပြင်ခြင်း၊ အကူရေပိုလွှဲ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းနှင့် တမံရှိစက်မှုအလုပ်ရုံတွင် စက်ယန္တရားများ ပြင်ဆင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဲဇလီရေလွှဲဆည်အင်းကုန်း ရေဆိုးထုတ်မြောင်းနှင့် မဒဲအင်းရိုးရေဆိုးထုတ်မြောင်းများ မိုးမကျမီပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချက်ကြံ့ ဧက ၁၆၀၀၀၀ နီးပါး စိုက်ပျိုးရန် လျာထား

**မုံရွာ မေ ၂၉**
၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကသာ၊ ကလေး၊ မော်လိုက်စသည့် ခရိုင် ခြောက်ခရိုင်တွင် စက်မှုသီးနှံဖြစ်သော ချက်ကြံ့ရင့်ဧက ၁၅၉၉၃၀ အား စိုက်ပျိုးထုတ်လုပ်သွားရန် လျာထားကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလအတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မုံရွာခရိုင်တွင် ၅၁ ဧကကို လည်းကောင်း၊ ရွှေဘိုခရိုင်အတွင်း ၁၇၆၄၉ ဧကကိုလည်းကောင်း၊ ကန့်ဘလူခရိုင်အတွင်း ဧက ၂၀၅၆၆ ကိုလည်းကောင်း၊ ကလေးခရိုင်အတွင်း နှစ်ဧကအားလည်းကောင်း၊ မော်လိုက်ခရိုင်အတွင်း ၁၂ ဧက ကိုလည်းကောင်း စုစုပေါင်း ဧက ၁၅၉၉၃၀ အား စိုက်ပျိုးသွားရန်လျာထားကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မုံရွာ၊ ရွှေဘို၊ ကန့်ဘလူ၊ ကသာ၊ ကလေး၊ မော်လိုက်စသည့် ခရိုင်ခြောက်ခရိုင်တွင် စက်မှုသီးနှံဖြစ်သော ချက်ကြံ့ရင့်ဧက ၁၈၂၀၀၀ စိုက်ပျိုးရန်လျာထားခဲ့ရာ ရာသီကုန်တွင် ဧက ၁၅၉၉၃၀ ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။ **ဝင်းဦး(ဖေယျာတိုင်း)**

## ပုလဲမြို့နယ်တွင် အိမ်သုံးမီတာများ နေ့ချင်းပြီးတပ်ဆင်

**ပုလဲ မေ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ကျေးသမ္မားကျေးရွာ ရွှေရတနာအေးသုခမ္မာရုံ၌ မေ ၂၈ ရက် ညနေ ၃ နာရီက မြို့နယ်ပြည်သူ့ဝန်ဆောင်မှုရုံး၏ ရွေ့လျားဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း(One Stop Service) လုပ်ငန်းနှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးရေး အသိပညာပေးဟောပြောပွဲကို ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပုလဲမြို့နယ်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်ထွန်းမြင့်က အမှာစကားပြောကြားခဲ့ပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဖြိုးဝေလင်းက ပြည်သူ့ဝန်ဆောင်မှုရုံးအနေဖြင့် ကျေးရွာများသို့ ကွင်းဆင်း၍ ရွေ့လျားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ မြို့နယ်ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းထိုက်က လျှပ်စစ်အန္တရာယ် ကင်းဝေးစေရေးအတွက် သတိပြုလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပညာပေးဟောပြောခဲ့ပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဟန်ဇေယျာလင်းက အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း (One Stop Service) လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးအောင်ထွန်းမြင့်နှင့် တာဝန်ရှိသူများသည် ကျေးသမ္မား ကျေးရွာအတွင်း အလင်းရောင် စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်ခြင်း (One Stop Service) လုပ်ငန်းဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းနှင့် ပုလဲမြို့နယ်အတွက် အိမ်သုံးမီတာ အလုံး ၁၀၀ရရှိခဲ့ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးဟန်ဇေယျာလင်းပြောပြချက်အရသိရသည်။ **မင်းခန့်စိုး(ဖေယျာမြေ)**

# ညောင်ဦးမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေ ကျပ်သိန်းပေါင်း ၄၀၀၀ ထုတ်ချေးပြီး

**ညောင်ဦး မေ ၂၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ၂၀၁၈ ခုနှစ် မိုးသီးနှံ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ တောင်သူကြီးများ မိုးဦးမိုးဖျား ရွာသွန်းချိန်တွင် အဆင်ပြေစွာ စိုက်ပျိုးလုပ်ကိုင်နိုင်ရေးအတွက် မေ ၁၇ ရက်မှ စတင်ကာ တောင်သူများထံ လက်ဝယ်အရောက် ထုတ်ချေးဆောင်ရွက်ပေးလျက်ရှိရာ မေ ၂၉ ရက် အထိ ညောင်ဦးမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၈ အုပ်စုမှ တောင်သူ ၁၁၀၀ အား ချေးငွေကျပ် သိန်းပေါင်း ၄၀၀၀ ထုတ်ချေးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရုံးမှ သိရသည်။

ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ယခုနှစ် မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို တောင်သူများထံ ထုတ်ချေးပေးရာတွင် လယ်ယာမြေပိုင်ဆိုင်မှု အထောက်အထား ပုံစံ(၇)တင်ပြနိုင်သည့်တောင်သူတစ်ဦးချင်းအား အာမခံစနစ်ဖြင့် ထုတ်ချေးဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ညောင်ဦးမြို့နယ်အတွင်း ချေးငွေထုတ်ချေးပေးရမည့်ကျေးရွာအုပ်စု ၇၅ အုပ်စုမှ တောင်သူဦးရေ ၁၃၁၀၀ အား ချေးငွေကျပ်သိန်းပေါင်း ၄၉၀၀၀ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေနဲ့ မြို့နယ်အတွင်းရှိ တောင်သူတွေကို မိုးသီးနှံစိုက်ပျိုးစရိတ်ချေးငွေတွေကို ထုတ်ချေးပေးရာမှာ အရင်ကလို တောင်သူ သုံးဦး ဖွဲ့စည်းပြီး တစ်ဦးနဲ့ တစ်ဦး အပြန်အလှန် အာမခံစနစ်နဲ့ ချေးပေးတာမျိုးမဟုတ်တော့ဘဲ အရင်နှစ်မှာလယ်ယာမြေပိုင်ဆိုင်မှု အထောက်အထားဖြစ်တဲ့ ပုံစံ(၇)မူရင်းတင်ပြနိုင်တဲ့ တောင်သူတစ်ဦးချင်းအာမခံစနစ်နဲ့ ထုတ်ချေးဆောင်ရွက်ပေးတာဖြစ်ပါတယ်၊ ထုတ်ချေးပေးတဲ့နှုန်းထားကတော့ စပါးစိုက်လယ်တစ်ဧက ငွေကျပ် ၁၅၀၀၀၀၊ အခြားသီးနှံစိုက်ပျိုးမှု တစ်ဧက ငွေကျပ် ငါးသောင်းနှုန်းနဲ့ ထုတ်ချေးပေးတာ ဖြစ်ပါတယ်၊ ကျွန်တော်တို့မြို့နယ်မှာ မိုးသီးနှံစိုက်ပျိုးစရိတ် ထုတ်ချေးပေးရမယ့် ကျေးရွာအုပ်စုပေါင်း ၇၅ အုပ်စုရှိပြီး တောင်သူဦးရေပေါင်းက ၁၃၁၀၀ ရှိပါတယ်၊ အခုဆိုရင် ကျွန်တော်တို့ ဝန်ထမ်းတွေ ကျေးရွာအုပ်စု ၁၈ အုပ်စုရှိ တောင်သူ ၁၁၀၀ ကို ချေးငွေကျပ်သိန်းပေါင်း ၄၀၀၀ ထုတ်ချေး ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပါတယ်၊ ကျန်ရှိတဲ့ကျေးရွာအုပ်စုက တောင်သူတွေကိုလည်း ချေးငွေထုတ်ချေးရမယ့် သတ်မှတ်ကာလမှာ အပြီးထုတ်ချေးနိုင်ရေးအတွက် ရုံးဖွင့်ရက်တွေမှာ စဉ်ဆက်မပြတ် ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်" ဟု ညောင်ဦးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မြို့နယ်ဘဏ်မန်နေဂျာ ဦးငွေထွန်းက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# နိုင်ငံ့ဂုဏ်သိက္ခာတိုးတက်ရေး ဝန်ထမ်းများ စေတနာထား ဆောင်ရွက်ရန်တာချီလိတ်၌ မှာကြား

**တာချီလိတ် မေ ၂၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ဌာနဆိုင်ရာအချင်းချင်း စုစည်းညီညွတ်စွာပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းများအောင်မြင်ထိရောက်ကာ ဒေသဖွံ့ဖြိုးတိုးတက်စေရေး ညှိနှိုင်းအစည်းအဝေးကို မေ ၂၈ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က တာချီလိတ် မြို့မှာ နယ်စပ်ဒေသမြို့ဖြစ်ပြီး တစ်ဖက်နိုင်ငံနှင့်နီးစပ်လျက်ရှိသည့် မြို့ဖြစ်သည့်အတွက် လုပ်ငန်းများဆောင်ရွက်ရာ၌ နှစ်ဖက်စဉ်းစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံဂုဏ်သိက္ခာရှိစွာ တိုးတက်ရေးဝန်ထမ်းများ စေတနာထား၍ ထိန်းသိမ်းစောင့်ရှောက် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်လျှင် ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ကာ နိုင်ငံ့ပုံရိပ်ကောင်းမွန်စေမည်ဖြစ်သဖြင့် ဝန်ထမ်းများ ကြိုးစားဆောင်ရွက်ရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့်ဌာနဆိုင်ရာများက ဌာနအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ခရိုင်အုပ်ချုပ်ရေးမှူးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

**ပဲခူး မေ ၂၉**

ပဲခူးတိုင်း ဒေသကြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းက 'ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့' ဟူသော နိုင်ငံတော်၏ ပညာရေးဆောင်ပုဒ်နှင့်အညီ လူတိုင်း ပညာတတ်မှ လူတိုင်းပညာရှိမှ အေးချမ်းသာယာပြီး ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်နိုင်မှာဖြစ်ကြောင်း၊ လူတိုင်းပညာတတ်ရေး၊ ပညာရှိရေးအတွက် အရွယ်သုံးပါးမှ ပထမအရွယ်ဖြစ်သော ကျောင်းနေအရွယ်ကလေးများ ပညာရှာရန်အတွက် ကျောင်းသို့ရောက် ရှိရန်လိုအပ်ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းသို့ရောက်ရှိရန် ပညာရေးဌာန တစ်ခုတည်း လုပ်ဆောင်၍ မရဘဲ အစိုးရ၊လူမှုရေးအဖွဲ့အစည်း၊ မိဘပြည်သူ၊ ဆရာ၊ ကျောင်းသား ပူးပေါင်းဆောင်ရွက်မှုသည် အရေးပါသောကဏ္ဍမှ ပါဝင်နေကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များက ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းဝတ်စုံနှင့် အလှူငွေများအား တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် ဆရာကြီး၊ ဆရာမကြီးများထံ ပေးအပ်လှူဒါန်းကြသည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ ဝန်ကြီးများ၊ အခြေခံပညာဦးစီးဌာန၊ လေ့လာဆန်းစစ် အကဲဖြတ်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာညွှန့်ဖေ၊ ပဲခူးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးပညာရေးညွှန်ကြားရေးမှူးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွင်း အထက်တန်းကျောင်း ၃၁ ကျောင်း၊ အလယ်တန်းကျောင်း ၁၄၁ ကျောင်း၊ မူလတန်းကျောင်း ၇၆ ကျောင်း၊ အထက်တန်းကျောင်း(ခွဲ) ၃၅ ကျောင်း၊ အလယ်တန်းကျောင်း(ခွဲ) ၅၉ ကျောင်း၊ မူလွန်ကျောင်း ၄၉ ကျောင်း၊ မူလတန်းကျောင်း(ခွဲ) ၃၉ ကျောင်း စုစုပေါင်း ကျောင်း ၄၃၀ တို့အား ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# အခြေခံပညာကျောင်းများတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်

**နတ်တလင်း မေ ၂၉**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် မြို့ပေါ် လေးရပ်ကွက်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီးတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းဆောင်ရွက်ခြင်းကို မေ ၂၉ ရက် နံနက် ၉ နာရီက စတင်ဆောင်ရွက်ကြသည်။

ခြင်များ မပေါက်ပွားနိုင်ရေးအတွက် ရေကန်များအတွင်း ဆေးခတ်ခြင်း၊ ရေကန်များ၊ ရေအိုးများ ဆေးကြောခြင်း၊ ရေဝပ်နေသော အိုး၊ ခွက်၊ တာယာများကို ရေသွန်၍မှောက်ခြင်း၊ ရေပြည့်နေသော အုတ်ကန်များ၊ ရေစည်များအား အဖုံးဖုံးခြင်းတို့ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနမှဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက အဖွဲ့သုံးဖွဲ့ခွဲ၍ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝင်းမြင့် (နတ်တလင်း)**

# ဆည်ရေစီမံခန့်ခွဲမှုသင်တန်း ပဲခူး၌ ဖွင့်လှစ်

**ပဲခူး မေ ၂၉**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယအကောက်ခွန်မှူးနှင့် ဒု-လက်ထောက်အကောက်ခွန်မှူးများအတွက် ဆည်ရေစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာန(ခွဲ) ပဲခူးမြို့၌ မေ ၂၈ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ဆည်မြောင်းပညာရပ်ဖွံ့ဖြိုးမှုလေ့ကျင့်ရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးဇော်မင်းထွဋ်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့ကာ သင်တန်းသားသင်တန်းသူ ၄၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း (ပဲခူး)**




# မြန်မာ့စာတိုက်များတွင် ပြည်တွင်း ပြည်ပလေယာဉ် လက်မှတ်များဝယ်ယူရရှိနိုင်

**ကြို့ပင်ကောက် မေ ၂၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရှိ မြန်မာ့စာတိုက်များတွင် ပြည်တွင်း၊ပြည်ပ လေယာဉ်လက်မှတ်များ ဝယ်ယူနိုင်ပြီဖြစ်ကြောင်း ကြို့ပင်ကောက်မြို့နယ် မြန်မာ့စာတိုက်လုပ်ငန်းမှ သိရသည်။

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ ပြည်၊ ပေါင်းတည်၊ နတ်တလင်း၊ ကြို့ပင်ကောက်၊ လက်ပံတန်း၊ ဇီးကုန်းနှင့် သာယာဝတီ စာတိုက်များတွင် ပြည်တွင်း (MAI) လေကြောင်းများနှင့် ပြည်ပ လေကြောင်းများဖြစ်သော (ဟောင်ကောင်၊ ထိုင်ဝမ်၊ ဗန်ကောက်၊ စင်ကာပူ) တို့သို့ သွားရောက်ရန် လေယာဉ်လက်မှတ်များအား ဆက်သွယ်ဝယ်ယူနိုင်ပြီး လေယာဉ် လက်မှတ်ဝယ်ယူသူအား လက်မှတ်ကို Viber ဖြင့်ပေးပို့မည်ဖြစ်ပြီး Viber Message ပြသ၍ လေယာဉ်စီးနင်းနိုင်ကြောင်း သိရသည်။

ကြို့ပင်ကောက်မြို့ စာတိုက်မှူး ဒေါ်လွင်လွင်ဦးက "လေယာဉ်စီးနင်းလိုတဲ့သူက သက်ဆိုင်ရာ လေဆိပ်ကို ကိုယ်တိုင်သွားရောက်ဝယ်ယူဖို့မလိုဘဲ လေယာဉ်လက်မှတ်ဝယ်ယူလို့ရတဲ့ မြန်မာ့စာတိုက်လုပ်ငန်းတွေမှာ လူကိုယ်တိုင် သုံးရက် ကြိုတင်ပြီး ငွေပေးချေဝယ်ယူနိုင်ပါတယ်၊ လေယာဉ်လက်မှတ်ကို Viber ကနေ Message ပို့ပေးပြီး လေဆိပ်ရောက်ရင် Viber Message ကိုပြသပြီး လေယာဉ်စီးနင်းနိုင်ပါတယ်" ဟု ပြောကြားသည်။

**ဇေယျာထွန်း(ကြို့ပင်ကောက်)**

# စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန် ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်း စကားဝိုင်းဆွေးနွေး

**ရန်ကုန် မေ ၂၉**

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် United States Agency for International Development (USAID)နှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်း (IPPAM)တို့ ပူးပေါင်းကျင်းပသော ပထမဦးဆုံးအကြိမ် SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်အခွင့်အရေး "Forum Trademark and Design" (ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်း) စကားဝိုင်းကို ဗဟန်းမြို့နယ်ရှိ သမဝါယမစီးပွားရေးဗဟိုဌာန (Co-operative Centre )၌ မေ ၂၇ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ ထွက်ပေါ်လာပါက စီးပွားရေးလုပ်ငန်းရှင်များအတွက် လွန်စွာအကျိုးရှိမည်ဖြစ်ကြောင်း၊ လုပ်ငန်းတစ်ခုကို စတင်တည်ထောင်မည်ဆိုပါက မည်ကဲ့သို့ လုပ်ကိုင်ရမည်ကိုသိရှိရန်လိုအပ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးလုပ်ငန်း ၉၈ ရာခိုင်နှုန်းအထက်မှာ SMEs ဖြစ်ကြောင်း အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က ပြောကြားသည်။

"အခုကတော့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးမှုမှာ SMEs ဖွံ့ဖြိုးတိုးတက်ဖို့က အရေးကြီးပါတယ်၊ ဒီ SMEs ဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း မူပိုင်ခွင့်က အရေးကြီးပါတယ်၊ တစ်နိုင်တစ်ပိုင်စီးပွားရေးဆိုတာ တစ်ချိန်ကျရင်လုပ်ငန်းကြီးတွေဖြစ်လာပြီး နိုင်ငံအဆင့်ကနေ ဒေသအဆင့်၊ ဒေသအဆင့်ကနေ နိုင်ငံတကာအဆင့်ကို ကူးပြောင်းကြရမှာပါ၊ အဲဒီလို ကူးပြောင်းတဲ့အခါကျရင် မူပိုင်ခွင့်တွေက အရေးကြီးလာမှာဖြစ်ပြီး မိမိရဲ့ကိုယ်ပိုင်တီထွင်ထားတဲ့ စက်မှုဒီဇိုင်းမဟုတ်ဘဲ နိုင်ငံတကာ ကုန်စည်ပြပွဲမှာ သွားရောက်ခင်းကျင်းပြသကြမယ်ဆိုရင် အခက်အခဲတွေအများကြီးတွေ့ကြုံရမှာပါ၊ မူပိုင်ခွင့်ကို အလေးထားဖို့လိုအပ်ပြီး လုပ်ငန်းကို စတင်တည်ထောင်တဲ့အချိန်ကစပြီး မူပိုင်ခွင့်ကို ဘယ်လို တည်ဆောက်၊ ကာကွယ်၊ ထိန်းသိမ်းရမလဲဆိုတာကို သိစေချင်လို့ပါ" ဟု ဆက်လက်ရှင်းပြသည်။

အဆိုပါ ပထမဦးဆုံးအကြိမ် SMEs ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အသိဉာဏ်ပစ္စည်း မူပိုင်အခွင့်အရေး " Forum Trademark and Design" (ကုန်အမှတ်တံဆိပ်နှင့် ဒီဇိုင်း) စကားဝိုင်း၌ အသိဉာဏ်ပစ္စည်းဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်း၊ ဒုဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ၊ UMFCCI မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဒေါက်တာအောင်သိန်းနှင့် တာဝန်ရှိသူများ၊ ဥပဒေပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက စုပေါင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးနှင့် ကုသရေးအကြောင်း မြိတ်မြို့တွင် အသိပညာပေးဆွေးနွေး

**မြိတ် မေ ၂၉**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေး၊ ကြိုတင်ကာကွယ်ရေးနှင့် ပညာပေးခြင်းလုပ်ငန်းကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရေးအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးနှင့်ကုသရေးအကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေ ၂၈ ရက် မွန်းလွဲ ၂ နာရီက မြိတ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက တိုင်းဒေသကြီးတွင် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေနှင့် သွေးလွန်တုပ်ကွေးဖြစ်ပွားနိုင်ခြေရှိသော ပတ်ဝန်းကျင်၊ ရောဂါဖြစ်ပွားနိုင်ခြေရှိသူများ၊ အန္တရာယ်လက္ခဏာရှိသော အဆင့်များအကြောင်းကို Power Point ဖြင့် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။



ထို့နောက် တက်ရောက်လာကြသူများက ပြည်သူများ သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရေးအတွက် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းနှင့် ရောဂါဖြစ်ပွားသူများအား ကုသရေးလုပ်ငန်းများအကြောင်း၊ ရောဂါဖြစ်ပွားမှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် ပိုမိုထိရောက်ကြောင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွင် ပြည်သူလူထု ပူးပေါင်းပါဝင်စေရေး ပညာပေးခြင်း၊ လှုံ့ဆော်ခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေး စုပေါင်းဆောင်ရွက်ခြင်း၊ ခြင်ပေါက်ပွားနိုင်သည့် ပတ်ဝန်းကျင်အား ဖုံး၊ သွန်၊ လဲ၊ စစ် အပတ်စဉ် ဆောင်ရွက်ရေး၊ အဘိတ်ဆေးခတ်ခြင်း၊ ကျောင်းဖွင့်ရာသီ တွင်ကျောင်း အတွင်း/အပြင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရပ်ကွက်၊ ကျေးရွာများတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီးသည် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုအနေဖြင့် တစ်နိုင်ငံလုံးတွင် ဖြစ်ပွားမှု တတိယအများဆုံး တိုင်းဒေသကြီးတစ်ခုဖြစ်ပြီး တိုင်းဒေသကြီးအနေဖြင့် မေ ၂၇ ရက်အထိ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၃၉၁ ဦးရှိပြီး သုံးဦးသေဆုံးမှုရှိကြောင်း၊ ဖြစ်ပွားမှုအများဆုံးမြို့မှာ မြိတ်မြို့ဖြစ်ပြီး ၁၄၃ ဦး ဖြစ်ပွားပြီး သေဆုံးသူ နှစ်ဦးရှိကြောင်း၊ ဒုတိယအများဆုံးမှာ ပုလောမြို့ဖြစ်ပြီး သေဆုံးသူတစ်ဦးရှိကြောင်း၊ ယခုနှစ် ဖြစ်ပွားမှုအခြေအနေမှာ ဇန်နဝါရီလမှ မေလ အထိ ယခင်နှစ်ကထက် ဖြစ်ပွားမှုများပြားကြောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင် အများဆုံးဖြစ်ပွားခဲ့သည့် ၂၀၁၅ ခုနှစ်နှင့်နှိုင်းယှဉ်ပါက လျော့ကျမှုရှိကြောင်း တနင်္သာရီတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဇော်မင်းထွန်းက ပြောသည်။

ဆွေးနွေးပွဲသို့ မြိတ်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးရည်မွန်နှင့် ဌာနဆိုင်ရာများ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလွင်လွင်မွန်၊ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာသန္တာမျိုးဝင်း၊ သမားတော်များ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**နိုင်ထူး (မြိတ် ပြန်/ဆက်)**

# တစ်ပတ်အတွင်း အားကစားသတင်း

ဒီတစ်ပတ်တော့ ပြောစရာအများအပြားဖြစ်နေတဲ့ ရီးယဲလ်နဲ့ လီဗာပူးတို့ရဲ့ ချန်ပီယံလိဂ်ဗိုလ်လုပွဲအကြောင်း၊ ကမ္ဘာ့ဖလားအကြိုပြင်ဆင်နေကြပြီဖြစ်တဲ့အသင်းကြီးတွေ၊ ကမ္ဘာ့ခြေစွမ်းအကောင်းဆုံးအသင်းအဖြစ် ဥရောပ သုံးကြိမ်ဆက် ချန်ပီယံရီးယဲလ်ကို ဘာစီလိုနာကကျော်ပြီး နံပါတ်(၁) နေရာမှာ ရှိနေခဲ့တာစတဲ့ သတင်းတွေကို တင်ဆက် ပေးချင်ပါတယ်။








## ရီးယဲလ်ရဲ့ သမိုင်း၊ လီဗာပူးရဲ့ အမှားအချို့နဲ့ ပြီးဆုံးသွားခဲ့တဲ့ ဥရောပသရဖူလုပွဲ

ရီးယဲလ်မက်ဒရစ်ကတော့ ချန်ပီယံလိဂ်မှာ အစဉ်အလာအကြီးဆုံး အသင်းဆိုတဲ့ ဂုဏ်ပုဒ်အပြင် ချန်ပီယံလိဂ်မှာ သုံးကြိမ်ဆက်ဗိုလ်စွဲတဲ့ မှတ်တမ်းသစ်ကိုပါ ဆက်လက်ရယူသွားပါတယ်။ ၁၉၉၂ ခုနှစ် ချန်ပီယံလိဂ်ဆိုတဲ့ အမည်ကို မပြောင်းလဲခင် သုံးကြိမ်ဆက် ဗိုလ်စွဲတဲ့ အသင်းတွေ ရှိခဲ့ဖူးပေမယ့် ချန်ပီယံလိဂ်လို့ နာမည်ပြောင်းပြီးနောက်မှာတော့ ရီးယဲလ်က အခုလိုသုံးကြိမ်ဆက်ဗိုလ်စွဲပြီး ချန်ပီယံလိဂ်ဖလားကို ရယူသွားတာဖြစ်ပါတယ်။

ရီးယဲလ်အသင်းဟာ ဗိုလ်လုပွဲမှာ အင်္ဂလန်ကလပ် လီဗာပူးကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ယူပြီး ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက် ကိုင်မြှောက်နိုင်တဲ့ ပထမဆုံးအသင်းဖြစ်လာခဲ့တာပါ။ ကမ္ဘာတစ်ဝန်း ပရိသတ်အများစုကတော့ လီဗာပူးတိုက်စစ်မှူး ဆာလာသာ ဒဏ်ရာပြဿနာ မကြုံရဘူးဆို၊ ဂိုးသမား ကားရီးယက်စ်သာ အမှားတွေ မကျူးလွန်ခဲ့ဘူးဆိုရင် ပွဲအဖြေက တစ်ဂိုးစီ သရေဆိုတဲ့ ရလဒ်သာဖြစ်မယ်ဆိုတဲ့ အတွေးနဲ့ ဆာလာကို ဒဏ်ရာရရှိစေခဲ့တဲ့ ရာမို့စ်၊ လီဗာပူးဂိုးသမား ကားရီးယက်စ်တို့ဟာ ဒီပွဲရဲ့ ဗီလိန်ဖြစ်ခဲ့ကြရပါတော့တယ်။

## ဗီလိန်ဖြစ်ခဲ့ကြတဲ့ ရာမို့စ်၊ ကားရီးယက်စ်

လီဗာပူးဟာ ပွဲအစ မိနစ် ၃၀ (ဆာလာဒဏ်ရာ မရရှိခင်အထိ)အထိ လျင်မြန်တဲ့ တိုက်စစ်ကစားဟန်နဲ့ ရီးယဲလ်ဘက်ကို ဂိုးပေါက်ခြိမ်းခြောက်မှုတွေ မကြာခဏ ဆိုသလို ပြုလုပ်နိုင်ခဲ့တာကြောင့် ပရိသတ်တွေက ဆာလာသာ ဆက်ကစားနိုင်ရင် လီဗာပူးက ရီးယဲလ်ဆီက ချန်ပီယံလိဂ်ဖလားကို ရယူနိုင်လောက်တယ်လို့ တွေးခဲ့ကြပုံပေါ်ပါတယ်။ ဒါကြောင့် ဘောလုံးယှဉ်လုခဲ့ရင်း ဆာလာကို ဒဏ်ရာရရှိစေခဲ့တဲ့ ရာမို့စ်ကို တရားခံတစ်ဦးလို ဝိုင်းဝန်းအပြစ်တင်ခဲ့ကြတာဖြစ်ပါတယ်။ change.org ဆိုတဲ့ ဝက်ဘ်ဆိုက်တစ်ခုက ရာမို့စ်အနေနဲ့ ဆာလာကို ရည်ရွယ်ချက်ရှိရှိနဲ့ ကျူးလွန်ခဲ့ခြင်းဖြစ်တယ်ဆိုတဲ့ စွပ်စွဲချက်တစ်ရပ်နဲ့အတူ ယူအီးအက်ဖ်အေနဲ့ ဖီဖာတို့ထံ ရာမို့စ်ကို အရေးယူပေးဖို့ တောင်းဆိုခဲ့ကြရာမှာ ဝင်ရောက်လက်မှတ်ရေးထိုးသူ သုံးသိန်းကျော်အထိ ရှိခဲ့ပါတယ်။

တကယ်တမ်းတွေးကြည့်ရင် ရာမို့စ်က သူ့အလုပ်သူ လုပ်သွားခဲ့တာဖြစ်ပြီး ဆာလာဒဏ်ရာ ရသွားခဲ့သလို ရီးယဲလ်နောက်ခံလူ ကာဗာဟယ်လည်းပဲ မကြာခင်ပဲ ဒဏ်ရာရသွားခဲ့တာပဲဖြစ်ပါတယ်။ ဆာလာဝင်ရောက်ကစားနိုင်ရင် လီဗာပူးတစ်ဂိုးထက် ပိုပြီးရကောင်းရနိုင်မှာဖြစ်ပေမယ့် ရီးယဲလ်အသင်း ပထမပိုင်းမှာ သွင်းယူခဲ့တဲ့ ဂိုးကလည်း လူကျွံဘောလို့ သတ်မှတ်ဖို့ ခက်တဲ့ ဂိုးဆိုတာတော့ သတိပြုဖို့ လိုပါတယ်။

ဘောလုံးပိုင်ဆိုင်မှု၊ ကစားကွက်ကို အတင်အချလုပ်ပြီး ကစားနိုင်မှု၊ နည်းဗျူဟာ ပြောင်းလဲဖို့ အရန်ကစားသမား အင်အားတောင့်တင်းမှု၊ ချန်ပီယံလိဂ်အတွေ့အကြုံ ကြွယ်ဝမှုတွေမှာ လီဗာပူးအနေနဲ့ ရီးယဲလ်ကို ယှဉ်နိုင်ဖို့ ခက်ပါတယ်။

လီဗာပူး ဂိုးသမား ကားရီးယက်စ်အနေနဲ့ ပရော်ဖက်ရှင်နယ်ကစားသမားတစ်ဦး လက်ခံဖို့ခက်တဲ့ အမှားကို ကျူးလွန်ခဲ့တာ အသေအချာပဲဆိုပေမယ့် ပြီးခဲ့တဲ့ ဘိုင်ယန်နဲ့ ရီးယဲလ်အသင်းတို့ရဲ့ ပွဲမှာလည်း ဘိုင်ယန်ဂိုးသမား အလားတူအမှားမျိုး ကျူးလွန်ခဲ့ပါသေးတယ်။ ဘင်ဇီမာက ဂိုးသမားရဲ့ အမှားကိုစောင့်ပြီး အခွင့်အရေးယူနိုင်ဖို့ လုံလောက်တဲ့ အတွေ့အကြုံရှိတဲ့ တိုက်စစ်မှူးဖြစ်တယ်ဆိုတာ ဘိုင်ယန်နဲ့ ပွဲကတည်းက မြင်တွေ့ရပြီးသားပါ။ ဘေးလ်ရဲ့ ဒုတိယဂိုးကတော့ ကားရီးယက်စ် ပေါ့ဆမှုကြောင့်ပါ။ အဓိက ဒီနေရာမှာ ပြောစရာရှိတာက ဂိုးသမားတစ်ဦးဆိုတာ အနည်းငယ် ပေါ့ဆမိရင်၊ ဆုံးဖြတ်ချက်မှားရင် ကြီးမားတဲ့အမှားအဖြစ် ပြောင်းလဲသွားတတ်တာက အစဉ်အလာပါ။

ဘူဖွန်လို ဝါရင့်ဂိုးသမားလည်း အမှားကျူးလွန်တတ်တာပါပဲ။ ဒီနှစ်ဘောလုံးရာသီ ချန်ပီယံလိဂ်အုပ်စု ပွဲစဉ်တွေမှာ ဂျူဗင်တပ် အုပ်စုဒုတိယပဲရတော့ အားလုံးရဲ့ သားကောင်က ဘူဖွန်ဖြစ်ခဲ့ပါသေးတယ်။ ဘူဖွန်ခေတ်ကုန်ပြီ အီတလီအသင်းမှာလည်း အေစီမီလန်ဂိုးသမား ဒိုနာရူးမားကို နေရာပေးသင့်ပြီ စသဖြင့် စသဖြင့်အမျိုးမျိုး ရေးသားကြ၊ စွပ်စွဲပြစ်တင်ကြ လုပ်ခဲ့ကြပါသေးတယ်။ ဒါပေမယ့် ရာသီသိမ်းတော့ ဘူဖွန်က သူ့ရဲကောင်းပြန်ဖြစ်သွားပြန်ပါတယ်။

## ဆာလာသာ ကွင်းထဲမှာ ရှိနေခဲ့ရင်

ဆာလာဒဏ်ရာမရခင် လီဗာပူးတိုက်စစ်ကောင်းခဲ့တယ်၊ တကယ်တမ်းတွေးကြည့်ရင် ဆာလာလည်း ကွင်းထဲမှာ ပွဲချိန်ရဲ့ သုံးပုံတစ်ပုံရှိနေပေမယ့် ဂိုးတော့ မသွင်းနိုင်ခဲ့ဘူး၊ ဆာလာမှ မဟုတ်ပါဘူး၊ ကမ္ဘာ့ထိပ်တန်းခြေစွမ်းကို ဆယ်စုနှစ်တစ်ခုကျော်ကြာ ပြသလာခဲ့တဲ့ စီရိုနယ်လ်ဒိုလည်း ဗိုလ်လုပွဲမှာ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ လီဗာပူးအသင်း ရီးယဲလ်ကို ပွဲကစားချိန် သုံးပုံတစ်ပုံလောက် ထိရောက်တဲ့ တိုက်စစ်ဆင်မှု အချို့လုပ်နိုင်ခဲ့သလို ၁၆ သင်းရှုံးထွက်အဆင့်တုန်းက ပီအက်စ်ဂျီဆို ပွဲချိန်ပြည့်နီးပါးလုပ်ပြခဲ့တာပါပဲ။ ပီအက်စ်ဂျီရဲ့ တိုက်စစ်က နေမာ-ကာဗာနီ-မက်ပီတို့နဲ့ လုပ်အားနှုန်းနဲ့ လီဗာပူးအခုစွမ်းဆောင်ပြချိန် ထက်တောင် ပိုမိုကောင်းမွန်နေခဲ့ချိန် ဖြစ်ပါတယ်။ ဒါပေမယ့် ပွဲအပြီးမှာတော့ ရီးယဲလ်က သုံးဂိုး-တစ်ဂိုးနဲ့အနိုင်ယူသွားပြီး ကွာတားဖိုင်နယ်ကို တက်ရောက်ဖို့ အနီးစပ်ဆုံး အခြေအနေတစ်ရပ်ကို ရောက်ရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးလည်း လူတစ်ယောက်ဒဏ်ရာရပြီး ကွင်းထဲက ထွက်ခဲ့ရတယ်၊ ရီးယဲလည်း အလားတူအခြေအနေပါပဲ။ တစ်ခုပဲ ရီးယဲလ်က လူစားလဲစရာ အရန်အင်အားတောင့်တောင့်တင်းတင်းရှိတယ်၊ လီဗာပူးမှာ လုံလောက်တဲ့ အင်အားမရှိဘူး။ ရီးယဲလ်ဟာ လီဗာပူးနဲ့ တစ်ဂိုးစီ သရေရလဒ်ဖြစ်နေချိန်မှာ ဂိုးသွင်းခြေကျနေတဲ့ အစ္စကို ထုတ်ပြီး ဘေးလ်ကို လူစားလဲနိုင်ခဲ့ပေမယ့် ပြိုင်ဘက် လီဗာပူးမှာတော့ ဒါမျိုးဆောင်ရွက်ဖို့ အခွင့်အရေး နည်းပါးခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်က ကွင်းထဲမှာ ဘီဘီစီတိုက်စစ်အတွဲ စုံစုံညီညီနဲ့ ရှိနေချိန်မှာပဲ နှစ်ဂိုးထပ်ရသွားတယ်။

## တကယ်တမ်းကျတော့

ကားရီးယက်စ် အမှားကျူးလွန်ခဲ့တယ်၊ ဆာလာ ဒဏ်ရာ ရသွားခဲ့တယ်ဆိုတာကလည်း ဒီရှုံးပွဲရဲ့ အစိတ်အပိုင်းတစ်ရပ်လို့ပဲ ပြောလို့ရမှာဖြစ်ပြီး အဓိကအကြောင်းတရားလို့ ပြောနိုင်ဖို့တော့ ခက်ပါတယ်။ ယူရို ၂၀၁၆ ဗိုလ်လုပွဲမှာ အသင်းရဲ့ ထိပ်တန်းကြယ်ပွင့် စီရိုနယ်လ်ဒို ဒဏ်ရာရသွားပြီး ကွင်းထဲက စောစောစီးစီးပဲ ထွက်သွားရတယ်။ ဒါပေမယ့် ပေါ်တူဂီက အိမ်ရှင်ပြင်သစ်ကို အချိန်ပိုမှာ အနိုင်ကစားပြီး ချန်ပီယံဖြစ်ခဲ့တာပါပဲ။ ဒါကြောင့် ပွဲတစ်ပွဲမှာ ကစားသမားတစ်ဦးရဲ့ အရေးပါမှုဟာ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်တယ်ဆိုတာထက် မပိုပါဘူးလို့သာ သုံးသပ်ရမှာဖြစ်ပြီး ကံတရားရဲ့ မျက်နှာသာပေးမှုက ရီးယဲလ်ဘက်မှာ အပြည့်အဝရှိနေခဲ့သလို သမိုင်းရှိတဲ့ ရီးယဲလ်ကို လီဗာပူးကစားသမားအများစု ရှိန်နေခဲ့ကြတာက အဓိကကျတဲ့ အကြောင်းတရားလို့သာ သုံးသပ်အဖြေထုတ်ရမှာဖြစ်ပါတယ်။ ။

မေလှဲ့သင်း-ရေးသားသည်။

## ဥရောပအကောင်းဆုံးအသင်းအဖြစ် ရပ်တည်ခဲ့တဲ့ ဘာစီလိုနာ

ဥရောပကလပ်ညွှန်းကိန်းအရ စပိန်ပြည်တွင်းဖလားနှစ်လုံးဆွတ်ခူးခဲ့တဲ့ ဘာစီလိုနာက ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်ဆက် ဆွတ်ခူးခဲ့တဲ့ ရီးယဲလ်ကို နောက်ကောက်ချပြီး ဥရောပရဲ့ အကောင်းဆုံးအသင်းအဖြစ် ရပ်တည်ခဲ့တာကိုတွေ့ရပါတယ်။ ဂရေ့စ်နုတ်စ်ဆိုတဲ့ ကုမ္ပဏီက အဝေးကွင်း၊ အိမ်ကွင်းရလဒ်၊ ပြည်တွင်းလိဂ်ပြိုင်ပွဲတွေမှာ ရပ်တည်နိုင်မှုစတဲ့သတင်းအချက်အလက်တွေကို စုစည်းပြီး ဒီအစီရင်ခံစာကို ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

ဒီအစီရင်ခံစာဟာ ရီးယဲလ် ချန်ပီယံလိဂ်မှာ သုံးကြိမ်ဆက် ချန်ပီယံဖြစ်ပြီးမှ ထွက်လာခဲ့တာဖြစ်ပေမယ့် မနှစ်က အဆင့်(၁)နေရာကို ရယူနိုင်ခဲ့တဲ့ ရီးယဲလ်က ဒီနှစ်မှာတော့ မဟာပြိုင်ဘက် ဘာစီလိုနာစံအဆင့်(၁) နေရာကိုလွှဲပေးလိုက်ရတာဖြစ်ပါတယ်။ အဆင့်(၁)နေရာကို ဘာစီလိုနာက ရယူထားပြီး ရီးယဲလ်က အဆင့်(၂)၊ အဆင့်(၃)နေရာမှာ ဘိုင်ယန်မြူးနစ်၊ အဆင့်(၄)နေရာကို ဂျူဗင်တပ်၊ ပရီမီယာလိဂ်ချန်ပီယံ မန်စီးတီးက အဆင့်(၅)နေရာတွေမှာ အသီးသီး ရပ်တည်နေတာကို တွေ့ရပါတယ်။

မန်စီးတီးပြီးရင် စပါးက အဆင့်(၉)နဲ့ ပရီမီယာလိဂ်အသင်းတွေထဲမှာ ဒုတိယနေရာမှာ ရှိနေပြီး မန်ယူ၊ လီဗာပူးနဲ့ ချယ်လ်ဆီးတို့က အဆင့် (၁၀) (၁၁)နဲ့ (၁၂)နေရာတွေမှာ အစဉ်လိုက်ရပ်တည်နေပါတယ်။ ထိပ်ဆုံး ၁၀ သင်းစာရင်းနေရာမှာ လာလီဂါကလပ်အသင်းသုံးသင်း၊ ပရီမီယာလိဂ်အသင်းသုံးသင်း၊ စီးရီးအေနှစ်သင်း၊ ဘွန်ဒက်စ်လီဂါတစ်သင်း၊ လီဂူး-၁ တစ်သင်းတို့ ပါဝင်နေတာကို တွေ့ရပါတယ်။







# ဘေဘုတ်ရဲ့ ထိပ်ဆုံးမှာရပ်တည်နိုင်ခဲ့တဲ့ BTS ကို မွန်းဂျယ်အင်း ဂုဏ်ပြု

တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောမှာတော့ နိုင်ငံတကာတေးဂီတဝက်ဘ်ဆိုက်ဒ်တစ်ခုဖြစ်တဲ့ ဘေဘုတ်ရဲ့ အကျော်ကြားဆုံးသော တေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာကို ရယူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒီလို ရပ်တည်နိုင်ခဲ့တာဟာ ကေပေါ့ပ်ကြယ်ပွင့်တွေအနက် ပထမဆုံးဖြစ်တယ်လို့လည်း သိရပါတယ်။ ဒီလို အောင်မြင်မှုတွေ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့တဲ့ "BTS"ကို တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့တယ်လို့ အောကေပေါ့ပ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒီလိုကေပေါ့ပ်ကြယ်ပွင့်တွေကို ဂုဏ်ပြုစကားဆိုခဲ့ရာမှာ မွန်းဂျယ်အင်းက အဖွဲ့ရဲ့ အောင်မြင်မှုအတွက် အထောက်အပံ့ကောင်းတွေဖြစ်ကြတဲ့ "BTS"ရဲ့ ပရိသတ်အဖွဲ့ "ARMYs"တွေကိုလည်း ကျေးဇူးတင်ရှိကြောင်း တစ်ပါတည်း ဆိုခဲ့တာကိုလည်း တွေ့ရပါတယ်။

အင်္ဂလိပ်လိုရေးသားဖော်ပြထားတဲ့ စာမှာတော့ မွန်းဂျယ်အင်းက "BTS"နဲ့ သူ့ရဲ့ပရိသတ်တွေအတွက် စာရှည်ကြီးရေးခဲ့တာကိုလည်း တွေ့ရပါတယ်။ ဒီစာမှာတော့ မွန်းဂျယ်အင်းက အဖွဲ့ရဲ့ တေးသီချင်းတွေ၊ အကတွေ၊ အိပ်မက်တွေနဲ့ စိတ်အားထက်သန်မှုတွေဟာ ကမ္ဘာတစ်ဝန်းက လူငယ်ထုအတွက် စိတ်ခွန်အားတွေ ပေးစွမ်းနိုင်ကြောင်း ဖော်ပြထားပါတယ်။ ဒါ့အပြင် သမ္မတက အဖွဲ့ရဲ့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Love Yourself: Tear"ဟာ ဘေဘုတ်ရဲ့ ထိပ်တန်းတေးအယ်လ်ဘမ် ၂၀၀ စာရင်းမှာ နံပါတ်တစ်နေရာ ရခဲ့ပါတယ်။ ဒါဟာ ကေပေါ့ပ်သမိုင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး အင်္ဂလိပ်ဘာသာစကားနဲ့ သီဆိုထားတဲ့ တေးအယ်လ်ဘမ်မဟုတ်တဲ့ အယ်လ်ဘမ်တစ်ခုအနေနဲ့ ပြီးခဲ့တဲ့ ၁၂ နှစ်တာအတွင်း ပထမဆုံးအကြိမ် ရပ်တည်နိုင်ခဲ့တာဖြစ်ကြောင်းလည်း ရေးသားဖော်ပြခဲ့တာတွေ့ရပါတယ်။ နောက်ဆုံးမှာတော့ သူက ကိုရီးယားက ပရိသတ်တွေသာမက ကမ္ဘာတစ်ဝန်းက လူငယ်တွေကိုပါ ပျော်ရွှင်မှုတွေ ပေးနိုင်ခဲ့တဲ့ "BTS"ကို ကျေးဇူးတင်ရှိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

အေးပြည့် - ရေးသားသည်

# ကမ်ဟာနူး သမီးလေးမွေးဖွား

တောင်ကိုရီးယားရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်တဲ့ ကမ်ဟာနူးဟာ လတ်တလောမှာတော့ သမီးလေးမွေးဖွားခဲ့ပြီ ဖြစ်ပါတယ်။ ဒီရင်သွေးလေးဟာ သူ့အတွက် ပထမဆုံးရရှိခဲ့တဲ့ ရင်သွေးလေးဖြစ်ပြီး လက်ရှိမှာတော့ မိခင်ရော ကလေးပါ ကျန်းမာကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ မေ ၂၈ ရက်မှာတော့ ကမ်ဟာနူးရဲ့ အေဂျင်စီမှ သတင်းရင်းမြစ်တစ်ဦးရဲ့ ထုတ်ဖော်ပြောကြားချက်အရ မကြာသေးမီက ကမ်ဟာနူးဟာ သမီးလေးမွေးဖွားခဲ့ပြီဖြစ်ကြောင်း သိခဲ့ရတာ ဖြစ်ပါတယ်။

ကမ်ဟာနူးဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း စီးပွားရေးလုပ်ငန်းရှင်တစ်ဦးနဲ့ လက်ထပ်ခဲ့တာဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံးသော ရင်သွေးလေးလွယ်ထားရပြီဖြစ်ကြောင်းကိုတော့ ပြီးခဲ့တဲ့ အောက်တိုဘာလအတွင်း ထုတ်ဖော်ပြောကြားခဲ့တာပါ။ ဒီလိုပြောကြားခဲ့ချိန်မှာလည်း ပရိသတ်တွေက သူ့အတွက် ဝမ်းမြောက်ကြောင်း စာတွေရေးသားပေးပို့ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ကမ်ဟာနူးဟာ ရင်သွေးလေးကို စောင့်ရှောက်ဖို့ရာ အနုပညာလှုပ်ရှားမှုတွေကလည်း ခေတ္တအနားယူထားခဲ့ပြီး လတ်တလောမှာတော့ ကျန်းမာလှပတဲ့သမီးလေးကို မွေးဖွားခဲ့တာဖြစ်ပါတယ်။ ဒါ့အပြင် မင်းသမီးဟာ အေဂျင်စီဟောင်းနဲ့ လမ်းခွဲကာ မေ ၂ ရက်မှာတော့ အေဂျင်စီသစ်နဲ့ လက်တွဲခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။



# ပြည်နယ်အချို့တွင် မိုဘိုင်းဖြင့် အင်တာနက်အသုံးပြုမှု မြင့်တက်လာ

**ရန်ကုန် မေ ၂၉**

လတ်တလော တိုင်းတာမှုများအရ အင်တာနက် အသုံးပြုမှု အတိုးတက်ဆုံးသော မြို့နယ် ၁၅ ခုသည် မြန်မာနိုင်ငံ၏ ပြည်နယ်များမှ အများစုဖြစ်ကြောင်း တွေ့ရှိရသည်။ အဆ ၇၀၀ နီးပါး မိုဘိုင်းအင်တာနက်အသုံးပြုမှု ပမာဏ တိုးတက်မှုရှိခဲ့သည့် ချင်းပြည်နယ်၏ တွန်းဇံမြို့နယ်သည် ၂၀၁၈ ခုနှစ် နှစ်စအတွင်း မိုဘိုင်းအင်တာနက်အသုံးပြုမှု အတိုးတက်ဆုံး မြို့နယ်အဖြစ် အချက်အလက်များအရ တွေ့ရှိရကြောင်း သိရသည်။

တယ်လီနောမှ ဇန်နဝါရီလနှင့် ဧပြီလ အတွင်း မိုဘိုင်းအင်တာနက်အသုံးပြုမှုများကို နှိုင်းယှဉ်ပြီး အတိုးတက်ဆုံးသော မြို့နယ်များကို ဆန်းစစ်ခဲ့ပြီး အဆိုပါ ဆန်းစစ်မှုရလဒ်များအရ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များသည် မိုဘိုင်းအင်တာနက်အသုံးပြုမှု အမြင့်မားဆုံးဖြစ်ကြောင်း တွေ့ရှိခဲ့သည်ဟု သိရသည်။

"အဓိကကျတဲ့ မြို့ကြီးတွေမှာ ဒေတာအသုံးပြုမှုနှုန်းက မြင့်မားတဲ့ အခြေအနေမှာ ရှိပြီးသားဖြစ်တဲ့အပြင် အခုတွေ့ရှိချက်အရ မြန်မာနိုင်ငံအတွင်းက ပြည်နယ်တွေမှာလည်း အပြုသဘောဆောင်တဲ့ အကျိုးသက်ရောက်မှုတွေ တိုးလာတာကို တွေ့ကြုံနေရပါတယ်၊ ကွန်ရက် အရည်အသွေးမြှင့်တင်တဲ့ လုပ်ငန်းကို တစိုက်မတ်မတ်ဆောင်ရွက်ခဲ့မှု၊ မြန်နှုန်းမြင့် 4G ကွန်ရက်တိုးချဲ့မှုတွေရဲ့ ရလဒ်တွေကြောင့် အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ဒေတာအသုံးပြုမှု မြင့်တက်လာတာကို မြင်တွေ့ရတာ ကျွန်တော်တို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်" ဟု တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Lars Erik Tellmann က ပြောကြားခဲ့သည်။

မိုဘိုင်းအင်တာနက် အသုံးပြုမှု အမြင့်မားဆုံး ၁၅ မြို့နယ်အနက် ချင်းပြည်နယ်ရှိ တွန်းဇံမြို့နယ်သည် အဆပေါင်း ၆၉၅ ကျော် မိုဘိုင်းအင်တာနက်အသုံးပြုမှု မြင့်တက်ခဲ့ပြီး ထိပ်ဆုံးနေရာ၌ ရပ်တည်ခဲ့သည်။ ၎င်းနောက်တွင် ရှမ်းပြည်နယ်ရှိ ဟိုပုံးမြို့နယ်သည် အသုံးပြုမှု အဆပေါင်း ၂၀၁ ခန့်တိုးတက်ခဲ့ပြီး ဒုတိယမြင့်မားမှုအရှိဆုံး မြို့နယ်အဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်ရှိ မောက်မယ်မြို့နယ်က ၁၆ ဆဖြင့် တတိယနေရာနှင့် ရခိုင်ပြည်နယ် မောင်တောမြို့နယ်က ၁၂ ဆဖြင့် စတုတ္ထနေရာ အသီးသီးရပ်တည်ခဲ့ကြသည်။ အခြား မိုဘိုင်းအင်တာနက်အသုံးပြုမှု အတိုးတက်ဆုံး မြို့နယ်များမှာ ချင်းပြည်နယ်အတွင်းရှိ ထန်တလန်မြို့နယ်၊ မတူပီမြို့နယ်နှင့် တီးတိန်မြို့နယ်၊ ရှမ်းပြည်နယ်အတွင်းရှိ ကွမ်းလုံမြို့နယ်၊ ကျေးသီးမြို့နယ်၊ လင်းခေးမြို့နယ်နှင့် မိုးကောင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ဗန်းမောက်မြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်း မြို့နယ်နှင့် ကချင်ပြည်နယ်အတွင်းရှိ မချမ်းဘောမြို့နယ်များဖြစ်ကြသည်။

စစ်ဆေးတိုင်းတာချက်များအရ အနာဂတ်တွင် စမတ်ဖုန်းများမှတစ်ဆင့် အင်တာနက် အသုံးပြုမှု ပိုမိုမြင့်တက်လာနိုင်သည့်အပြင် မြန်မာနိုင်ငံအတွင်း အင်တာနက်လိုင်းဖြင့် အသုံးပြုရသည့် အက်ပလီကေးရှင်းများအား အသုံးပြုမှုသည်လည်း ပိုမိုမြင့်တက်လာသည့်အတွက် မိုဘိုင်းအင်တာနက်အသုံးပြုမှု ဆက်လက် မြင့်တက်လာနိုင်ခြေရှိကြောင်း ဖော်ပြထားသည်ဟု သိရသည်။ ALEX

# Samsung Galaxy A6+ စမတ်ဖုန်းသစ်အား မြန်မာနိုင်ငံတွင် စတင်မိတ်ဆက်

Samsung မှ ထူးခြားသောလုပ်ဆောင်ချက်များပါဝင်သည့် အဆင့်မြင့်ကင်မရာနှင့်အတူ လှပသောဒီဇိုင်းနှင့် ပေါင်းစပ်ဖန်တီးထားသော စမတ်ဖုန်းသစ် Galaxy A6+ အား မြန်မာနိုင်ငံတွင် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန် ကြေညာလိုက်သည်ဟု သိရသည်။ စွမ်းဆောင်ရည်မြင့် ရှေ့နောက်ကင်မရာနှင့် ဘောင်မဲ့မျက်နှာပြင်တို့အား ထည့်သွင်းဖန်တီးထားသည့် Galaxy A6+ အား အနက်ရောင်၊ ရွှေရောင်နှင့် အပြာရောင် အစရှိသည့် အရောင်သုံးမျိုးဖြင့် ပြည်တွင်း ဈေးကွက်အတွင်းရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Galaxy A6+ ၏ စွမ်းဆောင်ရည်မြင့် ရှေ့နောက်ကင်မရာနှင့်အတူ ကောင်းမွန်သော ဓာတ်ပုံရိုက်ချက်များနှင့် Selfie ဓာတ်ပုံများကို အလွယ်တကူရိုက်ယူနိုင်မည်ဖြစ်ပြီး ချိန်ညှိနိုင်သော LED Flash ကြောင့် နေ့ညမရွေး လှပသော Selfie ဓာတ်ပုံများအား ရိုက်ယူနိုင်မည်ဖြစ်သည် ဟုဆိုသည်။ ချဲ့ချဲ့နိုင်သော အလင်းဝင်ပေါက်များပါဝင်သည့် နောက်ကင်မရာနှင့်အတူ သုံးစွဲသူများအနေဖြင့် အလင်းရောင်အားနည်းသော အခြေအနေများတွင်ပင် ကြည်လင်ပြတ်သားသော ပုံရိပ်များကို ရိုက်ကူးနိုင်မည်ဖြစ်ကြောင်း သိရသည်။

Galaxy A6+ Dual ကင်မရာသည် Live Focus Mode အား အသုံးပြု၍ ဓာတ်ပုံမရိုက်ခင်ဖြစ်စေ၊ ရိုက်ယူပြီးဖြစ်စေ Depth of Field နှင့် Booked Effect တို့အား ချိန်ညှိပြီး ထပ်မံတိုးမြှင့်ရိုက်ယူနိုင်မည်ဖြစ်သည်။ သုံးစွဲသူများအနေဖြင့် ရိုက်ယူပြီးသော ဓာတ်ပုံများအား အသည်းပုံ၊ ကြယ်ပုံနှင့် အခြားသောပုံစံများစွာ ပါဝင်သည့် နောက်ခံမှုန်ဝါးသည့် ဒီဇိုင်းများဖြင့် လှပစေရန် ပြင်ဆင်ဖန်တီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် သုံးစွဲသူများအနေဖြင့် Dolby Atoms Optimized Audio ထည့်သွင်းပေးထားသည့် စပီကာများနှင့်အတူ ရုပ်ရှင်များ၊ သီချင်းများနှင့် အခြားသောအရာများကို ပတ်ဝန်းကျင်အတွင်း ပိုမိုပြတ်သားသော အသံထွက်နှုန်းဖြင့် နားဆင်ခံစားနိုင်မည်ဖြစ်သည်။

"Galaxy A6+ မှာဆိုရင် Samsung & JU Flagship ဖုန်းတွေမှာပါဝင်တဲ့ လွယ်ကူလျင်မြန်စွာ ဖုန်းကိုလော့ခ်ဖွင့်နိုင်တဲ့ မျက်နှာအသိအမှတ်ပြု လုံခြုံရေးစနစ်နဲ့ လက်ဗွေရာစနစ်အစရှိတဲ့ လုပ်ဆောင်ချက်တွေကို ထည့်သွင်းပေးထားပါတယ်။ Always on Display လုပ်ဆောင်ချက်နဲ့အတူ သုံးစွဲသူတွေအနေနဲ့ အချက်အလက်တွေကို ဖုန်းဖွင့်နေစရာမလိုတော့ဘဲ ဖုန်းကိုကြည့်ရုံဖြင့် သိရှိနိုင်တာကြောင့်လည်း အချိန်နဲ့ ဘက်ထရီနှစ်ခုစလုံးကို တစ်ပြိုင်တည်း သက်သာစေပါတယ်" ဟု Samsung Myanmar ၏ IT and Mobile ကိုဇာနည်ဝင်းထက်က ပြောကြားခဲ့သည်။

ထို့အပြင် Galaxy A6+ တွင် Bixby Vision, Home နှင့် Reminder တို့ကိုလည်း ထည့်သွင်းပေးထားသည်။ မြန်မာနိုင်ငံတွင် Samsung Galaxy A6+ အား အနက်ရောင်၊ ရွှေရောင်နှင့် အပြာရောင် အစရှိသဖြင့် အရောင်သုံးမျိုး ရွေးချယ်နိုင်မည်ဖြစ်ပြီး ဈေးနှုန်းအနေဖြင့် မြန်မာကျပ်ငွေ ၄၉၉၀၀၀ ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ဓာတီ





## ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများအဖွဲ့ ကယားပြည်နယ် မယ်စဲ့မြို့နယ်သို့ လာရောက်လေ့လာ

**မယ်စဲ့ မေ ၂၉**

ကယားပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီများအဖွဲ့သည် မယ်စဲ့မြို့နယ်မှ ပြည်တွင်း၊ပြည်ပကုန်သွယ်ရေးလုပ်ငန်းနှင့်ခရီးသွားလုပ်ငန်းရင်းနှီးမြှုပ်နှံနိုင်ရေးအတွက် မေ ၂၉ ရက်က လာရောက်လေ့လာခဲ့ကြသည်။

အဆိုပါအဖွဲ့တွင် ပြည်နယ်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၊ စီးပွား/ကူးသန်း ဒုတိယညွှန်ကြားရေးမှူး ဦးတင့်လွင်ဦး၊ ပြည်နယ်ဟိုတယ်နှင့်ခရီးဦးစီးမှူး ဦးဝင်းမြင့်ဦးတို့နှင့်အတူ ခရီးသွားလုပ်ငန်းနှင့်ကုန်သွယ်မှုလုပ်ငန်းတွင်ပါဝင်သည့် ပုဂ္ဂလိကကုမ္ပဏီများအဖွဲ့ စုစုပေါင်း ၃၅ ဦးတို့သည် မယ်စဲ့မြို့နယ် မြန်မာ-ထိုင်းနယ်စပ်ဘီပီ(၁၃)(ပွေတန္တွန်)ဂိတ်၊ တမောထျာနှင့် ကယားဌာနေ ကုန်သွယ်ရေးစခန်း၊ တောင်ပိုင်းရပ်ကွက်ရှိ နယ်စပ်ဈေးတို့အား မြေပြင်အခြေအနေများကို လာရောက်ကွင်းဆင်းလေ့လာခဲ့ရာ မယ်စဲ့မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးသန့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့သည်။

ကယားပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံနိုင်မည့် အခွင့်အလမ်းကောင်းများကို အသုံးပြု၍ ပြည်နယ်ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်နိုင်ရေးအတွက် ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုဖိုရမ်ကို မေ ၂၇ ရက်က လွိုင်ကော်မြို့တွင် ကျင်းပခဲ့ပြီး အကျိုးရလဒ်အနေဖြင့် ပြည်နယ်အတွင်း ရင်းနှီးမြှုပ်နှံမှုကဏ္ဍအားစိတ်ပါဝင်စားသူများအနေဖြင့် ထိရောက်မှန်ကန်စွာဖော်ဆောင်နိုင်ရေး လာရောက်လေ့လာခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လူမှုဖူလုံရေးဥပဒေနှင့် အကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေး

**လှိုင်သာယာ မေ ၂၉**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်များခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီတွင် လှိုင်သာယာမြို့နယ်စက်မှုဇုန် ကနောင်ခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးစိန်သန်းမြင့်က အမှာစကားပြောကြားသည်။ ဆက်လက်၍ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးခဲ့သည့် အလုပ်သမား သုံးဦးအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၁၅၉၇၉၅၆၀၊ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမား သုံးဦးအတွက် အမြဲတမ်းမသန်စွမ်းမှု အကျိုးခံစားခွင့် ငွေကျပ် ၉၉၉၃၀၆၀၊ အလုပ်တွင် ထိခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အာမခံအလုပ်သမားတစ်ဦးအတွက် ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေ ၁၆၉၈၆၆ ဒသမ ၆၇ကျပ်နှင့် ဆေးဖိုးကုန်ကျမှု ပြန်အမ်းငွေ လေးဦးအတွက် ငွေကျပ် ၈၄၀၈၄၀၀ တို့ကို ခွင့်ပြုထုတ်ပေးခဲ့သည်။

အခမ်းအနားသို့ လူမှုဖူလုံရေးအဖွဲ့မှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ၊ ခရိုင်တာဝန်ခံအရာရှိများ၊ မြို့နယ်ရုံးခွဲတာဝန်ခံများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်ဇော်**

## ကျားချောင်းကျေးရွာသို့ သောက်သုံးရေလှူဒါန်း

**တိုက်ကြီး မေ ၂၉**

တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းထွန်းလတ် ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီး နေမျိုးထွန်း ဦးဆောင်သော အဖွဲ့ဝင်များနှင့်အတူ သောက်သုံးရေရှားပါးလျက်ရှိသော တိုက်ကြီးမြို့နယ် ချင်းကုန်းကျေးရွာအုပ်စု ကျားချောင်းကျေးရွာသို့ သွားရောက်၍ ကျေးရွာနေပြည်သူများအား သောက်ရေသန့် တစ်လီတာ ခြောက်ဘူးပါကတ် ၁၅ ကတ်၊ ၂၀ လီတာပါ ဘူးကြီး ၅၀ နှင့် သောက်သုံးရေ ဂါလန် ၁၆၀၀ တို့အား မေ ၂၇ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

**၅၂၆**

## မူးယစ်ဆေးဝါး ... မှုခင်းကျဆင်းရေး ထားဝယ်တွင် ပညာပေးဟောပြော

**ထားဝယ်**

မူးယစ်ဆေးဝါးအန္တရာယ်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို မေ ၂၉ ရက် မွန်းလွဲပိုင်းက ထားဝယ်မြို့နယ် ကူးတို့ကျေးအုပ်စု ကူးတို့ကျေးရွာဓမ္မာရုံ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှုနှင့် မူးယစ်ဆေးဝါးအမှုများကို လည်းကောင်း၊ ထားဝယ်မြို့မ ရဲစခန်းမှူး ဒုရဲမှူး အောင်နိုင်မိုးက မူးယစ်ဆေးဝါးများအကြောင်းနှင့် ပြစ်မှုပြစ်ဒဏ်များကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကိုကြည်**

## လူမှုဝန်ထမ်းဦးစီးဌာနနှင့် World Vision Internationalတို့ပူးပေါင်း၍ စီမံချက်ဒေသ ကလေးသူငယ်များတွေ့ဆုံပွဲကျင်းပ

**မဟာအောင်မြေ မေ ၂၉**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဝင်များ၊ World Vision International စီမံချက်ဒေသများဖြစ်သည့် မန္တလေးခရိုင် ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် အမရပူရမြို့နယ်များမှ ကလေးသူငယ်များတွေ့ဆုံဆွေးနွေးပွဲကို မေ ၂၉ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၇၈ လမ်း၊ ၃၇ လမ်းနှင့်၃၈လမ်းကြားရှိ ဟိုတယ်မန္တလေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး World Vision International မှစီမံချက်မန်နေဂျာဦးစိုးကျော်ကျော်က ကလေးသူငယ်တွေ့ဆုံပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ၊ ကလေးငယ်များဘဝလုံခြုံစိတ်ချစေရေးအတွက် လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စီမံချက်ဒေသများဖြစ်သော ပြည်ကြီးတံခွန်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်၊ အမရပူရမြို့နယ်များမှ ကလေးသူငယ်များက ကလေးများ၏ အနာဂတ် တိုင်းပြည်၏အနာဂတ် လုံခြုံစိတ်ချရသောပတ်ဝန်းကျင်ဖော်ဆောင်ပေး တစ်ခန်းရပ်ပြဇာတ်ဖြင့် တင်ဆက်သည်။ ထို့နောက် မန္တလေးခရိုင်စီမံချက်ဒေသများမှ ကလေးငယ် ငါးဦးတို့က နေ့စဉ်ကြုံတွေ့နေရသော ဘဝအတွေ့အကြုံများ၊ ရည်မှန်းချက်များနှင့် ကလေးများဘဝ လုံခြုံရေးဆောင်ရွက်ပေးသင့်သည်များကို တင်ပြကြသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးဦးကျော်ဝင်းနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျောင်းအုပ်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ ကလေးသူငယ်စောင့်ရှောက်ရေးဌာနမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီး ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဝင်များ တက်ရောက်ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

## မန္တလေးနှင့်တကောင်းဘက် ပြေးဆွဲနေသောထင်းတင်ရေယာဉ်များ လေမိုးများကြောင့် တွက်ခြေကိုက်မှု နည်းပါး

**မန္တလေး မေ ၂၉**

တကောင်းနှင့် မန္တလေးကုန်စည်တင်ပို့မှုတွင် ရေယာဉ်အများစုမှာ ထင်းကိုအဓိက အားထားတင်ဆောင်ကြသည်။ လက်ရှိကာလတွင် လေမိုးမိကာ ရေယာဉ်နစ်မြုပ်ခြင်းများဖြစ်သည့်အတွက် ဆယ်ယူသည့်စရိတ်၊ ရေငုပ်သမားငှားရသည့် စရိတ်များ၊ အရင်းအနှီးဆုံးရှုံးခြင်းများ ကြုံတွေ့ကာ တွက်ခြေကိုက်မှု နည်းပါးလျက်ရှိကြောင်း ရေယာဉ်မောင်းသူတစ်ဦး၏ ပြောပြချက်အရသိရသည်။



ရေယာဉ်များမှာ အသွားတွင် ကုန်စည်မပါဘဲသွားလာပြီး အပြန်တွင် ထင်းကိုတင်ဆောင်လာကြသည်။ ရေယာဉ်တစ်စင်းလျှင် ထင်းအတုံးအကြီး အလေးအလိုက် ဝင်ဆံ့မှုကွာခြားသွားသည်။ ရေယာဉ်များတွင် ရေယာဉ်အသေး၊ အလတ်၊ အကြီး အဖြစ် သုံးမျိုး သုံးစားရှိပြီး အများစုက ရေယာဉ်အလတ်စားများကို အသုံးပြုကြသည်။ရေယာဉ်အလတ်တစ်စင်းလျှင် ထင်းတစ်တောင်တိုတုံး သုံးထောင်ကျော် တင်ဆောင်ကြသည်။ တကောင်းနှင့် မန္တလေး အစုန်အဆန် ခရီးကို နှစ်ညအိပ် မောင်းနှင်ရသည်။

ရေယာဉ်အလတ်စားအနေဖြင့် ၃၃ကောင်အင်ဂျင်တပ်ဆင်မောင်းနှင်ကြသည်။ အများစုမှာ ကိုယ်ပိုင်ရေယာဉ်များဖြင့် သယ်ဆောင်ကာ တိုက်ရိုက် ရောင်းချကြသည်။ တကောင်းဘက်မှထင်းကို ကိုယ်ပိုင်ဝယ်ကိုယ်တိုင်တင်ဆောင်ပြီး မန္တလေးမြို့အနီး အုတ်ဖုတ်လုပ်ငန်းများသို့ ရောင်းချကြသည်။ ရေယာဉ်မောင်းနှင်သည့် လုပ်ငန်းကို ဘိုးဘွားလက်ထက်ကတည်းကအမွေဆက်ခံလုပ်ကိုင်ကြသည်ကများသည်။ ရေယာဉ်တစ်စင်းစာ ထင်းဝယ်ရန်အတွက် အနည်းဆုံးငွေကျပ် ၁၀ သိန်းကျော်အထိ ရင်းနှီးရသည်။

ရေယာဉ်များအနေဖြင့် ရာသီဥတုအခြေအနေပေါ် မူတည်ကာ သွားလာလုပ်ကိုင်ကြရသည်။ ရာသီဥတုဆိုင်ရာ သတင်းထုတ်ပြန်ချက်များကိုလည်း အလေးထားကြရသည် လက်ရှိကာလတွင် သွားလာမှုကုန်ကျစရိတ်များပြားပြီး လေမိုးများ ကြောင့် ရေယာဉ်နစ်မြုပ်မှုများနှင့် ကြုံတွေ့ကာ တွက်ခြေကိုက်မှုနည်းပါးလာကြောင်း သိရသည်။

**တိမ်တမန်**

## ရန်ပယ်ရေလှောင်တမံမှ ဒေသ စိုက်ပျိုးရေအတွက် အကျိုးပြု

**မကွေး မေ ၂၉**

ရန်ပယ်ရေလှောင်တမံသည် မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ဝက္ကသေးကျေးရွာတောင်ဘက် ၄ ဒသမ ၅ မိုင်ခန့်အကွာတွင်တည်ရှိပြီး တည်ဆောက်ရေး(၃)၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန မကွေးမြို့မှ ၁၉၉၉-၂၀၀၀ ခုနှစ်တွင် တာဝန်ယူ၍ စတင်တည်ဆောက်ခဲ့ရာ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ကြောင်း၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ လယ်မြေဧရိယာ ဧက ၁၀၈၀၀ ကို ဆည်ရေပေးဝေစိုက်ပျိုးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ရန်ပယ်ချောင်းပေါ်တွင် အလျားပေ ၉၁၀၀၊ အမြင့် ၇၈ ပေနှင့် ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၅၁၄၀ သိုလှောင်နိုင်သည့် မြေသားရေလှောင်တမံတစ်ခု တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



တည်ဆောက်ပြီးစီးသည့်နှစ်မှစ၍ မိုးရွာသွန်းမှုအခြေအနေနှင့် ရေဝင်ရောက်မှုအရ ၂၀၀၁ ခုနှစ်တွင် ကန်ရေပြည့်ထိ ရေသိုလှောင်နိုင်ခဲ့ပြီး မြောင်းဆုံးမြောင်းဖျားအထိ အောင်မြင်စွာ ရေပေးဝေနိုင်ခဲ့ကြောင်း၊ ရန်ပယ်ရေလှောင်တမံသည် တောင်တွင်းကြီးမြို့တွင် တည်ရှိသော်လည်း ၎င်း၏ ရေဝပ်ဧရိယာမှာ ဆင်ပေါင်ဝဲမြို့နယ်အတွင်း တည်ရှိသော ရေလှောင်တမံဖြစ်သည်။

ရန်ပယ် ရေလှောင်တမံကြီးမှ နှစ်စဉ်ပျမ်းမျှ မိုးစပါးဧက ၁၀၈၀၀ အတွက်စိုက်ပျိုးရေ၊ အောင်ရေပေးဝေနိုင်ခဲ့ပြီး နွေစပါးအတွက် ကန်တွင်းရေလက်ကျန်ပေါ်မူတည်၍ နှစ်စဉ်ပျမ်းမျှဧက ၁၅၀၀ အတွက် ဆည်ရေပေးဝေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ၂၀၁၇ ရေဝင်ရောက်မှုအရ မိုးစပါးရေပေးဝေပြီး ရေလက်ကျန် ပမာဏအရ နွေစပါးဧက ၁၆၀၀ လျာထားခဲ့သော်လည်း ၁၉၅၃ ဧကထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**နိုင်လင်းကြည်**

NAY LIN AUNG
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold

# ACCA(UK) Part I,II,III & Dip IFR

For July 2018 Intake

၀၃.၀၅.၂၀၁၈ နေ့မှစတင်၍ အောင်မြေသာစည်ကျောင်း(လှည်းတန်း) နှင့် တာမွေကျောင်းများတွင်ခုံနံပါတ်ကြိုတင်ယူပြီး ကျောင်းအပ်နိုင်ပါပြီ။
Registration Fees Scholarship များလည်းလျှော့ထားနိုင်ပါသည်။

အမှတ် - (၁၀)၊ အောင်မြေသာစည်လမ်း၊ ဆင်ရေတွင်းမှတ်တိုင်အနီး၊ ကမာရွတ်မြို့နယ်။
ဖုန်း - ၀၁ ၅၃၈၀၄၈၊ ၀၉ ၉၆၆၄၄၇၈၄၇၊ ၀၉ ၄၅၀၀ ၂၂၆၄၆
တာမွေကျောင်းဖုန်း - ၀၁ ၅၅၆၄၂၅၊ ၀၉ ၃၀၁၆၇၂၇၂၊ ၀၉ ၉၇၁၄၉၀၃၀၃

ရွှေအိုးကြီး
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel တည်း(Visa) စား/ငြိမ်း (75000)
မိုးကုတ်အန်၊ မန္တလေး၊ ကျောက်မဲ
Gust House တဆင့်ကားစီး/ငြိမ်း (75000)
09421073634, 777636630

ကားစီးလုံးငှားသည်။
AC-Express(45,33,25), အံစတုံး (14)Seat, Hice (9-7 Seat),
Alphard, Crown, Mark II (ရွှေငါး) ပိုင်ရှင်ကိုယ်တိုင်ငှားမည်။ လချုပ်မငှားပါ။
မြို့တွင်း/ပြင်-ခရီးစဉ်မျိုးစုံအတွက် ကားကြီး/သေးမျိုးစုံ ငှားရမ်းနိုင်သည်။
Ph: 09-252522200, 09-33345545, 09-5089800

Columbus TRAVELS & TOURS
Columbus (ရုံးချုပ်) တနင်္ဂနွေနေ့တိုင်းဖွင့်ပြီ
နံနက် ၉:၀၀ မှ နေ့လည် ၁၂:၀၀ နာရီအထိ
www.columbusairticket.com တွင်ပြည်တွင်းလေယာဉ်လက်မှတ်များဝယ်ယူနိုင်ပါပြီ...
အမှတ် (၅၈၆)၊ ကမ်းနားလမ်း နှင့် ဂုလမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
၀၉-၉၅၃၀၃၈၃၅၊ ၀၉-၉၅၃၀၃၈၃၆၊ ၀၉-၉၅၃၀၃၈၃၇။
လေယာဉ်ပျံလက်မှတ်ကိုလ်ဘတ်(စ်)

CHERRY OO
တစ်နှစ် မှ တစ်ကြိမ်သာ ကျင်းပပြုလုပ်သော
နာရီအမျိုးအစားပေါင်းများစွာကို DISCOUNT 10% မှ 70% ထိရနိုင်မည့် အခွင့်အရေး
UP TO 70% OFF
CHERRY OO MID YEAR SALES WATCH FAIR 2018
@Junction Square
June - 1 / 2 / 3 Fri, Sat, Sun

STRATEGY FIRST INSTITUTE
OXFORD BROOKES UNIVERSITY





IGCSE (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ လူငယ်များအတွက်

Undergraduate Pathway Program Leading to BA (Hons) Business & Management, Oxford Brookes University.

IGCSE (သို့) တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက် မြန်မာနိုင်ငံရှိ Bachelor Programme များထဲတွင် Ranking အကောင်းဆုံး၊ UK နိုင်ငံ Oxford Brookes University မှ BA (Hons) Business & Management ဘွဲ့ကို STRATEGY FIRST တွင် UK Diploma များမှတစ်ဆင့် ရယူနိုင်ပါပြီ။ BA (Hons) Business & Management Bachelor Programme ကို Foundation (၃) လ၊ Level 4 HNC (၁) နှစ်၊ Level 5 HND (၁) နှစ် နှင့် Final Year (၁) နှစ် တက်ရောက်ရမှာဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများအနေနဲ့ စုစုပေါင်း (၃) နှစ်ခွဲခန့်ဖြင့် UK နိုင်ငံ Oxford Brookes University မှ တိုက်ရိုက် ပေးအပ်တဲ့ဘွဲ့ကို ရရှိမှာပဲဖြစ်ပါတယ်။ စီးပွားရေးနှင့် ပတ်သက်ပြီး အခြေခံမှသိရှိစေရန် Foundation ကာလ (၃) လဦးစွာတက်ရောက်ရမည်ဖြစ်ပြီး ထို (၃) လပြီးပါက Level (4) HNC (ပထမနှစ်) ကိုစတင် တက်ရောက်ရမှာ ဖြစ်ပါတယ်။ ပထမနှစ်တွင် ဘာသာရပ် (၈) ခု၊ Level (5) HND (ဒုတိယနှစ်) တွင် ဘာသာရပ် (၇) ခု သင်ရမည်ဖြစ်ပြီး နောက်ဆုံးနှစ်မှာတော့ ဘာသာရပ် (၇) ခုသင်ကြားရမည် ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများအနေနဲ့ STRATEGY FIRST တွင်ပင်သုံးနှစ်လုံး စရိတ်သက်သာစွာဖြင့် မိဘနဲ့မခွဲပဲ တက်ရောက်နိုင်မည်ဖြစ်ပြီး BA (Hons) Business & Management Bachelor ဘွဲ့ကို UK နိုင်ငံ Oxford Brookes University မှကျင်းပတဲ့ Graduation Ceremony တွင် တက်ရောက်ရယူခွင့်ရရှိမှာ ဖြစ်ပါတယ်။

ဂုဏ်ထူးရဘာသာရပ်အလိုက် Scholarship အစီအစဉ်

| | |
|---|---|
| အင်္ဂလိပ်စာ အမှတ် ၆၀ နှင့် အထက် | - ၂ သိန်းကျပ် |
| အင်္ဂလိပ်စာဂုဏ်ထူး | - ၄ သိန်းကျပ် |
| ဂုဏ်ထူး ၁ ဘာသာ | - ၂ သိန်းကျပ် |
| ဂုဏ်ထူး ၂ ဘာသာ | - ၄ သိန်းကျပ် |
| ဂုဏ်ထူး ၃ ဘာသာ | - ၆ သိန်းကျပ် |
| ဂုဏ်ထူး ၄ ဘာသာ | - ၈ သိန်းကျပ် |
| ဂုဏ်ထူး ၅ ဘာသာ | - ၁၅ သိန်းကျပ် |
| ဂုဏ်ထူး ၆ ဘာသာ | - သိန်း (၂၀) ကျပ် |

Cash down သွင်းတဲ့သူတွေအတွက် ၁၀% Discount

■ သင်တန်းကြေး ■ ပထမနှစ် (Foundation အပါအဝင်) - ၃,၅၇၅,၀၀၀ ကျပ် + Registration Fees - 259 GBP (HNC+HND)
ရန်ကုန်၊ မန္တလေး၊ မုံရွာ တန်းခွဲသစ်များ ဇူလိုင်လ (၂) ရက်နေ့ စမည်။

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa.

ရန်ကုန် : 09 450 1777 71
မန္တလေး : 09 444 555 616
မုံရွာ : 09 4242 67 577

နိုင် ငံ တစ် ဝန်း စိမ်း လန်း ဖို့ သစ် ပင် စိုက် ပျိုး ထိန်း သိမ်း စို့

CROWN EDUCATION
YOUR DOOR TO THE FUTURE

SIM GLOBAL EDUCATION
www.simge.edu.sg

အထက်တန်းအပြီး စီးပွားရေးဘာသာရပ်ကို သင်ကြားမည့် လူငယ်များအတွက်
စင်္ကာပူ အကောင်းဆုံး စီးပွားရေးကျောင်း SIM ဆွေးနွေးပွဲ

**Yangon Seminar**
Sat, 2 Jun 2018
10:00 Am - 12:00 Noon
NOVOTEL HOTEL, (Eureka Room)

**Mandalay Seminar**
Sun, 3 Jun 2018
10:00 Am - 12:00 Noon
HOTEL MANDALAY, (Zabei Phyu Room)



- နိုင်ငံတကာကော်ပိုရေးရှင်းလုပ်ငန်းကြီးများ၊ ဘဏ်များတွင် ဝင်ရောက်လုပ်ကိုင်ရန် ရည်မှန်းချက်ရှိသော လူငယ်များ သင်ယူသင့်သော ဘာသာရပ်များ
- စင်္ကာပူ SIM တွင် လေ့လာသင်ယူပြီး အင်္ဂလန် University of London, ဩစတြေးလျ RMIT, အမေရိကန်မှ University at Buffalo, The State University of New York မှ ပေးအပ်မည့်ဘွဲ့များကို စင်္ကာပူနိုင်ငံတွင် ရယူနိုင်မည့်အကြောင်း
- Business Management, Finance and Economic, Accounting and Finance, Management and Marketing ဘာသာရပ်များ၏ သဘောသဘာဝများအကြောင်း

SIM မှ ချီးမြှင့်မည့် ၁၀၀% ပညာသင်ဆု

Tel : 01 527 838, 09 44 55 66 701, 09 44 55 66 702

## နိုင်ငံတကာ MBA အတွေ့အကြုံအစစ်

STAMFORD INTERNATIONAL UNIVERSITY
LAUREATE INTERNATIONAL UNIVERSITIES

SIGNATURE M.B.A

STRATEGY FIRST

Strategy First ၏ မိတ်ဖက်ဖြစ်သော Stamford International University (Thailand) မှ Signature Master of Business Administration (MBA) Program ကိုသင်ကြားပေး မည်ဖြစ်ပါသည်။ Stamford International University သည် ကမ္ဘာပေါ်တွင် အကြီးမားဆုံး အဆင့်မြင့်ပညာအဖွဲ့အစည်း ကွန်ရက်ကြီးဖြစ်သော Laureate ( http://laureate.net ) တက္ကသိုလ်များထဲမှ တစ်ခုဖြစ်ပါသည်။ Laureate International University သည် အမေရိကန်အခြေစိုက် ကမ္ဘာ့အကြီးဆုံး ပုဂ္ဂလိက တက္ကသိုလ်အဖွဲ့ကြီး တစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့ ကျောင်းသား၊ ကျောင်းသူ (၁) သန်းခန့် တက်ရောက်နေပါသည်။ ဘန်ကောက် Stamford International University တွင် သင်ကြားပေးနေသည့် နိုင်ငံတကာ အတွေ့အကြုံရှိ ဆရာ၊ ဆရာမများမှ အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပေးမည်ဖြစ်ပါသည်။ အလုပ်တစ်ဖက်နှင့် မအားလပ်သူများ အဆင်ပြေစေရန် အတန်းချိန်များမှာ ရုံးချိန်လွတ် (တစ်ပတ်ခြား) သင်တန်းချိန်များဖြစ်ပြီး သင်တန်းကာလ (၁၈) လ ကြာမြင့်ပါမည်။ သင်တန်းကြေးမှာ (၁၂၈) သိန်းခန့် ကျသင့်ပါမည်။

သင်ကြားရမည့် ဘာသာရပ်များ

1. Business Esseintials
2. The Human Side of Organizations
3. Marketing as Value Creation
4. Managerial Accounting
5. Financial Management
6. Creative Thinking for Innovation and Change
7. Strategic Management
8. Business Research and Analysis
9. Internationalization Strategies
10. Cross Cultural Management

* Independent Study + Three Hours Exam

Application Deadline 6.7.2018
ဇူလိုင်လ (၁၃) ရက်နေ့ တန်းခွဲသစ် စမည်။




ဝင်ခွင့်သတ်မှတ်ချက်များ
- တက္ကသိုလ်ဘွဲ့ရပြီးသူ
- လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၂)နှစ်ရှိသူ
- IELTS အမှတ် (၆.၀) ရရှိထားသူ

| Stamford MBA (၁၈) လပေးသွင်းရန် | |
|---|---|
| ကနဦးပေးသွင်းငွေ (Strategy First) | ၅၀၀,၀၀၀ ကျပ် |
| ကနဦးပေးသွင်းငွေ ၂၀% (AYA Bank) | ၂,၄၆၀,၀၀၀ ကျပ် |
| လစဉ်ပေးသွင်းငွေ | ၅၀၀,၂၅၀ ကျပ် |
| ဘဏ်အတိုးအပါ ကျသင့်ငွေပေါင်း | ၁၃,၄၀၄,၆၃၈ ကျပ် |

AYA Bank Your Trusted Partner
AYA Bank Education Loan နဲ့ သင်တန်းကြေးပေးသွင်းခြင်း

သင်တန်းကြေးကို (၅) ကြိမ်အထိ အရစ်ကျပေးသွင်းနိုင်ပြီး AYA Bank ၏ Student Loan ကို လျှောက်ထားခြင်းဖြင့်လည်း အရစ်ကျ ပေးသွင်းနိုင်ပါသည်။

ဒေါ်လာဈေး သုံးစံဖြင့် တွက်ချက်ပေးထားခြင်းဖြစ်ပါသည်။ ကျောင်းသား / ကျောင်းသူဟောင်းများအတွက် အထူး Discount ကိုရုံးနိုင်ပါသည်။ မှတ်ချက် - ဒေါ်လာပြောင်းလဲမှုပေါ်မူတည်ပြီး ဈေးနှုန်းပြောင်းလဲနိုင်ပါသည်။

Call Now : 09 450 1777 70

#Yangon Campus (1) - 8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon, Myanmar.
#Yangon Campus (2) - 239, Pyay Road (Near Myaynigone City Mart), San Chaung Township, Yangon, Myanmar.
#Yangon Campus (3) - 237, Corner of U Wizara Road and Dhamazedi Road, San Chaung Township, Yangon, Myanmar.
#Yangon Campus (4) - 575, Near Hladen Bridge appearance and Marlar Bus Stop, Pyay Road, Kamaryut Township, Yangon.
#Mandalay Campus - Block 4, Unit 8, Mingalar Mandalay, 73rd Road, Between Thazin and Ngu Shwe War Road, Mandalay.
#Monywa Campus - Kyaukka Road, Nanda Wunn Ward, Monywa

ဗဟန်း ရွှေဂုံတိုင်လမ်းပေါ်
Royal ကွန်ဒို ရွှေဂုံတိုင်
4 Master Bed Rms | 2 Car Parking | 2021 KEY အပ် | ဦးဆုံးဝယ်သူ 10 ဦးအား
သိန်း 1000 ကို 1 နှစ် 1% အတိုးနှုန်း



နေ့ရက်၊ 1,2,3 June - 2018 အချိန်၊ 9:00 AM - 6:00 PM
(၂၈၁)၊ ရွှေဂုံတိုင်လမ်းမပေါ်၊ ရွှေဂုံတိုင်ဟိုတယ် (၅) ကွက်ကျော်။
09 799 089 042
09 443 199 101

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်

မြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC

# MYANMAR EDUCATION CENTRE
# မြန်မာ့ပညာရေးအောင်မြေ

## ကိုယ်ပိုင်အထက်တန်းကျောင်း
## သူငယ်တန်းမှ ဒသမတန်း

- နိုင်ငံတော်မှ ချမှတ်ပေးထားသော သင်ရိုးညွှန်းတမ်းများအား တည်ထောင်သူ၊ ကျောင်းအုပ်ချုပ်မှု အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး၏ စီမံအုပ်ချုပ်မှုဖြင့် သက်ဆိုင်ရာဘာသာရပ်သင် ဆရာ၊ ဆရာမများမှ စဉ်ဆက်မပြတ် သင်ကြားခြင်း၊ လေ့ကျင့်ခြင်း၊ တတ်မြောက်မှုစစ်ဆေးခြင်းတို့ကို စည်းစနစ်ကျနစွာဖြင့် ကြပ်မတ်ဆောင်ရွက်မည် ဖြစ်ပါသည်။
- စေတနာနှင့် ဝါသနာတို့ကိုအရင်းခံပြီး အင်္ဂလိပ်စာ (4 skills)၊ ပန်းချီပညာ၊ မြန်မာ့ရိုးရာသိုင်းပညာတို့ကို ထပ်ဆောင်း၍ သင်ကြားပေးခြင်းများ ပါဝင်မည် ဖြစ်ပါသည်။
- ကျောင်းသား၊ ကျောင်းသူတို့၏ ပညာအရည် အသွေးကိုသာမက စိတ်ဓာတ်၊ စည်းကမ်း၊ စာရိတ္တမကျိုင် ကြံ့ခိုင်ကောင်းမွန်ရေး နည်းလမ်းကောင်းများကိုပါ အဓိကထား၍ လေ့ကျင့်ပျိုးထောင်ပေးသွားမည် ဖြစ်ပါသည်။
- တည်ထောင်သူ၊ အုပ်ချုပ်သူများကိုယ်တိုင် ပညာရေးတွင် Ph.D, M.Sc, B.Sc နိုင်ငံတကာ ဘွဲ့များရရှိကာ သင်ကြားမှု၊ အုပ်ချုပ်မှု အတွေ့အကြုံရှိ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ အင်အားများစွာဖြင့် ခိုင်မာစွာ ဖွဲ့စည်းတည်ထောင်ထားသော ကိုယ်ပိုင်အထက်တန်းကျောင်းကြီး ဖြစ်ပါသည်။

| မူလတန်း နှစ်စဉ်ကြေး ၄၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| သူငယ်တန်း (KG) | ၄၀၀၀၀ |
| ပထမတန်း | ၄၀၀၀၀ |
| ဒုတိယတန်း | ၄၀၀၀၀ |
| တတိယတန်း | ၄၀၀၀၀ |
| စတုတ္ထတန်း | ၄၅၀၀၀ |

| အလယ်တန်း နှစ်စဉ်ကြေး ၅၀၀၀၀ | |
|---|---|
| အတန်း | လစဉ်ကြေး (တစ်လ) |
| ပဉ္စမတန်း | ၄၅၀၀၀ |
| ဆဋ္ဌမတန်း | ၄၅၀၀၀ |
| သတ္တမတန်း | ၄၅၀၀၀ |
| အဋ္ဌမတန်း | ၅၀၀၀၀ |

| အထက်တန်း နှစ်စဉ်ကြေး ၆၀၀၀၀ | |
|---|---|
| နဝမတန်း | ၅၅၀၀၀ |
| ဒသမတန်း | ၆၅၀၀၀ |

**၂၀၁၈-၂၀၁၉ ပညာသင်နှစ်အတွက် ကျောင်းအပ်လက်ခံပြီ**

- သူငယ်တန်းမှ ဒသမတန်းအထိ ကျောင်းချိန် နံနက် ၈:၀၀ နာရီမှ နေ့လယ် ၁:၃၀ နာရီအထိ။
- အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်း များအတွက် Study Guide အချိန်များ ရှိပါသည်။

(Study Guide ယူသော အဋ္ဌမတန်း၊ နဝမတန်း၊ ဒသမတန်းများ ကျောင်းချိန် နံနက် ၈:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ)

*[လုံခြုံစိတ်ချရသော ကျောင်းကား (Ferry) များ ရှိပါသည်။ ရန်ကုန်မြို့အနှံ့ ကြို/ပို့ စီစဉ်ပေးပါသည်]*

**ကျောင်းတည်နေရာ**
**MEC-1** အမှတ် (၁၅၈)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
**MEC-2** အမှတ် (၅၉၊ ၆၀၊ ၆၁)၊ ပိတောက်လမ်း၊ ၂ (က) ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၅၁၀ ၂၁၃၃၊ ၀၉ ၅၀ ၅၅၂၀၃၊ ၀၉ ၄၄ ၅၀၅၅ ၂၀၃၊ ၀၉ ၇၉၈၁၃၆၁၈၈၇၊ ၀၉ ၉၆၃၇၃၅၄၅၁

ညှိနှိုင်းဈေးဖြင့်ရောင်းမည်
1500 sqft, 6 Floor (Lift)
Master (၁)ခန်း၊ ရိုးရိုး (၂)ခန်း (အဆင့်မြင့်ပြင်ဆင်ပြီး)
ရွှေတုံကွန်ဒို ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်
ဆက်သွယ်ရန် - 0943165990

## Moneda Fashion
- လူကြီးမင်းတို့၏ ဝန်ထမ်းများအတွက် တူညီဝတ်စုံ

| | |
|---|---|
| T Shirt | - ၁၂၀၀ကျပ် |
| Sport Shirt | - ၃၂၅၀ကျပ် |
| Shirt လက်တို | - ၅၅၀၀ကျပ် |
| Style Pants | - 4800ကျပ်မှစ၍ အရောင်၊ Design, စိတ်ကြိုက်၊ Orderလက်ခံဆောင်ရွက်ပေးပါသည်။ |

- ကုန်ပစ္စည်းရောင်းအားမြှင့်တင်သည့် Promotion Item(ဘောပင်၊ ဖန်ခွက်၊ ထီး၊ ဦးထုပ်၊ တဘက်)များကိုလည်း အနည်းဆုံး-၈၅၀ကျပ်မှစ၍ ဆေးရိုက်ပါအပြီး လက်ခံဆောင်ရွက်ပေးပါသည်။ အထည်(၁၀၀)နှင့်အထက် မှာယူသူများကို လိပ်စာအရောက် ပို့ပေးပြပေးပါသည်။

**အမှတ်(၇၉)၊ (၁၂၄)လမ်း၊ မင်္ဂလာတောင်ညွန့်(မင်္ဂလာဈေးအနီး) ရန်ကုန်မြို့။ ဖုန်း-၀၁-၉၀၀၀၂၆၀၊ ၀၁-၂၉၂၁၂၉၊ ၀၉-၂၅၀၃၈၈၅၉၄**

## ဂျူလိုင်
အဆင့်မြင့်ညှော်ရိုပ်မွန်
(၅)နှစ်ပြည့်အထူးအစီအစဉ် (20%)Discount
အခန်းတိုင်း ရေပူ/ရေအေး၊ TV စလောင်း၊ Air Con, WIFI FREE
အမှတ် [၃၉၀]၊ ကားကြီးဝင်းအတက်လမ်း၊ ပဒေသာမြို့သစ်၊ ရပ်ကွက်ကြီး[၁၀]၊ ပြင်ဦးလွင်မြို့။
09-43177563 , 09-33363510

## အမေ့အိမ်
အဆင့်မြင့်ညှော်ရိုပ်မွန်
အခန်းတိုင်း ရေပူ/ရေအေး၊ TV စလောင်း၊ Air Con, WIFI FREE
ရပ်ကွက်ကြီး(၄)၊ (၇)ကွက်၊ မန္တလေး-လားရှိုးလမ်း၊ ပြင်ဦးလွင်မြို့။
085-23018, 09-955569996, 09-955569997




## အရောင်း
## ကိုယ်စားလှယ်များ အလိုရှိပါသည်။

မလေးရှားနိုင်ငံတွင် Nissan ၏ လုပ်ပိုင်ခွင့်များကို နှစ်ပေါင်း ၆၁-နှစ်ကျော် ရရှိထားသည့် Tan Chong Motor Holdings Berhad ( TCMH ) သည် ယခုအခါ အင်ဒိုချိုင်းနား ဈေးကွက်အတွင်း ချဲ့ထွင်ပင်ရောက်လျက်ရှိပါသည်။ TCMH သည် လာအို၊ ကမ္ဘောဒီးယား၊ မြန်မာ နှင့် ဗီယက်နမ်နိုင်ငံများတွင်ရုံးခွဲများ ဖွင့်လှစ်ထားပြီး မော်တော်ယာဉ်ဈေးကွက်၏ လျှင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော အစိတ်အပိုင်းတစ်ခုအဖြစ် ရပ်တည်လျက်ရှိပါသည်။

မြန်မာနိုင်ငံမှာရှိတဲ့ Nissan ရဲ့ တစ်ဦးတည်းသော ဖြန့်ချီသူ Tan Chong Motor အနေနဲ့ ဆန်းသစ်သောထုတ်ကုန်နှင့် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုများအတွက် Nissan ရဲ့ ရှေးရိုးအစဉ်အလာနှင့် စိတ်အားထက်သန်မှုနှင့်အတူများစွာသော ထောက်ပံ့ကူညီမှု အစီအစဉ်တွေအများကြီး ရှိပါတယ်။ အခုချက်ခြင်း Tan Chong Motor နှင့် Nissan တို့၏ Dealer အနေနဲ့ လက်တွဲလိုက်ပါ။

ကျွန်တော်များ နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စီးပွားရေးဈေးကွက်ချဲ့ထွင် နိုင်မှုများကို စိတ်အားထက်သန်စွာအတူတကွ အားအင်စိုက်ထုတ်ပြီး အကောင်အထည်ဖော်ဆောင် လုပ်ဆောင်နိုင်ရန် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါသည်။

တိုးတက်အောင်မြင်လျက်ရှိသော စီးပွားရေးလုပ်ငန်းများ၏ ချဲ့ထွင်မှုအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ကျွန်ုပ်တို့နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် သင့်အားဖိတ်ခေါ် လိုက်ပါသည်။ အောက်ဖော်ပြပါဒေသများတွင် လုပ်ငန်းဆောင်ရွက်ရန်အတွက် ရောင်းအားမြင့်မားလှသော အရောင်းကိုယ်စားလှယ်များကို ကြိုဆိုလျက်ရှိပါသည်။...

- မော်လမြိုင်
- ပြည်
- ရန်ကုန်
- မကွေး
- တောင်ကြီး

အသေးစိတ်အချက်အလက်များ စုံစမ်းရန်နှင့် အရောင်းကိုယ်စားလှယ်လျှောက်ထားသည့်ပုံစံ ရယူလိုသူများ ကိုထင်ဇော် ဖုန်းနံပါတ် ၀၉-၄၂၀ ၁၅၆ ၁၆၅ (သို့) htin.zaw@tanchonggroup.com သို့ email ပို့၍ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

EDARAN TAN CHONG MOTOR (MYANMAR) CO., LTD.
/NissanMyanmar
nissan.com.mm

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းရှိ ပြန်လည်ဝင်ရောက်လာသူများအား သွားရောက်တွေ့ဆုံ

**စစ်တွေ မေ ၂၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့မှ ဘူးသီးတောင်မြို့သို့ အမြန်ရေယာဉ်ဖြင့် ရောက်ရှိပြီး ထိုမှတစ်ဆင့် မော်တော်ယာဉ်ဖြင့် မောင်တောမြို့နယ် လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိကာ တစ်ဖက်နိုင်ငံမှ မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသူများအား သွားရောက်တွေ့ဆုံခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ လက်ခံထားခြင်းဖြစ်ကြောင်း၊ ပြန်လည်နေရာချထားရေးအစီအစဉ်ကိုလည်း နှစ်နိုင်ငံသဘောတူညီချက်တွင် ပါရှိသည့်အတိုင်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခု ပြန်လည်ဝင်ရောက်လာသူများတွင် နေအိမ်များမူလနေရာတွင် ရှိပြီးဖြစ်သူများကို မိမိတို့ မူလနေထိုင်ရာရွာရှိ နေအိမ်များသို့ ပြန်လည်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း၊ နေအိမ်များ မီးလောင်ပျက်စီးခဲ့သူများအတွက် မူလနေရာ (သို့မဟုတ်) အနီးဆုံးတွင် ပြန်လည်ဆောက်လုပ်ပေးမည့် နေအိမ်များတွင် နေထိုင်ရမည်ဖြစ်ပြီး Cash for work အစီအစဉ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာကြသူများကို အစိုးရက စနစ်တကျ

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❖**



# ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်

နေပြည်တော် မေ ၂၉

**ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။** (အောက်ပုံ)

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳**




## သတင်းစာ ရှင်းလင်းပွဲ ကျင်းပမည်

**နေပြည်တော် မေ ၂၉**

နိုင်ငံခြားရေး ဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့၏ ဒုတိယ (၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို မေ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ်(၇) ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းစည်းဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

